

# မြန်မာနိုင်ငံရှိ မြို့ပြဘဝ သာယာချမ်းမြေ့မှုကို နားလည်သဘောပေါက်ခြင်း

## ၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်း

The Asia Foundation

အနှစ်ချုပ်အစီရင်ခံစာ

# ကျေးဇူးတင်လွှာ

ဤသုတေသနတွင် တစ်စိတ်တစ်ဒေသ ပါဝင်ကူညီပေးကြသူများအားလုံးနှင့် ဤအစီရင်ခံစာ ထုတ်ဝေနိုင်ရေးအတွက် ကူညီခဲ့ကြသူများအားလုံးကို စာရေးသူများမှ ကျေးဇူးတင်ပါသည်။ အထူးသဖြင့် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ မျိုးအောင်ထွေးနှင့် အာကာစိုးတို့အား မြို့ပြလူနေမှုဘဝစစ်တမ်း ဒီဇိုင်းဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းတို့တွင် ပါဝင်ကူညီခဲ့မှုများအတွက် ကျေးဇူးတင်လိုပါသည်။ ဤအစီရင်ခံစာအတွက် မေးခွန်းများ ပုံစံထုတ်ရာတွင်လည်းကောင်း၊ သဘောတရားရေးရာမူဘောင် ပုံဖော်ရာတွင်လည်းကောင်း ပါဝင်ကူညီပေးသည့် Renaissance Institute၊ International Growth Centre နှင့် အလင်းစေတမန် စာကြည့်တိုက်နှင့် အရင်းအမြစ်စင်တာတို့မှ လုပ်ဖော်ကိုင်ဖက်များကိုလည်း ကျေးဇူးတင်လိုပါသည်။

အာရှဖောင်ဒေးရှင်းမှ လုပ်ဖော်ကိုင်ဖက်များသည်လည်း မြို့ပြလူနေမှုဘဝစစ်တမ်း အကောင်အထည်ဖော်ကောက်ယူခြင်းတွင် များစွာပါဝင် ကူညီခဲ့ကြပါသည်။ ထို့အတွက်လည်း ၎င်းတို့၏ လမ်းညွှန်ပေးမှု၊ စိတ်ရှည်စွာ အားပေးကူညီမှုတို့အတွက် ကျေးဇူးတင်ရှိလိုပါသည်။ အထူးသဖြင့် Matthew Arnold၊ Pauline Tweedie၊ Mark Koenig၊ Nicola Nixon၊ David Ney၊ Richard Bathcheler နှင့် Kim McQuay တို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

အထောက်အထားအခြေပြု မူဝါဒချမှတ်ခြင်းဖြစ်စဉ်ကို ပံ့ပိုးပေးနိုင်ရန် လုပ်ဆောင်သည့် ယခုအစီအစဉ်တွင် ပါဝင်ကူညီကြီးကြပ်ပေးသော ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာနှင့် တောင်ကြီးမြို့တို့မှ အစိုးရအဖွဲ့များ ကိုလည်း ကျေးဇူးတင်လိုပါသည်။ ယခုအစီရင်ခံစာသည် မြို့တိုင်းအတွက် အရေးကြီးသည့် သိမြင်နားလည်မှုနှင့် တစ်မြို့နှင့်တစ်မြို့အကြား အပြန်အလှန် သင်ယူနိုင်မည့် အခွင့်အလမ်းများ ပေးစွမ်းနိုင်ရန် မျှော်လင့်ပါသည်။

နောက်ဆုံးအနေဖြင့် ၎င်းတို့၏ အိမ်တံခါးများဖွင့်၍ မြို့ ပြလူနေမှုဘဝ စစ်တမ်းတွင် ပါဝင်ပေးသော ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာနှင့် တောင်ကြီးမြို့နေ ပြည်သူများအား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

- စီမံကိန်းခန့်ခွဲမှု
  James Owen
  ယုဇင်ထွန်း
  William Ford
- ပါဝင်ရေးသားကြသူများ
  William Ford
  James Owen
  Sunil Pillai
- သုတေသန
  အာကာစိုး
  မျိုးအောင်ထွေး
  Sunil Pillai
  ယုဇင်ထွန်း
- ဂရပ်ဖစ်ဒီဇိုင်း
  Elzemiek Zinkstok
  ရဲထွတ်ဦး
- မြန်မာပြန်
  စောဆာဂေးဒို
  ယုဇင်ထွန်း
- ဓာတ်ပုံ
  James Owen

UKaid from the British people

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

Australian Government
Department of Foreign Affairs and Trade

# စကားဦး

မြို့ပြများသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုကို အဓိကမောင်းနှင်မည့် အင်ဂျင်များ ဖြစ်လာဖွယ်ရှိပါသည်။ မြို့များတွင် စီးပွားရေး အခွင့်အလမ်းသစ်များ ရှိခြင်းကြောင့် ကျေးလက်ဒေသမှလူများ မြို့ပြသို့ ပြောင်းရွှေ့အခြေချခြင်းသည်လည်း လျင်မြန်စွာ ဖြစ်ပေါ်လာနေသည်။ ထိုကဲ့သို့ မြို့ပြဖြစ်ထွန်းမှုက ဆင်းရဲမွဲတေခြင်းကို လျှော့ချနိုင်မည့် အခွင့်အလမ်းဖြစ်ပြီး၊ တစ်ဖက်တွင်လည်း ၎င်းနှင့်အတူ အခက်အခဲစိန်ခေါ်မှုများစွာကို ယူဆောင်လာပါသည်။ မြို့များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့အုပ်ချုပ်သူအစိုးရများသည်လည်း ယာဉ်ကြောပိတ်ဆို့ကြပ်တည်းခြင်းပြဿနာ၊ ပိုမိုလိုအပ်လာသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ညစ်ညမ်းမှုတိုးလာခြင်း၊ စီးပွားရေးအခွင့်အလမ်းများကို လူများစုလမ်းလှမ်းမီနိုင်စေရန် လုပ်ဆောင်ပေးရခြင်း စသည့် စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းရသလို မြို့တွင်လူမှုသဟဇာတဖြစ်စေရန်နှင့် လုံခြုံမှုရှိစေရန်လည်း ထိန်းသိမ်းလုပ်ဆောင်ရပါသည်။ ကွဲပြားစုံလင်သော မြို့ပြလူဦးရေကို လိုအပ်ချက်များနှင့်အညီ တုံ့ပြန်မှုပေးရသည်မှာလည်း ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လွယ်ကူသည့် လုပ်ငန်းတစ်ခုတော့ မဟုတ်ပေ။ ယုံကြည်စိတ်ချရသော အချက်အလက်နည်းပါးသည့် မြန်မာနိုင်ငံအတွက်တော့ အထူးသဖြင့် ခက်ခဲနိုင်သည်။ ဆုံးဖြတ်ချက်ကောင်း တစ်ခုချမှတ်နိုင်ရန် ကောင်းမွန်မှန်ကန်သော သတင်းအချက်အလက်များ လိုအပ်ပါသည်။ မြို့ပြလူနေမှုဘဝ စစ်တမ်း၏ ရည်ရွယ်ချက်ကလည်း မြန်မာမြို့ပြအုပ်ချုပ်သူ ခေါင်းဆောင်များ ၎င်းတို့၏မြို့များကို ပိုမို၍ နေပျော်ပြီး အလုပ်လုပ်လို့ကောင်းသော နေရာများဖြစ်အောင် လုပ်ဆောင်ရာတွင် ချမှတ်ရမည့် ခက်ခဲသော ဆုံးဖြတ်ချက်များအတွက် မြို့သူမြို့သားတို့၏ အတွေ့အကြုံနှင့် သဘောထားအမြင်အကြောင်း မှန်ကန်စိတ်ချရသည့် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်ပင် ဖြစ်ပါသည်။

ပိုမို၍ နေပျော်ပြီး အလုပ်လုပ်ရန် ကောင်းမွန်သော မြို့များဖြစ်ရန် မည်သည့်အချက်များ လိုအပ်သနည်း။ အစဉ်အလာအားဖြင့် အစိုးရများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများကိုသာ ကိုးကားခဲ့ကြသည်။ သို့သော်လည်း ထိုညွှန်းကိန်းများက လူတို့အတွက် တကယ့်အရေးကြီးသောအရာကို ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်ခြင်းမရှိဟု ကမ္ဘာအနှံ့ သတိထား အသိအမှတ်ပြုမှုများ ရှိလာသည်။ ထို့ကြောင့် အစိုးရများသည် ဘဝသာယာချမ်းမြေ့မှုနှင့် စပ်လျဉ်းသည့် အစိတ်အပိုင်းများကို နားလည်ရန်နှင့် တိုင်းတာနိုင်ရန် အားထုတ်လာကြသည်။ မြို့ပြလူနေမှုဘဝ စစ်တမ်းသည် မြို့ပြဘဝ သာယာချမ်းမြေ့မှုနှင့် စပ်ဆိုင်သည် နောက်ဆုံးသုတေသနများနှင့် မူဝါဒရေးရာတွေးခေါ်မှုများကို မြန်မာနိုင်ငံရှိ မြို့များအတွက် အသုံးချရန် ကြိုးစားထားသည့် စီမံကိန်းတစ်ခု ဖြစ်ပါသည်။ မြို့အနှံ့ရှိ ဘဝသာယာ ချမ်းမြေ့မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်သုံးသပ်ခြင်းအားဖြင့် ယခုစီမံကိန်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအပြောင်းအလဲများ ကြီးစွာဖြစ်ပေါ်နေသော အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း ဖြစ်ပေါ်ပြောင်းလဲခြင်းများကို နှိုင်းယှဉ်ဖော်ပြနိုင်မည် ဖြစ်သည်။

အာရှဖောင်ဒေးရှင်း၏ အာရှတိုက်အတွင်း သဘောထားခံယူချက်စစ်တမ်း ၃၀၀ ကျော် လုပ်ဆောင်ခဲ့မှုနှင့် ၂၀၁၇ မြို့ ပြလူနေမှုဘဝ စစ်တမ်းကနဦး စမ်းသပ်ကောက်ခံမှု အတွေ့အကြုံများ၊ မြန်မာနိုင်ငံအနှံ့ရှိ စည်ပင်သာယာရေး အရာရှိများနှင့် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်နေမှု အတွေ့အကြုံ များဖြင့် ယခု ၂၀၁၈ မြို့ ပြလူနေမှုဘဝ စစ်တမ်းကို လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၁၈ စစ်တမ်းတွင် မေးခွန်းများကို ပြန်လည်မွမ်းမံထားသလို မြို့အရေအတွက်ကိုလည်း တိုးချဲ့ ကောက်ခံထားပါသည်။ ယခု အနှစ်ချုပ်အစီရင်ခံစာသည် မြို့ပြလူနေမှုဘဝ သာယာချမ်းမြေ့မှု၏ အဓိက အစိတ်အပိုင်းများကို ဆုပ်ကိုင်နိုင်မည့် သဘောတရား ရေးရာမူဘောင်တစ်ခု ဖန်တီးခဲ့ပြီး ၎င်းကို မူဝါဒချမှတ်ခြင်းဖြစ်စဉ်နှင့် ချိတ်ဆက်ထားပါသည်။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသော အချက်အလက်များမှာ စစ်တမ်း၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါသည်။ မြို့ နယ်အဆင့် ရှင်းလင်းတင်ပြမှုများနှင့် အချို့မူဝါဒရေးရာ ခေါင်းစဉ်များနှင့် အချို့သောအသိုင်းအဝန်းများ (ဥပမာ - မသန်စွမ်းသူများ) ၏ အတွေ့အကြုံများအပေါ် ထဲထဲဝင်ဝင် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ရလဒ်အပြည့်အစုံကို အများပြည်သူ လက်လှမ်းမီသည့် စစ်တမ်းအချက်အလက် web portal တစ်ခုအဖြစ် တည်ဆောက်ပေးသွားမည် ဖြစ်သည်။ ယခုအချိန်ကဲ့သို့ အရေးပါသော ဒီမိုကရေစီ အကူးအပြောင်း ကာလအတွင်း မြန်မာနိုင်ငံရှိမြို့များသည် ၎င်းတို့ မြို့ပြအသိုင်းအဝန်းကို တိုးတက်ကောင်းမွန်စေလိုသည့် မြို့နေထိုင်သူများရှိခြင်းက ယခုမြို့ပြလူနေမှုဘဝစစ်တမ်း၏ အဓိကတွေ့ရှိချက်တစ်ခုလည်း ဖြစ်သည်။ မြို့များ ဖွံ့ဖြိုးတိုးတက်ရန် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းလုပ်ဆောင်မည့် အစီအစဉ်များအတွက် ယခုစစ်တမ်းပါ အချက်အလက်များက အထောက်အပံ့ဖြစ်မည်ဟု မျှော်လင့်မိပါသည်။

မြို့ပြလူနေမှုဘဝ စစ်တမ်းကို ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်းနှင့် အတူတွဲဖက်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းတို့ကိုလည်း မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့များ၌ ယခုစစ်တမ်း လုပ်ဆောင်နိုင်ရန် ဒီဇိုင်းပုံဖော်ခြင်း၊ ဆန်းစစ်သုံးသပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း ဖြစ်စဉ်များတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်လုပ်ဆောင်ခဲ့မှုအတွက် ကျေးဇူးတင်လိုပါသည်။ ယခုမြို့ပြလူနေမှုဘဝစစ်တမ်းနှင့် အနှစ်ချုပ် အစီရင်ခံစာကို ယူကေ နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန၊ ဩစတေးလျကုန်သွယ်မှုနှင့် နိုင်ငံခြားရေးရာဌာနနှင့် ဆွစ်ဇာလန်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့မှ ပံ့ပိုးကူညီပေးခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော သဘောထားအမြင်များမှာ စာတမ်းပြုစုသူများ၏ သဘောထားအမြင်များ ဖြစ်ပြီး အာရှဖောင်ဒေးရှင်းနှင့် ပံ့ပိုးသူအလှူရှင်များ၏ သဘောထားအမြင်ကို ထင်ဟပ်စေလိမ့်မည် မဟုတ်ပါ။

**Matthew Arnold, Ph.D.**
ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း




**သဘောတရားရေးရာမူဘောင်**

အပိုင်း ၂ မှ ၇ ထိ

# မာတိကာ


စကားဦး ၀၃
အနှစ်ချုပ် ၀၆

၁ အပိုင်း ၁ ၁၂
မိတ်ဆက်

၂ အပိုင်း ၂ ၂၀
သဘောတရားရေးရာ မူဘောင်- မြို့ပြဘ၀ သာယာချမ်းမြေ့မှုကို တိုင်းတာခြင်း

၃ အပိုင်း ၃
ကိုယ်ပိုင်ဘ၀ သာယာချမ်းမြေ့မှုဆိုင်ရာ တွေ့ရှိချက်များ ၂၈

၄ စီးပွားရေးပြေလည်မှုဆိုင်ရာ တွေ့ရှိချက်များ ၃၂

၅ လူမှုဆက်ဆံရေး အဆင်ပြေမှုဆိုင်ရာ တွေ့ရှိချက်များ ၄၀

၆ ရပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှု တွေ့ရှိချက်များ ၄၆

၇ မြို့ပြအုပ်ချုပ်စီမံရေးဆိုင်ရာ တွေ့ရှိချက်များ ၅၂

နောက်ဆက်တွဲ
နောက်ဆက်တွဲ ၁။ သုတေသနနည်းလမ်း အသေးစိတ် ၆၅
နောက်ဆက်တွဲ ၂။ စစ်တမ်းဖြေဆိုသူများ၏ အချက်အလက် ၇၀
နောက်ဆက်တွဲ ၃။ ၂၀၁၈ မြို့ပြလူနေမှုဘ၀စစ်တမ်း မေးခွန်းလွှာ ၇၄

ရည်ညွှန်းကိုးကားချက်များ ၉၃



# အနှစ်ချုပ်

မြို့ပြလူနေမှုဘဝ စစ်တမ်းကဲ့သို့ စစ်တမ်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်သည်။ ၎င်းသည် မြန်မာ့မြို့များကို တိုးတက်ကောင်းမွန်စေလိုသည့် မူဝါဒချမှတ်သူများနှင့် အခြားသော စိတ်ဝင်စားသူများအတွက် မြန်မာ့မြို့ပြနေထိုင်သူများ၏ လူမှုဘဝသာယာချမ်းမြေ့မှု အတွေ့အကြုံဆိုင်ရာ ယုံကြည်စိတ်ချရသော အချက်အလက်များကို ထောက်ပံ့ပေးနိုင်မည်။ ထို့ပြင် မြို့ပေါင်းများစွာ ပါဝင်ပြီး နှစ်ရှည်ကောက်ခံမည့် လူထု သဘောထားအမြင် စစ်တမ်းတစ်စောင်လည်းဖြစ်သည်။ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းသည် ၂၀၁၈ စက်တင်ဘာမှ အောက်တိုဘာအထိ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်နှင့် မုံရွာမြို့တို့ရှိ ဖြေဆိုသူ ၂၄၀၀ ကို မေးခွန်းပေါင်း ၁၃၅ ခု မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၈ မြို့ပြလူနေမှုဘဝ စစ်တမ်းတွင် မြို့ငါးမြို့လုံးကို စစ်တမ်းကောက်ခြင်းမှ ရရှိလာသော တူညီသည့်အချက်များကိုသာ ဖော်ပြထားခြင်းဖြစ်သည်။

၁။ **မြို့နေထိုင်သူများက ၎င်းတို့မြို့များသည် အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှုအပိုင်း၌ လမ်းကြောင်းမှန်တွင် ရှိနေသည်ဟု ထင်မြင်သော်လည်း ဘေးကင်းမှုနှင့် လုံခြုံမှုနှင့်ပတ်သက်၍ စိုးရိမ်မှုရှိကြသည်။** မြို့ ငါးမြို့တွင် ဖြေဆိုသူများသည် ၎င်းတို့မြို့သည် လမ်းကြောင်းမှန်ပေါ်တွင် လားရာရှိနေသည်ဟု ပိုမိုဖြေဆိုနိုင်ဖွယ်ရှိသည်။ လျှပ်စစ်မီးရရှိမှုနှင့် လမ်းများအခြေအနေကောင်းမွန်လာခြင်းကြောင့် ၎င်းတို့မြို့သည် လမ်းကြောင်းမှန်တွင် ရှိနေသည်ဟု မြို့နေထိုင်သူများက ထင်မြင်ကြသည်။ မြို့နေထိုင်သူများ စိုးရိမ်၍ ၎င်းတို့မြို့သည် လမ်းကြောင်းမှန်တွင် မရှိဟု ထင်မြင်သည့်အချက်မှာ ဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍ ဖြစ်သည်။

၂။ **ဖြေဆိုသူများသည် လူမှုရေးအရ ချိတ်ဆက်နှောင်ဖွဲ့သော အသိုင်းအဝန်းများတွင်နေထိုင်ပြီး အားကောင်းသော လူမှုဆက်ဆံရေးများ ရှိကြသည်။** ဖြေဆိုသူများသည် ၎င်းတို့၏ အိမ်ပတ်ဝန်းကျင်မှ ၎င်းတို့ကို ကြိုဆိုလက်ခံသည်ဟု ခံစားကြရပြီး ၎င်းတို့၏ လူမှု ဆက်ဆံမှု အပေါ် ကျေနပ်သည့် အဆင့်မှာလည်း မြင့်မားသည်။ တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုအဆင့် မြင့်မားပြီး၊ အလှူဒါနပြုခြင်းနှင့် စေတနာ ဝန်ထမ်းခြင်း အပါအဝင် လူမှုဝန်းကျင်တွင် ချိတ်ဆက်ပါဝင်ခြင်းမှာလည်း ကမ္ဘာပေါ်ရှိ အမြင့်မားဆုံးများထဲတွင် ပါဝင်သည်။

၃။ **လူအများစုက ၎င်းတို့ဘဝကို သက်ရောက်မှုရှိသည့် အစိုးရ၏ ဆုံးဖြတ်ချက်များအပေါ် ၎င်းတို့သည် လွှမ်းမိုးနိုင်မှုနည်းပါးသည်ဟု ခံစားရသည်။** လူများစုက ၎င်းတို့၏ နိုင်ငံရေးအမြင်ကို အများပြည်သူရှေ့တွင် ထုတ်ဖော်ပြောဆိုရန် အတွက် လုံခြုံမှုမရှိဟု ခံစားရသည်၊ ဖြေဆိုသူ ၂၈% ကသာ ၎င်းတို့၏ ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားလှယ်သည် ၎င်းတို့၏ လိုအပ်ချက်ကို တုံ့ပြန်ပေးသည်ဟု ဖြေသည်။ ဖြေဆိုသူ ၇၀% နီးပါးက ၎င်းတို့သည် မြို့တော် စည်ပင်သာယာရေး ဌာန၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်ခြင်းမရှိဟု ဖြေကြသည်။

၄။ **စီးပွားရေးအရ မသေချာ မရေရာမှုသည် (ဝင်ငွေအုပ်စုအလိုက် အမြင်ကွာခြားသော်လည်း) ပြန့်နှံ့လျက်ရှိသည်။** ဖြေဆိုသူ ၄၀% အောက်သာ ၎င်းတို့၏ ငွေကြေးအခြေအနေသည် နောင်လာမည့် ငါးနှစ်အတွင်း တိုးတက်နိုင်ခြေရှိသည်ဟု ဖြေဆိုပြီး၊ အရေးပေါ် ကျန်းမာရေးစရိတ် ငွေကျပ် ၂ သိန်း ပေးချေရန် ရှိလာပါက ပေးချေရန်မတတ်နိုင်ဟု ဖြေဆိုသူမှာ သုံးပုံတစ်ပုံကျော်ရှိသည်။ ဖြေဆိုသူ သုံးပုံနှစ်ပုံက ဆင်းရဲချမ်းသာ ကွာဟမှုသည် ပြဿနာဖြစ်သည်ဟု ထင်မြင်ကြောင်း ဖြေဆိုသော်လည်း၊ အများစုက အလုပ်ကြိုးစား လုပ်ကိုင်ပါက တိုးတက်အောင်မြင်နိုင်သည်ဟု အကောင်းမြင်စိတ် ရှိကြသည်။

၅။ **မိမိဘဝ သာယာချမ်းမြေ့ခြင်း ရှိသည်ဟု ထင်မြင်မှု မြင့်မားသည်။** လူအများစု၏ ဘဝအပေါ် ကျေနပ်မှု၊ ပျော်ရွှင်မှုနှင့် ကျန်းမာရေးအဆင့် မြင့်မားပြီး၊ မိမိဘဝအပေါ် အဓိပ္ပာယ်ရှိသည်ဟု အများစုက ခံစားရသည်။ အပြည့်အစုံ ပျော်ရွှင်သည်ဟု ဖြေဆိုသူ ၂၇% ရှိသည် (အမှတ် ၁၀ တွင် ၁၀)။

၂၀၁၈ မြို့ ပြလူနေမှုဘဝစစ်တမ်း၏ အဓိက တွေ့ရှိချက်နှစ်ခုမှာ လူတစ်ဦး၏ နေထိုင်ရာနေရာနှင့် မည်သူမည်ဝါဖြစ်မှုသည် ၎င်း၏ အတွေ့အကြုံ နှင့် သာယာချမ်းမြေ့မှုအပေါ် သက်ရောက်မှုရှိသည်ဟုဆိုသော အချက်ပင် ဖြစ်သည်။ မြို့ငါးမြို့တွင် ကောက်ယူခဲ့သော ယခုစစ်တမ်း၌ ဆင်းရဲသူ နှင့် ချမ်းသာသူ၊ ငယ်ရွယ်သူနှင့် အသက်ကြီးသူ၊ အမျိုးသမီးနှင့် အမျိုးသား၊ ဗုဒ္ဓဘာသာဝင်နှင့် ဗုဒ္ဓဘာသာ မဟုတ်သူတို့အပြင် အခြားသော ပင်ကိုယ်လက္ခဏာများအကြား သာယာချမ်းမြေ့မှုဆိုင်ရာ ကွဲပြားခြားနားမှုများစွာကို ဖော်ပြထားပါသည်။

## ၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်းပါ မြို့များ



ရန်ကုန်



မန္တလေး



မော်လမြိုင်



မုံရွာ



တောင်ကြီး

# သင်နေထိုင်သည့်နေရာသည် အရေးကြီးသည်

သင်နေထိုင်ရာ အရပ်ဒေသသည် သင်၏အတွေ့အကြုံနှင့် သာယာချမ်းမြေ့မှုအပေါ် သက်ရောက်မှုကြီးစွာရှိပါသည်။ မြို့များအကြား ကွာခြားမှုတစ်ချို့မှာ လူမှုပထဝီ သို့မဟုတ် ပတ်ဝန်းကျင်အကြောင်းတရားကြောင့် ဖြစ်သော်လည်း အခြားကွာခြားမှုတို့မှာ မူဝါဒမတူညီမှုကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် တစ်မြို့ထံမှ တစ်မြို့ သင်ယူနိုင်မည့် အခွင့်အလမ်းများလည်း ထွက်ပေါ်လာပါသည်။ ၎င်းတို့မှာ-

## ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှု



**တောင်ကြီးတွင် ပျော်ရွှင်မှုနှင့် ဘဝအပေါ် ကျေနပ်မှု အဆင့်အမြင့်ဆုံး** တွေ့ရသလို ဘဝ အဓိပ္ပာယ်ရှိမှုအဆင့်လည်း အမြင့်ဆုံးဖြစ်သည်။



**မုံရွာမြို့**ရှိ ဖြေဆိုသူများသည် ကျန်းမာရေး အကောင်းဆုံးနှင့် **စိတ်ပူပင်မှုအနည်းဆုံး** ဖြစ်သည်။

## စီးပွားရေးပြေလည်မှု



**မြို့များအကြား နေထိုင်မှုစရိတ် ကွာခြားချက်များရှိပြီး** တောင်ကြီးတွင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု စရိတ်သည် သက်သာလွယ်ကူပြီး **မော်လမြိုင်တွင် ခက်ခဲမှုရှိသည်**ကို တွေ့ရသည်။



**မုံရွာတွင် စီးပွားရေး အကောင်းမြင်မှု အမြင့်ဆုံး** ရှိပြီး ဖြေဆိုသူ ၅၁% က ၎င်းတို့၏ ငွေကြေး အခြေအနေသည် လာမည့် ငါးနှစ်အတွင်း တိုးတက်လာမည်ဟု ဖြေဆိုသည်။ ရန်ကုန်တွင် ထိုကဲ့သို့ ဖြေဆိုသူမှာ ၃၄% သာရှိသည်။

## လူမှုဆက်ဆံရေး အဆင်ပြေမှု



**လူမှုယုံကြည်မှုသည် မြို့အားလုံးတွင် မြင့်မား**သည်ကို တွေ့ရသည်။ လူမျိုးနှင့် ဘာသာရေး ကွဲပြားစုံလင်မှုရှိသော မြို့များတွင် မတူညီသော ဘာသာနှင့် လူမျိုးများအကြား လူမှုယုံကြည်မှု မြင့်မားသည်ကို တွေ့ရသည်။



**မန္တလေးနှင့် မော်လမြိုင်**မြို့သားတို့သည် ၎င်းတို့မြို့၏ **မြို့သားဖြစ်မှုအား အရေးကြီးဆုံး ကိုယ်ပိုင်လက္ခဏာ နစ်ခုတွင် ထည့်သွင်း** ထားသည်။

## ရပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှု



**မော်လမြိုင်**တွင် ဖြေဆိုသူ ၁၇% က **လွန်ခဲ့သည့် တစ်လအတွင်း ထမင်းဟင်း လျော့စားခြင်း (သို့) ထမင်းအနပ် ကျော်ခြင်း ရှိခဲ့**သည်ဟု ဖြေဆိုပြီး **တောင်ကြီး**တွင် ထိုသို့ ဖြေဆိုသူ ၂% သာ ရှိသည်။



တောင်ကြီးရှိ ဖြေဆိုသူ ၇၀% နီးပါးက ညမှောင်ပြီးနောက် ၎င်းတို့၏ အိမ်၊ရပ်ကွက် ဝန်းကျင် အနီးတစ်ဝိုက် လမ်းလျှောက်သောအခါ ဘေးကင်းလုံခြုံမှု ခံစားရသည်ဟု ဖြေပြီး ရန်ကုန်တွင် ထိုသို့ ဖြေဆိုသူမှာ ၄၈% သာ ရှိသည်။

## မြို့ပြအုပ်ချုပ်စီမံရေး



**မုံရွာ**တွင် ဖြေဆိုသူ ၆၆% က **၎င်းတို့မြို့သည် အကောင်းဘက်သို့ ဦးတည်**နေသည်ဟု ပြောသည်။ **မန္တလေး**တွင် ၃၀% ကသာ ထိုကဲ့သို့ ပြောသော်လည်း **မြို့အစိုးရသည် ပြည်သူ့လိုအပ်ချက်ကို တုံ့ပြန်ဖြည့်ဆည်းမှု ရှိသည်**ဟု ဖြေနိုင်ခြေ အများဆုံး ဖြစ်သည်။



**မုံရွာ**ရှိ ဖြေဆိုသူ ၇၀% က ၎င်းတို့သည် **အစိုးရနှင့် ပတ်သက်သည့် အမြင်များကို အများပြည်သူရှေ့တွင် ထုတ်ဖော်ပြောဆိုရာ၌ လုံခြုံမှု ရှိသည်ဟု ခံစားရပြီး၊ မော်လမြိုင်**တွင် ထိုသို့ ခံစားရသူမှာ ၃၂% သာရှိသည်။

# သင်မည်သူမည်ဝါဖြစ်မှုသည် အရေးကြီးသည်

မြို့ပြနေထိုင်သူများသည် အမျိုးမျိုးသော လူမှုပထဝီလက္ခဏာများ ရှိကြပြီး ၎င်းတို့၏ နေ့စဉ်အတွေ့အကြုံများကို ၎င်းပင်ကိုယ် လက္ခဏာများက လွှမ်းမိုးမှု ရှိပါသည်။ ၂၀၁၈ မြို့ပြလူနေမှု ဘဝစစ်တမ်းတွင် လူဦးရေအုပ်စု အမျိုးမျိုးအကြား တူညီချက်နှင့် ကွဲပြားချက်တို့ကို တွေ့ရှိနိုင်ပါသည်။ ၎င်းတို့မှာ

## ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှု

**ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုသည် ဝင်ငွေနှင့် ပညာရေးတို့ဖြင့် ချိတ်ဆက်မှု ရှိနေသည်။** ဝင်ငွေမြင့်မားသော ဖြေဆိုသူများနှင့် ပညာရေး အမြင့်မားဆုံး ဖြေဆိုသူများသည် တိုင်းတာမှု အားလုံး၌ သာယာချမ်းမြေ့မှု အဆင့်အမြင့်ဆုံးကို ပိုင်ဆိုင်ကြသည်။

**အမျိုးသားများသည် ကျန်းမာရေး ပိုကောင်းပြီး** စိတ်ပူပင်မှု ပိုနည်းပါးသည်။ **အမျိုးသမီးများတွင် ဘဝအပေါ် ကျေနပ်မှုမြင့်မားခြင်း**နှင့် ၎င်းတို့ဘဝ အသက်ရှင်ရခြင်းအပေါ် တန်ဖိုးရှိသည်ဟု ဖြေဆိုမှုပိုမို၍တွေ့ရသည်။

## စီးပွားရေးပြေလည်မှု

**ဆင်းရဲသောသူများတွင် ဝန်ထုတ်ဖြစ်နိုင်သည့် အကြွေးများ ရှိနိုင်ခြေများသည်။** အချမ်းသာဆုံးသော သူများ၏ ၁% ကသာ ၎င်းတို့၏ တစ်လစာ ထက်ပိုသော ချေးငွေကို ရယူခဲ့သည်ဟု ဖြေပြီး ဝင်ငွေအနိမ့်ဆုံး သူများ၏ ၅၆% က ၎င်းတို့၏ တစ်လစာ ထက်ပိုသော ချေးငွေကို ရယူခဲ့သည်ဟု ဖြေဆိုခဲ့ကြသည်။[က]

**အသက် ၁၈ - ၃၀ အတွင်း ဖြေဆိုသူများ၏** ၉၁% က **စမတ်ဖုံး** ပိုင်ဆိုင်ကြပြီး အသက် ၅၀ အထက် ဖြေဆိုသူများ၏ ၆၃% သာ စမတ်ဖုံး ပိုင်ဆိုင်ကြသည်။

## လူမှုဆက်ဆံရေး အဆင်ပြေမှု

အခြားသော ဘာသာဝင် များကို ယုံကြည်လို့ ရသည် ဆိုသော အချက်ကို ဘွဲ့ရရှိသူ သို့မဟုတ် ထို့ထက် ပညာရေး မြင့်မားသူများ က ကျောင်းပညာရေး မရှိသူများ ထက် သဘောတူနိုင်ခြေ သုံးဆ ပိုများသည်။[ခ]

ရဲဝန်ထမ်းထံမှ အကူအညီ တောင်းရာတွင် **ခွဲခြားဆက်ဆံ** ခံရသည်ဟု **ဗုဒ္ဓဘာသာ မဟုတ်သူ** သုံးပုံတစ်ပုံနီးပါးက ပြောသည်။ **ကျား၊မ အခြေပြု ခွဲခြားခြင်းခံရသည်ဟု ပြောသည့် ရာခိုင်နှုန်းတွင် အမျိုးသမီးများက အမျိုးသားများထက် အနည်းငယ်များပြီး** အထူးသဖြင့် ဆေးရုံသို့ သွားသည့် အခါမျိုးတွင် ဖြစ်သည်။

## ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှု

**မြို့အားလုံးတွင် အမျိုးသမီးများသည် နေ့တိုင်း လေ့ကျင့်ခန်းလုပ်သည်ဟု ပြောနိုင်ခြေ နည်းသည်။** မန္တလေးတွင် အမျိုးသားများသည် လေ့ကျင့်ခန်း လုပ်သည်ဟု ပြောနိုင်ခြေ ၃၁% ပိုများသည်။

**ကျန်းမာရေး စောင့်ရှောက်မှုကို ရယူနိုင်ရန် ခက်ခဲသည်ဟု ဆင်းရဲသူများက ဖြေဆိုနိုင်ခြေ** ၃၆% ပိုများသည်။ ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီရန်နှင့်ရယူရန် ခက်ခဲသည်ဟု မိမိကိုယ်ကို မသန်စွမ်းအဖြစ် ခံယူသူများက မသန်စွမ်းအဖြစ် ခံယူထားခြင်း မရှိသူများထက် ဖြေဆိုနိုင်ခြေ ပိုများခြင်း မရှိပါ။

## မြို့ပြအုပ်ချုပ်စီမံရေး

**လမ်းအခြေအနေနှင့် လျှပ်စစ်မီးရရှိမှု ပိုမို ကောင်းမွန်လာခြင်းကြောင့်** ၎င်းတို့မြို့သည် **အကောင်းဘက်သို့ ဦးတည်နေသည်ဟု** ဖြေဆိုသူများက **အများအားဖြင့် ယုံကြည်**ကြသည်။ ကျောင်းပညာ မရှိသူများနှင့် အနည်းဆုံး ဘွဲ့ရထားသူများအကြား များစွာကွဲပြားသော ဖြေဆိုမှုများရှိသည်။

၎င်းတို့မြို့တွင် **အကျင့်ပျက် ခြစားခြင်းမှာ ပုံမှန်ဖြစ်စဉ်ဟု ဝင်ငွေမြင့်မားသော** သူများက ပြောမှုမှာ ၂၀% ပိုများသည်။

က။ အချမ်းသာဆုံးသော ဖြေဆိုသူများမှာ ကျပ် ၅၅၀၀၀၀ အထက် ဝင်ငွေရရှိသူများ ဖြစ်သည်။ အဆင်းရဲဆုံး ဖြေဆိုသူများမှာ ကျပ် ၁၅၀၀၀၀ အောက် ဝင်ငွေရရှိသူများ ဖြစ်သည်။

ခ။ အမြင့်ဆုံးပညာတတ်မြောက်သူများမှာ ဘွဲ့လွန်ပြီးမြောက်သူများဖြစ်သည်။ အနိမ့်ဆုံးပညာတတ်မြောက်သူများမှာ အတန်းပညာမရှိသူများ ဖြစ်သည်။

# ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းများ အခြားသော မြို့များမှ သင်ယူခြင်း

မြို့ပြများကို စီမံခန့်ခွဲရသည်မှာ လွယ်ကူလှသည်မဟုတ်ပါ။ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများမှာ ရှုပ်ထွေးသလို အမျိုးအမည်လည်း များပြားသည်။ အရင်းအမြစ် ရရှိနိုင်မှု၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ နိုင်ငံရေးအရကျပ်တည်းမှု နှင့် လူထုကို ဘုံပန်းတိုင်ရှိစေပြီး အတူတကွ တွဲဖက်လုပ်ကိုင် နိုင်စေရန် ခက်ခဲမှု စသည်တို့က မြို့အုပ်ချုပ်သူ အစိုးရများအနေဖြင့် ပြဿနာများကို ဖြေရှင်းရန် အတားအဆီးများ ဖြစ်နေသည်။ အားလုံးကို ဖြေရှင်းနိုင်သည့် ရိုးရှင်းသော ဖြေရှင်းခြင်း နည်းလမ်းမှာလည်း မရှိသည့်အတွက် ကမ္ဘာအနှံ့ မြို့ပြများသည် ၎င်းတို့၏ အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန် ချဉ်းကပ်မှုနည်းလမ်းစုံကို အသုံးချကြရသည်။ တချို့ မြို့ပြများက အောင်မြင်မှု ပိုမိုရရှိသည်လည်း ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။၂၀၁၈ မြို့ပြလူနေမှု ဘဝစစ်တမ်းအရ မြို့တိုင်းသည် နယ်ပယ်အချို့တွင် အောင်မြင်မှုများ ရရှိနေကြပြီး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် နယ်ပယ်လည်း ကျန်ရှိနေသေးသည်။ ၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်းတွင် မြို့တိုင်းအတွက် ၎င်းတို့၏ တိုးတက်ကောင်းမွန်နေသော နယ်ပယ်နှင့် အခြားသော မြို့များကို ပေးစရာသင်ခန်းစာတစ်ခုစီကို ဖော်ပြထားပါသည်။ မည်သည့် မူဝါဒပြုပြင်ပြောင်းလဲခြင်းက တန်ဖိုးရှိသည်ကို အခြားသော မြို့များထံမှ လေ့လာသင်ယူနိုင်ပါသည်။ ထိုနည်းတူမည်ကဲ့သို့ အကောင်းဆုံး အကောင်အထည်ဖော်ရမည်မှာလည်း အရေးကြီးပါသည်။



## မုံရွာ

**၃%**

**မြို့သားများက အကျင့်ပျက်ခြစားမှုနည်းပါးသည်ဟု ထင်မြင်ကြသည်၊** ၃% ကသာ လွန်ခဲ့သော သုံးလအတွင်း လာဘ်ပေးမှု ပြုလုပ်ခဲ့သည်ဟု ပြောသည်။

**၆၆%**

**၎င်းတို့မြို့၏ အနာဂတ် လမ်းကြောင်းနှင့် ပတ်သတ်၍ မြို့သားများသည် အကောင်းမြင်မှု အရှိဆုံးဖြစ်သည်၊** ၆၆% က မုံရွာမြို့သည် တိုးတက်မှု လမ်းကြောင်းမှန်တွင် ရှိသည်ဟု ပြောသည်။

**၆၇%**

**မြို့ သားများသည် မြို့တွင်း လုံခြုံမှုရှိသည် ဟု ခံစားရသည်၊** ၆၇% က မှောင်နေချိန်၌ အနီးအနားဝန်းကျင်တွင် တစ်ဦးတည်း သွားလာရခြင်းမှာ လုံခြုံမှုရှိသည်ဟု ခံစားရသည်။

## ရန်ကုန်

**၇၄%**

**ရန်ကုန်မြို့မှ ဖြေဆိုသူ အများစုက တရားစီရင်ရေးစနစ် အလုပ်လုပ်မှု အပေါ် ယုံကြည်မှုရှိကြသည်၊** ၇၄% က ၎င်းတို့သည် ရာဇဝတ်မှု မြောက် မတရားခံရပါက ကျူးလွန်သူကို ဥပဒေမှ အရေးယူလိမ့်မည်ဟု ယုံကြည်ကြသည်။

**၄%**

**ဝမ်းစာဖူလုံမှုနှင့်ပတ်သက်၍ ရန်ကုန်မြို့နေ ပြည်သူများကို အနုတ်သဘော သက်ရောက်မှု အနည်းငယ်သာ ရှိသည်၊** ၄% သာ ပြီးခဲ့သည် လပိုင်းအတွင်း ငွေကြေး အဆင်မပြေသဖြင့် ထမင်းတစ်နပ်လွတ်ခြင်း ဖြစ်ပေါ်ခဲ့သည်ဟု ဖြေဆိုသည်။

**၂၇%**

**မြို့ငါးမြို့ထဲတွင် ရန်ကုန်မြို့ နေထိုင်သူများသည် ဝင်ငွေရရှိမှု အမြင့်မားဆုံး ဖြစ်သည်၊** တစ်လဝင်ငွေ ၂၅၀၀၀၀ ကျပ် အောက် လျော့နည်းသော မိသားစုမှာ ၂၇% သာရှိသည်။



## မန္တလေး

**၆၉%**

**မြို့တော်သည် ရည်မှန်းချက် ပန်းတိုင် ရှိပြီး လူထုလိုအပ်ချက်ကို အုပ်ချုပ်သူများက ဖြည့်ဆည်းပေးနိုင်သည်ဟု မြို့နေ ဖြေဆိုသူများက ယုံကြည် ကြသည်။** မြို့တော် အုပ်ချုပ်ရေး တာဝန်ရှိသူ များသည် လူထုလို အပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည် ဟု ၆၉% က သဘောတူညီသည်။

**၂၃%**

**မန္တလေးတွင် မရှိမဖြစ် အရေးပါသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများမှာ သင့်တင့်သော ဈေးနှုန်းရှိသည်။** စားရေးသောက်ရေးအတွက် ခက်ခဲ သည်ဟု ၂၃% ကသာ ပြောသည်။

**၆၀%**

**မြို့သူမြို့သားများက ၎င်းတို့သည် သဘာဝဘေး အန္တရာယ်ကို ခံနိုင် ရည်ရှိသည်ဟု ခံစားရသည်။** ၆၀% က ၎င်းတို့၏ မိသားစုများ သည် အနာဂတ်တွင် ဖြစ်နိုင်ဖွယ် ရှိသော သဘာဝ ဘေးအန္တရာယ်များ အတွက် ပြင်ဆင်ပြီးပြီဟု ဖြေသည်။

## တောင်ကြီး

**၆၇%**

**လူမှုကျွမ်းဝင်မှုနှင့် သဟဇာတဖြစ်မှု အမြင့်မားဆုံး အဆင့်တွင် ရှိသည်။** တောင်ကြီးမြို့ရှိ လူအများစုမှာ ယုံကြည်စိတ်ချရသည်ဟု ၆၇% က သဘောတူသည်။

**၂%**

**မြို့ သူမြို့ သားများသည် ရုပ်ပိုင်း ဆိုင်ရာ လုံခြုံမှုနှင့် ဝမ်းစာဖူလုံမှု ရရှိ နေကြသည်။** ၂% ကသာ ပြီးခဲ့သည် လပိုင်းအတွင်း ငွေကြေးအဆင်မပြေ သဖြင့် ထမင်းတစ်နပ်လွတ်ခြင်း ဖြစ် ပေါ်ခဲ့သည်ဟု ဖြေဆိုပြီး မြို့အားလုံး တွင် ထိုသို့ဖြေဆိုမှု ရာခိုင်နှုန်း အနိမ့် ဆုံး ဖြစ်သည်။

**၄၇%**

**မြို့သားများအနေနှင့် စီးပွားရေးတွင် အကောင်းမြင်မှု ရှိသည်။** ၄၇% က လာမည့် ငါးနှစ်အတွင်း ၎င်းတို့၏ ငွေကြေး အခြေအနေ ပိုမိုကောင်းမွန် လာမည်ဟု ယုံကြည်ကြသည်။

## မော်လမြိုင်

**၇၅%**

**ခေါင်းဆောင်များသည် မြို့ ဖွံ့ဖြိုး ရေးအတွက် မျှော်မှန်းချက် ရှိသည် ဟု မြို့ နေထိုင်သူများက ဖြေဆို နိုင်ခြေများသည်။** ၎င်းတို့ ခေါင်းဆောင်များသည် အထက်ပါ ကဲ့သို့ မျှော်မှန်းချက် ထားရှိသည် ဟု ၇၅% က ခံစားရသည်။

**၈၀%**

**မြို့အားလုံးတွင် မော်လမြိုင်သည် အသန့်ရှင်းဆုံး လေ နှင့် လမ်းများ ရှိသည် ဟု ဆိုကြသည်။** ၈၀% က မော်လမြိုင်၏လမ်းများ သန့်ရှင်း သည်ဟု ဖြေဆိုခဲ့ပြီး ၈၂% က မော်လမြိုင်တွင် လေသန့်ရှင်းသည် ဟု ဖြေဆိုခဲ့သည်။

**၇၄%**

**သဘာဝ ဘေးအန္တရာယ်ကို ကာကွယ် နိုင်ခြင်းနှင့် ပတ်သက်၍ မြို့သားများ သည် ပြင်ဆင်မှု အရှိဆုံး ဖြစ်သည်။** ၇၄% က ၎င်းတို့အိမ်သည် သဘာဝ ဘေးအန္တရာယ်ကို ကာကွယ်နိုင်မှု ရှိသည်ဟု ဖြေသည်။

အပိုင်း ၃

# မိတ်ဆက်



၂၀၁၈ မြို့ပြလူနေမှု ဘဝစစ်တမ်းသည် မြန်မာနိုင်ငံတဝှမ်းရှိ မြို့ငါးမြို့မှ မြို့ ပြနေထိုင်သူတို့၏ ဘဝ သာယာချမ်းမြေ့မှုကို နားလည်သဘောပေါက်နိုင်ရန် ကြိုးပမ်းမှု တစ်ခုဖြစ်သည်။ စစ်တမ်းသည် မြို့ပြနေထိုင်သူတို့၏ ကျန်းမာရေးနှင့် စီးပွားရေး အခြေအနေ၊ မြို့ပြနေထိုင်သူ အချင်းချင်း အကြား ဆက်သွယ်မှု၊ အစိုးရနှင့် တုံ့ပြန်ဆက်သွယ်မှု အပါအဝင် မြို့ပြ နေထိုင်သူတို့၏ အတွေ့အကြုံဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်ပေးခြင်းဖြင့် မူဝါဒချမှတ်ခြင်းကို ထောက်ပံ့ကူညီနိုင်ရန် ရည်ရွယ်ပါသည်။

မြို့ပြများကို နှစ်အလိုက် ကောက်ယူသော မြို့ ပြလူနေမှုဘဝ စစ်တမ်း သည် မြန်မာနိုင်ငံရှိ မြို့များအကြား အပြန်အလှန် သင်ယူခြင်းကို ပံ့ပိုးပေးမည့် နည်းလမ်းတစ်ခု ဖြစ်သည်။ မြို့အသီးသီးတို့သည် ပုံမှန် ကြုံတွေ့ရလေ့ ရှိသည် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင်ဝယ် မတူညီသော ချဉ်းကပ်မှု နည်းလမ်းအမျိုးမျိုး သုံး၍ ၎င်းစိန်ခေါ်မှုတို့ကို ဖြေရှင်းကြ သည်။ ထို့ကြောင့် မြို့များကို "စိတ်ကူးဉာဏ် အလုပ်ရုံများ" များအဖြစ် ယူဆသတ်မှတ် နိုင်မည် ဖြစ်ကာ မတူခြားနားသော အလေ့အကျင့် အသီးသီးတို့ထဲမှ အတုယူ လေ့လာနိုင်မည့် ထင်ရှားသိသာသော အောင်မြင်မှု တို့ကို တွေ့နေရပြီး၊ ၎င်းတို့ကို ယခု စာတမ်းတလျှောက် ဖော်ပြသွားမည် ဖြစ်သည်။ မြို့ ပြလူနေမှုဘဝ စစ်တမ်းသည် အာရှ ဖောင်ဒေးရှင်း၏ နိုင်ငံအနှံ့ စည်ပင်သာယာရေး အာဏာပိုင်များနှင့် တွဲဖက်လုပ်ကိုင်နေခြင်းမှ မြို့များ၏ အောင်မြင်မှု ဥပမာများကို မှတ်သား ယူပြီး ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်လိုသည် အခြားသောမြို့များကို ပြန်လည်ဝေမျှခြင်းကို ပံ့ပိုးပေးသည် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ မြို့ ပြလူနေမှုဘဝ စစ်တမ်း၏ အချက်အလက်များက မည်သို့ (သို့မဟုတ်) မည်သည့် အတွက်ကြောင့် အခြေအနေတစ်ခု ဖြစ်ပေါ်ခြင်းကို အလုံးစုံ မဖော်ပြပေးနိုင်သည့် တိုင်အောင် မည်သည့်နေရာတွင် အခြေအနေ ကောင်းမွန်သည်ကို ထုတ်ဖော်တင်ပြနိုင်ခြင်းအားဖြင့် အစိုးရ (သို့မဟုတ်) မြန်မာနိုင်ငံရှိ မြို့သူမြို့သားများ၏ ဘဝသာယာ ချမ်းမြေ့မှုကို တိုးတက်ကောင်းမွန်စေလိုသည့် အခြားသူများထံမှ စုံစမ်းမေးခွန်း ထုတ်ခြင်းများ တိုးပွားစေနိုင်ပါသည်။

ယခု စာတမ်းသည် စစ်တမ်းတွေ့ရှိချက်များကို အနှစ်ချုပ်တင်ပြထားခြင်း ဖြစ်သည်။ စစ်တမ်းမေးခွန်း ၁၃၅ ခုလုံး ကို အလုံးစုံ သုံးသပ်ဖော်ပြ နိုင်ခြင်း မရှိပဲ၊ အုပ်စုများအကြား မည်ကဲ့သို့ ကွဲပြားသော အဖြေများ ရှိသည်ကို ခြုံငုံသုံးသပ်ခြင်း သာရှိမည် ဖြစ်သည် (ဥပမာ - ဆင်းရဲသူ နှင့် ချမ်းသာသူအကြား တုံ့ပြန်မှု မည်ကဲ့သို့ ကွဲခြားမှုရှိသည်)။

ယခုစာတမ်းသည် ဒေသန္တရ အခြေအနေကို များစွာ ထည့်သွင်းစဉ်းစား ရသည့် အတွက် မြို့များ ကြုံတွေ့နေရသည့် ရှုပ်ထွေး ခက်ခဲသော အခြေ အနေများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ချပြမည့် အသေးစိတ် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ထည့်သွင်းထားခြင်း မရှိပါ။ သို့သော် ဤစာတမ်းတွင် ဆက်လက် လေ့လာရန် ကောင်းမွန်သည့် မူဝါဒပိုင်း ဆိုင်ရာ မေးခွန်းများနှင့် အတူ "အပေါင်းလက္ခဏာဆောင်သော လမ်းလွဲမှု" (positive deviance) ကို ဖော်ထုတ်ခြင်းနှင့် ထိုမှသင်ယူခြင်း တစ်နည်းအားဖြင့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ချဉ်းကပ်ပုံ ချဉ်းကပ်နည်း များအား အကြံပြုခြင်းကို ပြုလုပ်သွားမည် ဖြစ်သည်။ "အပေါင်းလက္ခဏာ ဆောင်သော လမ်းလွဲမှု" ဆိုသည်မှာ အချို့သော မြို့များနှင့် အဖွဲ့အစည်းများက အခြားသူများနှင့် နှိုင်းယှဉ်လျှင် ၎င်းတို့၏ ပြဿနာများကို ပိုမိုကောင်းမွန်သော ဖြေရှင်းနည်းလမ်းများဖြင့် ဖြေရှင်းနိုင်စေမည့် ပုံသေမဟုတ်သောဗျူဟာများကို ဆိုလိုသည်။

## မြို့ပြလူနေမှုဘဝစစ်တမ်း ရည်ရွယ်ချက်များ

၁ မြို့ ပြနေထိုင်သူ တို့၏ အတွေ့အကြုံနှင့် ဘဝ သာယာချမ်းမြေ့မှု တို့အကြောင်း ခိုင်မာသည့် သတင်းအချက်အလက်များ ပေးခြင်းဖြင့် မူဝါဒချမှတ်သူများ အထောက်အထား အခြေပြု မူဝါဒ ချမှတ်နိုင်ရန်။

၂ မြို့ သားတို့၏ ၎င်းတို့ မြို့အပေါ် အားရကျေနပ် သော နယ်ပယ်၊ အားမရ ဖြစ်သော နယ်ပယ်နှင့် ပြဿနာ ဖြစ်ပေါ်နိုင်သော နယ်ပယ်တို့ကို မီးမောင်းထိုး ဖော်ပြနိုင်သည့် နိုင်ငံရေးနှင့် လူမှုရေး အတိုင်းအတာတစ်ရပ်ကို မူဝါဒချမှတ်သူများအား ပေးနိုင်ရန်။

၃ အချိန်ကာလ အလိုက် မြို့ပြများကို နှိုင်းယှဉ်ပြ ခြင်းဖြင့် မြို့အသီးသီးထံမှ သင်ခန်းစာယူခြင်း အလေ့အထကို ပံ့ပိုးပေးနိုင်ရန်။

## ၂၀၁၈ မြို့ပြလူနေမှု ဘဝစစ်တမ်းမှ ထပ်မံ ထွက်ရှိလာမည့် အရာများ

- မြို့နယ် ၅ မြို့နယ်တွင် မြို့အလိုက် စစ်တမ်းရလဒ်များအား ရှင်းလင်းတင်ပြခြင်း
- အနှစ်ချုပ်ရလဒ် ရုပ်ပြပုံကားချပ်များ
- မြို့ပြအုပ်ချုပ်စီမံမှုဆိုင်ရာ မူဝါဒအကြံပြုချက်များ
- လူငယ်/မသန်စွမ်းများ၏ ဘဝသာယာချမ်းမြေ့မှုဆိုင်ရာ မူဝါဒ အကြံပြုချက်များ
- အများပြည်သူ လက်လှမ်းမီနိုင်မည့် အချက်အလက် ဝက်ဘ်ဆိုက်နှင့် အချက်အလက် သုံးသပ်စိစစ်ခြင်း သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ

# မြန်မာ့မြို့များ၏ အနာဂတ်အတွက် အထောက်အထားများ

မြို့ပြဖြစ်ထွန်းခြင်း တစ်နည်းအားဖြင့် ကျေးလက်ဒေသမှလူများ မြို့ပြသို့ ပြောင်းရွှေ့ အခြေချခြင်းသည် နိုင်ငံအနှံ့ လျင်လျင်မြန်မြန် ဖြစ်ပေါ်နေပါသည်။ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ အစည်း (IOM) ၏ ခန့်မှန်းချက်အရ လာမည့်နှစ် ၂၀ အတွင်း ကျေးလက် ဒေသရှိ လူဦးရေ သုံးပုံတစ်ပုံသည် မြို့ပြဒေသများသို့ ပြောင်းရွှေ့အခြေ ချမည် ဖြစ်သည်။[၁] မြို့ပြနေထိုင်သူဦးရေ လျင်မြန်စွာ တိုးတက်လာခြင်းက လူနေမှု အဆင့်အတန်း တိုးတက်လာခြင်းကို ယူဆောင်လာပေးနိုင် သော်လည်း စိန်ခေါ်မှုများစွာကိုလည်း ထွက်ပေါ်လာစေသည်။ ဥပမာအနေဖြင့် ကားအစီးရေ များပြားလာသည်နှင့်အမျှ မြို့အာဏာ ပိုင်များအနေဖြင့် ယာဉ်ကြောကြပ်တည်းမှုကို ဖြေရှင်းရန် ခုံးကျော် တံတားများ တိုးဆောက်မည်လော၊ အများသုံး သယ်ယူပို့ဆောင်ရေး စနစ်တွင် ရင်းနှီးမြုပ်နှံမည်လော သို့မဟုတ် တခြားသော နည်းလမ်းများ ရှာကြံမည်လော စသည့် မေးခွန်းများ ပေါ်ထွက်လာသည်။ ဈေးနှုန်း သင့်တင့်သော အိမ်ရာလိုအပ်ချက်များ ရှိလာသည်နှင့်အမျှ မြို့တော်ရှိ အများပြည်သူပိုင် ပန်းခြံများကို အိမ်ရာများအဖြစ် ပြောင်းလဲရမည်လော သို့မဟုတ် စိမ်းလန်းစိုပြေသော နေရာအဖြစ် ဆက်လက်ထိန်းသိမ်း ထားမည်လော။ ကွဲပြားစုံလင်သော လူမျိုးစုံမြို့တော်သို့ အခွင့်အလမ်း ရှာရန် ရောက်ရှိလာသောအခါ မူဝါဒချမှတ်သူများအနေဖြင့် လူမှု ကျွမ်းဝင်မှု ထိမ်းသိမ်းစောင့်ရှောက်ရန်နှင့် လူမှုအဖွဲ့အစည်းများကို ငြိမ်းချမ်းစွာနှင့် ယုံကြည်မှုရှိစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေး ပြုစု ပျိုးထောင်ပေးရန် လိုအပ်လာမည် ဖြစ်သည်။ အထက်ပါ စိန်ခေါ်မှုများကို ဖြေရှင်းရန် မူဝါဒ ချမှတ်သူတို့၏ ဆုံးဖြတ်ချက်များသည် မြန်မာမြို့များ၏ ရေရှည် နေထိုင်စဖွယ်ဖြစ်မှုနှင့် မြို့နေထိုင်သူများ၏ ဘဝသာယာ ချမ်းမြေ့မှုတို့အပေါ် အစဉ်တည်မြဲမည့် အကျိုးသက် ရောက်မှုများ ရှိစေမည် ဖြစ်သည်။

ဤသို့ လွန်စွာအရေးကြီးသော မေးခွန်းများနှင့် ရင်ဆိုင်ရရာတွင် မူဝါဒချမှတ်သူများသည် ၎င်းတို့ကြုံတွေ့ရမည့် စိန်ခေါ်မှု၏ သဘော သဘာဝဆိုင်ရာ သတင်းအချက်အလက်များကို လိုအပ်မည် ဖြစ်သည်။ စိန်ခေါ်မှုများ၏ ပြင်းအား၊ မည်သူတို့အပေါ် သက်ရောက်မှု ရှိသည်နှင့် ၎င်းစိန်ခေါ်မှုများ မည်ကဲ့သို့ ပြောင်းလဲနေသည်ကို မူဝါဒချမှတ်သူများ နားလည်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံသည် အချက်အလက် ရှားပါး အားနည်းသော နိုင်ငံတစ်ခု ဖြစ်ပါသည်။ ယုံကြည်စိတ်ချရသော အချက် အလက်နှင့် အထောက်အထားရရှိနိုင်မှု အကန့်အသတ်ရှိခြင်းကြောင့် မူဝါဒချမှတ်သူများသည် ၎င်းတို့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ပြည့်စုံစွာ နားလည်သဘောပေါက်ထားခြင်း မရှိချေ။

သတင်းအချက်အလက် ရင်းမြစ်တစ်မျိုးဖြစ်သည့် ပြည်သူများ၏ တိုက်ရိုက်အမြင်နှင့် သဘောထားများမှာ သမိုင်းကြောင်းတစ်လျှောက် မျက်ကွယ်ပြုထားခြင်း ခံရလျှက် ရှိသည်။ တပ်မတော် အုပ်ချုပ်မှုအောက် ရှိခဲ့စဉ် ကာလတွင်မူ အစိုးရ၏ ပြဿနာဖြေရှင်းရန် အသိအမှတ်ပြုခြင်း နှင့် ထုတ်ဖော်ခြင်း ဖြစ်စဉ်တို့တွင် လူထုသည် လွှမ်းမိုးမှု အနည်းငယ် သို့မဟုတ် လုံးဝလွှမ်းမိုးမှု မရှိခဲ့ချေ။[၂] အခြေတည်စ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလတွင်မူ အစိုးရအတွင်းရှိ မူဝါဒချမှတ်သူ များစွာတို့သည် လူထုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်ရန်အတွက် လူထု၏ လိုအပ်ချက်များအပေါ် နားလည်နိုင်ရန် ကြိုးစားလာကြသည်။

မြို့ ပြလူနေမှုဘဝ စစ်တမ်းသည် အထက်ပါ သတင်းအချက်အလက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အထောက်အထား ရင်းမြစ်တစ်ခု ဖြစ်သည်။ မြို့ ပြလူနေမှုဘဝ စစ်တမ်းအားဖြင့် အစိုးရ၏ မူဝါဒချမှတ်ခြင်း အဓိကအဆင့် သုံးရပ်ကို ထောက်ပံ့နိုင်မည့် အားကောင်းခိုင်မာသော အထောက်အထားများ ရရှိလာမည် ဖြစ်သည်။

၁။ **လုပ်ငန်းစဉ် ချမှတ်ခြင်း။** အစိုးရမှ ဆွေးနွေးခြင်း နှင့် အဖြေရှာခြင်း ပြုလုပ်ရမည့် ကိစ္စရပ် များကို ရွေးချယ်သည့် ဖြစ်စဉ် ဖြစ်သည်။ မည်သည့် နေရာတွင် လိုအပ်မှု အများဆုံး ရှိသည်နှင့် မည်သည့်နေရာ တွင် ပါဝင်မှု ပြုလုပ်နိုင်သည် ကို သိရှိနိုင်ရန် အစိုးရအား မြို့ ပြလူနေမှုဘဝ စစ်တမ်းက ကူညီနိုင်ပါသည်။

၂။ **မူဝါဒများ ဖော်ထုတ်ခြင်း။** မူဝါဒများ ဖော်ထုတ်ခြင်း အဆင့်တွင် မူဝါဒချမှတ်သူများ သည် မူဝါဒများအား အကြမ်း ရေးဆွဲပါသည်။ စိတ်မှန်းဖြင့် သိရှိမှု၊ သီးခြားဖြစ်ရပ် (လူမှုကွန်ရက်ပေါ်မှ ဖြစ်ရပ် ကဲ့သို့) သို့မဟုတ် အရည်အသွေး မရှိသော အချက်အလက်များ ထက် ခိုင်မာမှုရှိသော အထောက်အထားများတွင် အခြေခံထား သည့် မြို့ ပြလူနေမှုဘဝ စစ်တမ်းမှ အချက်အလက်များသည် မူဝါဒ ဒီဖိုင်းရေးဆွဲခြင်း ဖြစ်စဉ်ကို ကူညီပေးနိုင်ပါသည်။ ထိုကဲ့သို့ ထောက်ပံ့မှုအားဖြင့် သမိုင်းကြောင်း အရ မြန်မာနိုင်ငံ၏ မူဝါဒ ချ မှတ်ခြင်း ဖြစ်စဉ်အပေါ် လွှမ်းမိုးမှုရှိနေသော၊ အစိုးရကို ဘက်လိုက် သော အထောက်အထားများ တင်ပြနေသည့် အခွင့်ထူးခံများကို ဖြည့်ဆည်းပေးနေသည့် မူဝါဒများအစား မူဝါဒ ဒီဖိုင်း ရေးဆွဲခြင်း အတွက် အခြား ရွေးချယ်စရာများ ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

၃။ **မူဝါဒ အကဲဖြတ် သုံးသပ်ခြင်း။** အကဲဖြတ်သည့် အဆင့်တွင် မူဝါဒ သို့မဟုတ် အစီအစဉ် တစ်ခု မျှော်မှန်းထားသည့် အတိုင်း ဖြစ်မဖြစ် မူဝါဒချမှတ် သူများက အကဲဖြတ် သုံးသပ်ရသည်။ အစိုးရ၏ အစီအစဉ်များ အပေါ် လူထု ထောက်ပံ့မှုကို မှတ်တမ်းတင်ရန် နှင့် လူထု၏ ပံ့ပိုးမှုများက မည်ကဲ့သို့ အကျိုး သက်ရောက်မှု ရှိသည်ကို နားလည်နိုင်ရန် နည်းလမ်းတစ်ရပ် အဖြစ် မြို့ ပြလူနေမှုဘဝ စစ်တမ်းကို အသုံးပြုနိုင်သည်။

စီးပွားရေးအခြေအနေနှင့် ထုတ်ကုန်များအကြောင်း ခိုင်မာသည့် အချက် အလက်များ ရှိနေသော်လည်း အရေးကြီးသော အကြောင်း အရာတစ်ခုဖြစ်သည့် လူတစ်ဦးချင်းစီ၏ ဘဝသာယာချမ်းမြေ့မှုနှင့် ပတ်သက်သည့် ခိုင်မာသော အချက်အလက်များမှာ အကန့်အသတ် ဖြင့်သာ ရှိနေပါသည်။ ထိရောက်၍ လူထုကို ဗဟိုပြုသော အစိုးရတို့သည် စီးပွားရေးနှင့် အခွင့်အလမ်းများ တိုးတက်စေရန် လုပ်ဆောင်သည် သာမက တစ်ဦးချင်း ကျန်းမာပြီး လူမှုသဟဇာတဖြစ်သော ရပ်ရွာများ ဖြစ်လာစေရန်လည်း ပြုစုပျိုးထောင်ပါသည်။ မြို့ပြလူနေမှုဘဝ စစ်တမ်း တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု သတင်းအချက်အလက်များ သာမက ဘဝသာယာချမ်းမြေ့မှု၏ အရေးကြီး အစိတ်အပိုင်းများဖြစ်သည့် ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် နိုင်ငံရေး အသင်းအဖွဲ့ဝင်မှု စသည့် အချက်အလက်များ ပါဝင်ပါသည်။ ထို့မှတဆင့် မူဝါဒချမှတ် သူများ အနေဖြင့် မြို့ပြအုပ်ချုပ်စီမံမှု၊ မြို့များအား ပိုမိုကောင်းမွန်သော နေထိုင်စရာနှင့် အလုပ်အကိုင် နေရာများဖြစ်စေရန် ပုံဖော်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ဘဝသာယာ ချမ်းမြေ့မှု - မည်သည့် အတွက်ကြောင့်နည်း။

မူဝါဒ ချမှတ်သူများမှ ၎င်းတို့ချမှတ်ထားသည့် ဆုံးဖြတ်ချက်များ၏ သက်ရောက်မှုကို တိုင်းတာရန် အသုံးပြုသော ပေတံဖြစ်သည်။ အစိုးရတစ်ရပ်၏ စွမ်းဆောင်ရည်ကို တိုင်းတာရန်နှင့် ၎င်းတို့၏ တိုးတက်မှုကို မှတ်ကျောက်တင်သည့် နည်းလမ်းများကို ပြောင်းလဲရန် လှုပ်ရှားမှုများ မြင့်တက်လာလျက် ရှိပါသည်။ အစဉ်အလာ အားဖြင့် မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်၏ အောင်မြင်မှုကို စီးပွားရေးအားဖြင့် တိုင်းတာလေ့ ရှိပါသည်။ ထိုကဲ့သို့ တိုင်းတာမှုများမှာ စီးပွားရေး အခြေအနေများကို သုံးသပ်အကဲဖြတ်ရန် အသုံးဝင်သော်လည်း ရံဖန်ရံခါ လူ့ဘဝများနှင့် ကင်းကွာ နေတတ်ပါသည်။ ၎င်းတိုင်းတာမှုများသည် ဘဝ၏ အရေးပါဆုံး အချက်များ ဖြစ်သည့် ဥပမာ - ပေါင်းသင်း ဆက်ဆံရေး၊ ပြီးပြည့်စုံသော စိတ်ခံစားရမှုနှင့် ကျန်းမာရေး စသည့်တို့ကို ကျော်သွားလေ့ ရှိသည်။ ၎င်းတိုင်းတာမှုသည် ရပ်ရွာအသိုင်းအဝန်းအတွင်း ကြုံဆိုမှုခံရသည့် ခံစားချက်၏ စိတ်ပိုင်းဆိုင်ရာ အကျိုးရှိမှု သို့မဟုတ် သဘာဝပတ်ဝန်းကျင်တွင် အချိန်ကုန်ဆုံးရခြင်းမှ ရရှိသည့် ကျန်းမာရေး အကျိုးကျေးဇူးတို့ကို မေ့ဖျောက်ထားသည်။ ၎င်းတို့သည် အစိုးရမှ မိမိအသံကို နားထောင်သည်ဆိုသော ခံစားမှုနှင့် မိသားစုဖြင့် ချစ်ခင်ရင်းနှီးသော ခံစားမှုတို့ကို တိုင်းတာဖော်ပြနိုင်ခြင်း မရှိကြချေ။

ငွေရေးကြေးရေး တည်ငြိမ်မှုနှင့် စားဝတ်နေရေး ပြေလည်မှုတို့သည် ကောင်းမွန်သော ဘဝတစ်ခုအတွက် အရေးပါသော အစိတ်အပိုင်းများ ဖြစ်သော်လည်း အားလုံးပြီးပြည့်စုံ စေသည်တော့ မဟုတ်ချေ။ စီးပွားရေး အခြေအနေများကိုသာ တိုင်းတာခြင်းဖြင့် မူဝါဒချမှတ်သူများသည် ဘဝ၏ အခြားအရေးပါသော နယ်ပယ်များကို လျစ်လျူရှုသည့် ဆုံးဖြတ်ချက်များကို ချမိသွားနိုင်သည်။ မူဝါဒချမှတ်သူများသည် မြို့ပြနေထိုင်သူများအတွက် အရေးပါသော ဘဝရေးရာ ကိစ္စရပ်များကို နားလည် သဘောပေါက်ပြီး ပိုမိုကောင်းမွန်စေလိုသော ဆန္ဒရှိပါက ၎င်းတို့သည် စီးပွားရေးရာ စွမ်းဆောင်မှုများ အပြင် အခြားတိုင်းတာမှုများ ပြုလုပ်ရမည် ဖြစ်သည်။

စွမ်းဆောင်ရည်ကို တိုင်းတာရန် ပိုမိုကောင်းမွန်သော နည်းလမ်းကို ရှာဖွေကြရင်း အစိုးရများနှင့် သုတေသီ တို့သည် "ဘဝသာယာ ချမ်းမြေ့မှု" ဘက်ကို ခြေဦးလှည့်လာ ကြသည်။ ၂၀၁၉ တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (OECD) က ပိုမိုကောင်းမွန်သော ဘဝ လှုပ်ရှားမှု အစီအစဉ် (Better Life Initiative) ကို စတင်ခဲ့ပြီး စိတ်ကျေနပ် ချမ်းသာမှုကို တိုင်းတာသည့် ပထဆုံးသော စစ်တမ်းမှုဘောင်များထဲမှ တစ်ခုကို ထုတ်ပြန်ခဲ့သည်။ အိုအီးစီဒီ၏ အစီအစဉ်တွင် မူဝါဒချမှတ်ခြင်းအတွက် ပိုမို ကောင်းမွန်သော အထောက်အထားများ ရှာဖွေခြင်း၊ လူတို့၏ဘဝ သာယာ ချမ်းမြေ့မှုကို ပိုမိုကောင်းမွန်စွာ တိုင်းတာနိုင်မည့် နည်းလမ်းရှာဖွေခြင်း နှင့် ဘဝ သာယာချမ်းမြေ့မှုအကြောင်း ဆွေးနွေးမှုများ ပေါ်ထွက်လာစေရန် စတင်ပေးခြင်း တို့ပါဝင်သည်။[၄] ဖွံ့ဖြိုးမှု အဆင့်အတန်း မတူညီသော နိုင်ငံများ ဖြစ်ကြသော ဗြိတိန်နှင့် ကနေဒါတို့မှအစ မက်ဆီကိုနှင့် ဘူတန်နိုင်ငံတို့အထိ စိတ်ကျေနပ်ချမ်းသာမှုကို စတင် တိုင်းတာလာခဲ့ကြပြီး မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များချနိုင်ရန် အချက်အလက်များ ထောက်ပံ့အသုံးပြုလာကြသည်။

လူတို့အတွက် အရေးကြီးသော အချက်များသည် နေရာဒေသအလိုက် ကွဲပြားခြားနား သောကြောင့် ဘဝသာယာချမ်းမြေ့မှုကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းမှာ တစ်နေရာနှင့် တစ်နေရာ တူညီမည် မဟုတ်ပါ။ သို့သော်လည်း ဘဝ သာယာချမ်းမြေ့မှုသည် "ကောင်းမွန်သော ဘဝ" တစ်ခုအဖြစ် နေထိုင် အသက်ရှင်ရခြင်း တွင် ပါဝင်သော အစိတ်အပိုင်းများကို ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ် တိုင်းတာခြင်းလည်း ဖြစ်ပါသည်။

မြို့ပြလူနေမှုဘဝ စစ်တမ်းတွင် ဘဝသာယာချမ်းမြေ့မှုအား တိုင်းတာထားသည့် မူဘောင်ကို အောက်တွင် ဖော်ပြထားပြီး အဓိကအားဖြင့် ကိုယ်ပိုင် ဘဝ သာယာချမ်းမြေ့မှုနှင့် ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုကို လွှမ်းမိုးသည့် အဓိကသုံးချက်ဖြစ်သော (၁) စီးပွားရေး ပြေလည်မှု (၂) လူမှုဆက်ဆံရေး အဆင်ပြေမှုနှင့် (၃) ရုပ်ပိုင်းဆိုင်ရာ ဘေးကင်း လုံခြုံမှု တို့ဖြစ်ပါသည်။ ဘဝသာယာချမ်းမြေ့မှုအတွက် မည်သည့် အချက်များ အရေးကြီးကြောင်း ပြုလုပ်ထားကြသည့် သုတေသနများ အပေါ်တွင် အခြေခံပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိအောင် ပြုပြင်၍ ယခုမူဘောင်ကို တည်ဆောက်ရေးဆွဲ ထားခြင်းဖြစ်သည်။ မူဝါဒ ချမှတ်သူများ အနေဖြင့် လူထုအတွက် အရေးကြီးဆုံး အချက်များကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်စေရန် ၂၀၁၈ မြို့ပြလူနေမှု ဘဝစစ်တမ်းတွင် ဘဝသာယာချမ်းမြေ့မှု၏ ဘက်ပေါင်းစုံကို တိုင်းတာ ထားပါသည်။

> လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှု ကေန်မှာ စီးပွားရေးတိုးတက်လာမှုထက် သာလွန်ပိုမိုသည်။
> ဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုချက်တွင် လုပ်ပိုင်စွမ်းရှိမှုနှင့် ကိုယ်ပိုင်ကျေနပ်မှုတို့ ရှိရမည်
>
> ဒေါ်အောင်ဆန်းစုကြည်၊ Freedom from Fear [၄]

## အစိုးရ၏ ဆက်သွယ်ရေး စွမ်းရည်ကို တိုးမြှင့်ခြင်းဖြင့် အခွန်ဆောင်သူများ၏ ယုံကြည်မှု ရယူခြင်း

၂၀၁၇ မြို့ပြလူနေမှုဘဝစစ်တမ်း ကနဦးစမ်းသပ် ကောက်ခံမှု အချက်အလက်များအရ မြို့ပြနေထိုင်သူ အများစုသည် ပစ္စည်းခွန်ကို တိုးမြှင့်ပေးဆောင်ရန် လိုလားမှုရှိကြသော်လည်း အခွန်စနစ်မှာ ရှုပ်ထွေးပြီး ၎င်းတို့ ပေးဆောင်လိုက်သည့် အခွန်ငွေများအား မည်သည့်နေရာတွင် အသုံးချသည်ကို မသိရှိကြချေ။ ၈၉% က ၎င်းတို့ မည်သည့်အခွန်များ ပေးဆောင်ရမည်နှင့် ၎င်းတို့ ပေးဆောင်လိုက်သည့် အခွန်ငွေများ မည်သည့်အတွက် ပြန်လည် အသုံးပြုသည်ကို သိလိုကြကြောင်း ဖြေဆိုခဲ့ကြသည်။

တောင်ကြီးမြို့ စည်ပင်သာယာရေးဌာနသည် မြို့ ပြလူနေမှုဘဝ စစ်တမ်း၏ တွေ့ရှိချက်များအပေါ် တုံ့ပြန်လုပ်ဆောင်မှုအဖြစ် လူထုဆက်သွယ်ရေး လှုံ့ဆော်မှု အစီအစဉ်တစ်ရပ်ကို စတင်ခဲ့သည်။ ၎င်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စည်ပင်သာယာရေးအဖွဲ့၏ ဝန်ဆောင်မှုများ အကြောင်းနှင့် အသုံးပြုသူများမှ ပြုပြင်စေလိုသည့် အချက်ကို ဖော်ပြနိုင်သည့် "မြို့တော်" [5] ဖုန်း အပလီကေးရှင်း ကို မိတ်ဆက်ခဲ့သည်။

တောင်ကြီးစည်ပင်သာယာရေး ဌာနသည် သတင်း အချက်အလက် ဌာနတစ်ခုကို ဖွင့်လှစ်ခဲ့သလို စည်ပင် သာယာရေး ဌာန၏ "ဘတ်ဂျက် စာစောင်" (Citizen's Budget) ကိုလည်း ထုတ်ဝေခဲ့သည်။ စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက် ဖော်ပြချက် အပြည့်အစုံကို နားလည်ရ လွယ်ကူသောပုံစံဖြင့် ရေးသားထားသော ၎င်းစာစောင်သည် မြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်ပင် ဖြစ်သည်။




၂၀၁၈ တောင်ကြီး စည်ပင်သာယာရေးဌာန ဘတ်ဂျက်စာစောင်

## သုတေသန နည်းနိဿယ အကျဉ်းချုံး ရှင်းလင်းချက်

အာရှဖောင်ဒေးရှင်း၏ စည်ပင်သာယာရေး အဖွဲ့များနှင့် ထဲထဲဝင်ဝင် လုပ်ကိုင်ဆောင်ရွက် နေမှု အတွေ့အကြုံ နှင့် ၂၀၁၇ မြို့ ပြလူနေမှုဘဝ စစ်တမ်း ကနဦး စမ်းသပ်ကောက်ခံမှု အတွေ့အကြုံ တို့အပေါ်တွင် ယခု ၂၀၁၈ စစ်တမ်းကို အခြေတည် ထားပါသည်။ ၂၀၁၇ ကနဦး စမ်းသပ် ကောက်ယူမှုတွင် ရန်ကုန်၊ တောင်ကြီးနှင့် ဘားအံတို့မှ လူဦးရေ ၁၄၀၀ ကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ဘားအံမြို့၌ ၂၀၁၈ ဩဂုတ် လတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးမှုများကြောင့် ၂၀၁၈ စစ်တမ်းတွင် ဘားအံမြို့ကို ထည့်သွင်းခြင်း မပြုနိုင်ခဲ့ပါ။ မြို့ပြလူနေမှုဘဝစစ်တမ်း သည် ပြောင်းလဲတိုးတက်နေသည့် စီမံကိန်းမျိုး ဖြစ်ပြီး ၂၀၁၈ စစ်တမ်းသည် ၂၀၁၇ စစ်တမ်း စမ်းသပ်ကောက်ယူခြင်းကို ပိုမို ကောင်းမွန်အောင် အောက်ပါအချက်များတွင် ပြုပြင်ခဲ့ပါသည် -

- စစ်တမ်းကောက်ယူခြင်းကို မြို့ (၃)မြို့ မှ (၅) မြို့အထိ တိုးချဲ့ခဲ့ခြင်း
- ရန်ကုန်မြို့ကို ပိုမိုကိုယ်စားပြုနိုင်မည့် နမူနာများ ရယူနိုင်အောင် သုတေသန နည်းလမ်းများကို ပြင်ဆင်တည်းဖြတ်ခဲ့ခြင်း
- နမူနာကို လူဦးရေ ၁၄၀၀ မှ လူဦးရေ ၂၄၀၀ အထိ တိုးချဲ့ခဲ့ခြင်း
- ဘဝသာယာချမ်းမြေ့မှုကို အဓိကထားသော မူဘောင်အသစ်နှင့် ကိုက်ညီစေရန် မေးခွန်းများကို ပြန်လည်မွမ်းမံခဲ့ခြင်း



### ရန်ကုန်

#### လူဦးရေ ၆၊ သန်းကျော်

- မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့နှင့် မြို့တော်ဟောင်း
- စီးပွားရေးဗဟိုချက်မြို့
- ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ခန့်ခွဲမှုအောက်တွင် မြို့နယ်ပေါင်း ၃၃ မြို့နယ် [6]

## မန္တလေး

### လူဦးရေ တစ်သန်းကျော်

- မြန်မာနိုင်ငံအလယ်ပိုင်း၏ စီးပွားရေးအချက်အချာ
- ဒုတိယအကြီးဆုံးမြို့
- ကမ္ဘာလှည့်ခရီးသွားများအား အဓိက ဆွဲဆောင်နိုင်သည့် နေရာများစွာရှိ
- မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ခန့်ခွဲမှုအောက်တွင် ၆ မြို့နယ်ရှိ [၇]

## မော်လမြိုင်

### လူဦးရေ နှစ်သိန်းခွဲကျော်

- မွန်ပြည်နယ်၏ မြို့တော်
- မွန်၊ ကရင်၊ ဗမာနှင့် အခြားလူနည်းစု တိုင်းရင်းသားများ နေထိုင်လျက်ရှိ
- မော်လမြိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မော်လမြိုင်မြို့၏ မြို့ပြစီမံခန့်ခွဲရေးကို အဓိက တာဝန်ယူ [၁၀]

## မုံရွာ

### လူဦးရေ နှစ်သိန်းကျော်

- စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့တော်
- စိုက်ပျိုးရေးထုတ်ကုန်များ အဓိက ကုန်သွယ်ရာမြို့ [၈]
- မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့၏ မြို့ပြစီမံခန့်ခွဲမှုကို အဓိက တာဝန်ယူ [၉]

## တောင်ကြီး

### လူဦးရေ နှစ်သိန်းခြောက်သောင်းကျော်

- ရှမ်းပြည်နယ်၏ မြို့တော်
- ကုန်းမြေမြင့်ပေါ်တွင် တည်ရှိ
- မြို့နယ်နိမိတ် အုပ်ချုပ်ရေးဆိုင်ရာဧရိယာ ကျယ်ပြန့်တိုးတက်လျက်ရှိ
- တောင်ကြီး မြို့နယ်စည်ပင်သာယာရေး ဌာနသည် ရပ်ကွက် ၂၂ ရပ်ကွက်၏ မြို့ပြ စီမံခန့်ခွဲမှုအတွက် အဓိက တာဝန်ရှိသည်။ ၂၀၁၈ စစ်တမ်း၌ တောင်ကြီးမြို့ပြ နမူနာတွင် မြို့နယ်ခွဲများဖြစ်သော အေးသာယာနှင့် ရွှေညောင်တို့ကို တိုးချဲ့ထည့်သွင်းခဲ့ [၁၁]



**နမူနာရွေးချယ်ခြင်း။** မြို့ ပြလူနေမှုဘဝ စစ်တမ်းကို မြို့ပေါ်ရပ်ကွက် ၂၂၈ ရပ်ကွက်၊ မြို့နယ် ၃၅ မြို့နယ် ပါဝင်သော မြို့ (၅)မြို့တွင် ကောက်ခံခဲ့ခြင်း ဖြစ်သည်။ ဘာသာရေး အုပ်စု (၄) စုနှင့် တိုင်းရင်းသား လူမျိုး (၄၈) မျိုး ပါဝင်သော လူဦးရေ စုစုပေါင်း ၂၄၀၀ ကို မေးခွန်းများ မေးမြန်းခဲ့ပါသည်။ စစ်တမ်း ကောက်ယူရာတွင် ရန်ကုန် (ဖြေဆိုသူ ၈၀၆ ဦး)၊ မန္တလေး (ဖြေဆိုသူ ၄၀၅ ဦး)၊ မော်လမြိုင် (ဖြေဆိုသူ ၄၀၃ ဦး)၊ မုံရွာ (ဖြေဆိုသူ ၄၀၀ ဦး) နှင့် တောင်ကြီး (ဖြေဆိုသူ ၄၀၀ ဦး) တို့ ရှိခဲ့ပါသည်။ အင်တာဗျူး မေးမြန်းချိန်တွင် အသက် ၁၈ ပြည့်ပြီးသူ မြန်မာနိုင်ငံသား များကိုသာ မေးမြန်းခဲ့ခြင်း ဖြစ်သည်။ အထက်ပါ နမူနာဦးရေများမှာ မြို့တိုင်း၏ အရွယ်ရောက် လူဦးရေ၏ ကိုယ်စားပြုရလဒ်ရရှိရန် ဖြစ်သည်။ မြန်မာနိုင်ငံ တစ်ခုလုံး သို့မဟုတ် နိုင်ငံတွင်းရှိ မြို့ အားလုံးကို ကိုယ်စား ပြုနိုင်ခြင်း မရှိသော်လည်း ၎င်းမြို့ (၅) မြို့မှာ မြန်မာလူဦးရေ၏ ၂၅% နီးပါးရှိသလို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့၏ မြို့တော်လည်း ဖြစ်ကြသည်။ စီးပွားရေးနှင့် လူမှုရေးအရ အရေးပါမှု၊ အထောက်အကူရင်းမြစ် ရရှိနိုင်ခြင်းနှင့် မြို့နေထိုင်သူတို့၏ အတွေ့ အကြုံကို ပိုမိုနားလည်လိုသော မြို့အုပ်ချုပ်သူ အစိုးရတို့ကြောင့် အထက်ပါမြို့များကို ရွေးချယ်ရခြင်း ဖြစ်သည်။

**ကိုယ်စားပြုမှုရှိသော နမူနာ ဖြစ်စေခြင်း။** မြို့တိုင်း၏ နမူနာသည် ၎င်းမြို့များကို ကိုယ်စားပြုမှုရှိစေရန်အတွက် ကျပန်းနမူနာကောက်ယူခြင်း နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ ကျပန်းဖြစ်ရန်အတွက် ရပ်ကွက်၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းစီကို အဆင့်သုံးဆင့် ကျပန်းခွဲ၍ လုပ်ဆောင်ခဲ့သည်။ မြို့တွင်းရှိ တစ်ဦးတစ်ယောက်စီတိုင်း ညီတူမျှတူ ရွေးချယ်ခံရနိုင်ရန် အရွယ်အစားနှင့် အချိုးကျသော ဖြစ်တန်စွမ်းဖြင့် စနစ်တကျ နမူနာကောက်ယူခြင်းစနစ်ကို အသုံးပြုခဲ့ပြီး၊ ၎င်းစနစ်ကြောင့် ရပ်ကွက်များကို ကျပန်းရွေးချယ်ရာတွင် လူဦးရေအရွယ်အစား ပိုမိုကြီးမားသော ရပ်ကွက်များ ရွေးချယ်ခံရနိုင်ခြေ များပါသည်။ ရပ်ကွက်များ ကျပန်းရွေးချယ် ပြီးနောက် မေးခွန်းမေးမြန်းမည့်သူများသည် ရပ်ကွက်တစ်ခုမှ အိမ်ထောင်စု (၈) စုကို ကျပန်းထပ်မံ ရွေးချယ်သည်။ အိမ်ထောင်စုတွင်းမှ အရွယ်ရောက်သူ မိသားစုဝင်တစ်ဦးကို မေးခွန်းမေးရန်အတွက် ကျပန်းရွေးချယ်ခဲ့သည်။ နမူနာကောက်ယူခြင်း နည်းလမ်းများ၊ အချက်အလက် အရည်အသွေး တိုင်းတာခြင်းနှင့် မေးခွန်းမေးခြင်း နည်းလမ်းတို့နှင့် သက်ဆိုင်သည့် အခြား အချက်အလက်များကို ယခု စာတမ်း၏ နောက်ဆက်တွဲ (၁) တွင် တွေ့နိုင်ပါသည်။

**ရလဒ်များကို အမှန်တကယ်ရှိ လူဦးရေနှင့် ချိန်ညှိခြင်း။** နမူနာယူခြင်းနည်းလမ်းကြောင့် နမူနာတွင် အမျိုးသမီးပါဝင်မှု အနည်းငယ် မြင့်တက်နေပါသည်။ မြို့အသီးသီး၏ လူဦးရေကို တိကျစွာ ကိုယ်စားပြုရန်အတွက် အချက်အလက်များကို ချိန်ညှိခြင်း ပြုလုပ်ထားပါသည်။ နမူနာများကို အားလုံးခြုံငုံထားသည် ရလဒ်များ (မြို့(၅)မြို့ ပေါင်းထားသော) ကို တွေ့ရှိချက်များတွင် ဖော်ပြထားပါသည်။ နမူနာတွင် အခြား မြို့များထက် ရန်ကုန်နှင့် မန္တလေး မြို့တို့သည် အရွယ်အစား ကြီးသောကြောင့် ၎င်းမြို့တို့မှ အဖြေများသည် ပါဝင်မှု ပိုမိုမြင့်မားနိုင်ပါသည်။ ပါဝင်မှု လူဦးရေအရွယ်အစားကြီးမားမှုကြောင့် အားလုံးခြုံငုံထားသည့် နမူနာမှ တွေ့ရှိချက်များသည် ရန်ကုန်နှင့် မန္တလေးတို့၏ တုံ့ပြန်ချက် အဖြေများကို အဓိကဖော်ပြနေပါသည်။

## ၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်းပါ မြို့များ




မြို့နယ်အလိုက်
စစ်တမ်းဖြေဆိုသူဦးရေ



**မေးခွန်းဒီဇိုင်း။** ကမ္ဘာ့အနှံ့ရှိ ပြည်သူ့သဘောထား စစ်တမ်းများကို သုတေသန လုပ်ထားပြီး ဆက်နွယ်ပါဝင်သူများစွာနှင့် ပူးပေါင်းကာ ၂၀၁၈ မြို့ ပြလူနေမှုဘဝစစ်တမ်း မေးခွန်းများကို ပြုစုထားခြင်း ဖြစ်သည်။ ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုနှင့် စပ်ဆိုင်သည့် မေးခွန်း များကို အခြားသော စစ်တမ်းများမှ ထုတ်နုတ်ထားခြင်းဖြစ်ပြီး အခြားသော မေးခွန်းများမှာ စည်ပင်သာယာရေး အဖွဲ့များ၏ လိုအပ် ချက်နှင့် ကိုက်ညီစေရန် ပြုစုထားခြင်းဖြစ်သည်။ စစ်တမ်းမေးခွန်းများကို ဖန်တီးခဲ့ရာတွင် အာရှဖောင်ဒေးရှင်းနှင့် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း တို့သည် အစိုးရအရာရှိများ၊ မူဝါဒ ဆန်းစစ်လေ့လာသူများ၊ ပညာရှင် များနှင့် စစ်တမ်း၊ မြို့ပြဆိုင်ရာနှင့် မြန်မာနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူ များစွာတို့ဖြင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။

ဘဝသာယာချမ်းမြေ့မှုကို အပြည့်အဝ အဆုံးအဖြတ်ပေးသည့်အရာ များကို ဖော်ပြနိုင်ရန် မေးခွန်း ၁၃၅ ခုကို စစ်တမ်းတွင် ပါဝင်သူများအား မေးမြန်းခဲ့ပါသည်။ ၎င်းမေးခွန်းတို့တွင် မြို့ပြဘဝ သာယာချမ်းမြေ့မှု ဆိုင်ရာ အဓိကအချက်များကို ခြုံငုံလွှမ်းနိုင်မည့် အဓိက မေးခွန်းများ ပါဝင်သကဲ့သို့ မြို့ပြအုပ်ချုပ်စီမံမှု နယ်ပယ်အသီးသီးနှင့် သက်ဆိုင်သည့် အကြောင်းအရာအလိုက် မူဝါဒပိုင်းဆိုင်ရာ မေးခွန်းများလည်း ပါဝင်ပါသည်။ အကြောင်းအရာအလိုက် မေးခွန်းများမှာ မြို့ပြအုပ်ချုပ် စီမံရေးပိုင်းမှ အရေးကြီးသည်ဟု သတ်မှတ်ထားသော ကိစ္စရပ်တွင် အဓိက ထားပါသည်။ ၂၀၁၇ စစ်တမ်းတွင် အခွန်နှင့် ပတ်သက်သည့် သဘောထားများကို အကြောင်းအရာအလိုက် အဓိကမေးခွန်းအဖြစ် သတ်မှတ်ခဲ့သည်။ ယခု ၂၀၁၈ စစ်တမ်းတွင်မူ အကြောင်းအရာ အလိုက်မေးခွန်းများကို စည်ပင်၏ အမှိုက်သိမ်းစနစ်နှင့် မြို့နေထိုင်သူ များ၏ နည်းပညာ အသုံးပြုမှုတို့တွင် အဓိကထားခဲ့သည်။

## သုတေသနစာတမ်းကိုဖွဲ့စည်းထားပုံ

ယခု သုတေသနစာတမ်း၏ ဖွဲ့စည်းထားသည့် ပုံစံ မှာ အခန်း(၁) တွင် စာတမ်းအား မိတ်ဆက်ခြင်းနှင့် အခန်း (၂) တွင် ယခုစစ်တမ်း၏ အခြေခံ အုတ်မြစ်ဖြစ်သော သဘောတရားရေးရာ မူဘောင်ကို အနှစ်ချုပ် ဖော်ပြထားသည်။ အခန်း (၃) တွင် အဓိက တွေ့ရှိချက်များနှင့် မူဝါဒ ပိုင်းဆိုင်ရာ ကောက်ချက်များကို ဖော်ပြထားသည်။ သို့သော် ဤသုတေသန စာတမ်းသည် အစိုးရအား မူဝါဒပိုင်းဆိုင်ရာ အသေးစိတ် အကြံပြုချက်များကို ချပြပေးရန် မရည်ရွယ်ပါ။ ကောက်ခံရရှိထားသော အချက်အလက်များကို မှီငြမ်း၍ အရေးပါသော မူဝါဒမေးခွန်းများကို ထဲထဲဝင်ဝင် ဆန်းစစ်လေ့လာခြင်းနှင့် ဆောင်ရွက်နေမှုများက အကျိုး သက်ရောက်မှု ရှိနေသော မြို့များတွင် အသေးစိတ် ပြန်လည်ဆန်းစစ် လေ့လာရန်အတွက် တိုက်တွန်းလိုခြင်းသာ ဖြစ်သည်။ ၎င်းကို သဘောတရားရေးရာ မူဘောင်တွင် ပါဝင်သည့် အချက်များအတိုင်း အပိုင်း (၄)ပိုင်း ခွဲခြားထားပြီး - ကိုယ်ပိုင် ဘဝ သာယာချမ်းမြေ့မှု၊ စီးပွားရေး ပြေလည်မှု၊ လူမှုဆက်ဆံရေး အဆင်ပြေမှု၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှုနှင့် မြို့ ပြ အုပ်ချုပ်စီမံမှု တို့ဖြစ်သည်။ စာတမ်း နောက်ဆုံးတွင် သုတေသနနည်းနာ အသေးစိတ် ဖော်ပြထားချက် အပါအဝင် နောက်ဆက်တွဲ ဖော်ပြချက်များ၊ မေးခွန်းဖြေကြားသူများ၏ နောက်ခံအကြောင်းအရာနှင့် မေးခွန်း အပြည့်အစုံကို ဖော်ပြထားပါသည်။

### ဟင်းချို မြည်းခြင်း - ဆီလျော်သော နမူနာ အရွယ်အစားကို ရွေးချယ်ခြင်း

ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာနှင့် တောင်ကြီးမြို့တို့၏ စုစုပေါင်း လူဦးရေနှင့် နှိုင်းယှဉ်၍ လူဦးရေ ၂၄၀၀ ကို နမူနာ အရွယ်အစားအဖြစ် ရွေးချယ်ခြင်းမှာ အလွန်သေးငယ်သည်ဟု မြင်နိုင်စရာ ရှိပါသည်။ တကယ်တမ်းတွင် ၎င်းအရွယ်အစားသည် မြို့အသီးသီးရှိ လူဦးရေ စုစုပေါင်းကို ကိုယ်စားပြုရန်အတွက် လုံလောက်ပါသည်။ ယခု နမူနာအရွယ်အစားသည် မှားယွင်း တွက်ချက်မှုအတွက် ခွင့်ပြုထားသည့် အတိုင်းအတာ +/- ၅% အတွင်း ကျရောက်ပါသည်။ ကိုးကားရလျှင် အမေရိကန် ပြည်ထောင်စုရှိ ပျမ်းမျှသဘောထားအမြင် ကောက်ခံမှုများတွင် လူဦးရေ သန်း ၃၀၀ အတွက် နမူနာ ဦးရေ ၁၀၀၀ သာ ယူပါသည်။[၁၂] ရလဒ်နှင့် ပတ်သက်ပြီး စိတ်ချသေချာရအောင် လုံလောက်သော လူအရေအတွက်ကို မေးခြင်းသည်သာ အဓိက ဖြစ်သည်။ ယခု စစ်တမ်းကို လေ့လာဆန်းစစ်ရန် အသုံးပြု ထားသော စာရင်းအင်းဆိုင်ရာ နည်းလမ်းအရ လူဦးရေ စုစုပေါင်းကို ကိုယ်စားပြုနိုင်ရန် နမူနာ အနည်းငယ်သာ လိုအပ် ပါသည်။ ဥပမာ ပေးရမည်ဆိုပါက ဟင်းချိုတစ်ခွက်ကို ကောင်းစွာမွှေထားပြီးဖြစ်လျှင် ဟင်းချိုအရသာသိရန်အတွက် တစ်ခွက်လုံး ကုန်အောင်သောက်ရန် လိုမည်မဟုတ်ပေ။

မေးခွန်း ၁၃၅ ခု

ဖြေဆိုသူ ၂၄၁၄ ဦး

မြို့ ၅ မြို့

ရပ်ကွက် ၂၂၈ ခု



အပိုင်း ၂

# သဘောတရားရေးရာမူဘောင် မြို့ပြဘဝ သာယာချမ်းမြေ့မှုကို တိုင်းတာခြင်း

ဘဝသာယာချမ်းမြေ့မှုကို အဓိပ္ပာယ်ဖွင့်ဆိုရခက်သလို ၎င်းကိုလွှမ်းမိုးသည့် အကြောင်းရင်းများစွာလည်းရှိသည်။ ၂၀၁၈ မြို့ ပြ လူနေမှုဘဝ စစ်တမ်းတွင်မူ မြို့ပြဘဝ သာယာချမ်းမြေ့မှုကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် သဘောတရားရေးရာ မူဘောင်တစ်ခုရှိပါသည်။ မူဘောင်က ဘဝ သာယာချမ်းမြေ့မှုတွင် ပါဝင်သော အစိတ်အပိုင်းများနှင့် အကြောင်းအရာကို အဓိပ္ပာယ်ပိုင်းခြားသတ်မှတ်လိုက်ပြီး မည်သည့်အချက်များ ပါဝင်၍ မည်သည့်အချက်များ ကျန်ရစ်ခဲ့သည်ဆိုသော မေးခွန်းများကို ယုတ္တိကျကျ ရှင်းလင်းဖြေဆိုမည်ဖြစ်သည်။ ၂၀၁၈မြို့ ပြလူနေမှုဘဝ စစ်တမ်းတွင် ပါဝင်သည့် ရှုပ်ထွေးသော အယူအဆများနှင့် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားမှုကို မူဘောင်အားဖြင့် ရှင်းလင်းစေမည် ဖြစ်သည်။ ယခု သုတေသနစာတမ်းတွင် ဖော်ပြထားသော *တွေ့ရှိချက်များ* အခန်းကိုလည်း သဘောတရားရေးရာ မူဘောင်ပေါ်တွင် အခြေခံထားသည်။

၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်း၏ သဘောတရားရေးရာ မူဘောင်ကို အခြားသော မြို့ပြနေထိုင်မှုဆိုင်ရာ သဘောတရားမူဘောင်မှ ပုံစံထုတ်နုတ်ထားသော်လည်း ယခုစစ်တမ်း၏မူဘောင်မှာ ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုအပေါ်တွင် အဓိကထားခြင်း ဖြစ်သည်။[၃၃] မြန်မာနိုင်ငံ အစိုးရသစ်၏ မူဝါဒချမှတ်ခြင်းတွင် အဓိကရေသောက်မြစ်မှာ လူတို့၏ဘဝများကို တိုးတက်ပြောင်းလဲစေရန် (ဥပမာ - သာယာ ဝပြောမှု ရှိစေရေး) ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအရ မြန်မာအစိုးရသည် "လူထုဗဟိုပြု" မဟာဗျူဟာတစ်ခုကို ချမှတ်ခဲ့ပြီး ၎င်းမဟာဗျူဟာတွင် "မြန်မာနိုင်ငံတော် အစိုးရသည် ရေရှည်တည်တံ့သော စီးပွားရေးနှင့် လူမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဘက်ညီမျှတစေရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်....ပြည်သူများ ဘက်ပေါင်းစုံမှ လုံခြုံမှုရှိစေရေး တိုးမြှင့်ဆောင်ရွက်မည်။" ဟု ဖော်ပြထားပါသည်။[၃၄]

ဘဝသာယာချမ်းမြေ့မှုကို အရေးကြီးသည်ဟု ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားသော်လည်း လူအချင်းချင်း ဆက်သွယ်ပေါင်းသင်းမှု အရည်အသွေး သို့မဟုတ် နိုင်ငံရေးအရလွတ်လပ်မှု စသည်တို့ကဲ့သို့ ဘဝသာယာချမ်းမြေ့မှု၏ အစိတ်အပိုင်းများမှာ တိုင်းတာရန်ခက်ခဲသဖြင့် မူဝါဒချမှတ်သူများက မကြာခဏဆိုသလို ဥပက္ခာပြုထားကြသည်။ ဘဝသာယာချမ်းမြေ့မှုနှင့် ပတ်သက်သည့် စိတ်အားထက်သန်မှုများ ရှိကြသည့် တိုင်အောင် ၎င်းတိုင်းတာချက်များကို မူဝါဒထဲတွင် အသုံးပြုသည့် မူဝါဒချမှတ်သူများ မရှိသလောက် ရှားပါးသည်။ သို့သော်လည်း ယခုတွင်တော့ ပြောင်းလဲမှုများ ဖြစ်ပေါ် နေပါသည်။ ကမ္ဘာအနှံ့ရှိ မူဝါဒချမှတ်သူများသည် ၎င်းတို့မူဝါဒများ ထိရောက်မှု ရှိမရှိ ပြန်လည် သုံးသပ်ရာတွင် လူထုဘဝ သာယာချမ်းမြေ့မှုကို ဆန်းစစ်လေ့လာ၍ အကဲဖြတ်လာကြပါသည်။ အစိုးရများနှင့် သုတေသီတို့သည် ဘဝ သာယာချမ်းမြေ့မှု၏ အဓိက အစိတ်အပိုင်းများနှင့် ၎င်းတို့ကို မည်ကဲ့သို့ တိုင်းတာမည်ကို လေ့လာရှာဖွေလာကြပြီး ဖြစ်သည်။ ယခုစစ်တမ်း သည်လည်း ဘဝသာယာချမ်းမြေ့မှုနှင့် သက်ဆိုင်သည့် နောက်ဆုံးသိပ္ပံနည်းကျ သုတေသနများနှင့် မူဝါဒရေးရာ တွေးခေါ်မှုများကို မြန်မာနိုင်ငံရှိ မြို့များတွင် အသုံးချနိုင်ရန် နည်းလမ်းများ ရှာဖွေထားပါသည်။[၃၅] ယခုစစ်တမ်းက ဆုံးဖြတ်ချက်ချမှတ်သူများ မြို့ပြဘဝ သာယာချမ်းမြေ့မှုနှင့် စပ်လျဉ်း၍ ထဲထဲဝင်ဝင် နားလည်သဘောပေါက်ရန် ပံ့ပိုးခြင်းအားဖြင့် ၎င်းတို့သည် ဘဝသာယာချမ်းမြေ့မှု ရရှိအောင် လုပ်ဆောင်နိုင်မည့် အစီအစဉ်များနှင့် မူဝါဒများကို ယခင်ကထက် ပိုမို၍ ထိထိရောက်ရောက် ချမှတ်လာနိုင်မည်ဖြစ်သည်။



# ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှု




ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုသည် သဘောတရားရေးရာ မူဘောင်တွင် ဗဟိုချက်တစ်ခုအဖြစ် ပါဝင်ပါသည်။ ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုကို တိုင်းတာရန်အတွက် ဗြိတိန်အစိုးရ၏ အမျိုးသားစာရင်းအင်းတွင် ၂၀၁၁ ခုနှစ်ကတည်းက အသုံးပြုခဲ့သော မေးခွန်း (၄) ခုကို ယခုစစ်တမ်းတွင် အသုံးပြုထားပါသည်။ ၎င်းမေးခွန်းများသည် လူတို့အား ၎င်းတို့၏ ကိုယ်ပိုင်ဘဝကို ပြန်လည်သုံးသပ်စေသည်။ မေးခွန်း ဖြေဆိုသူများအား ၎င်းတို့၏ ဘဝအပေါ် ကျေနပ်မှု၊ ကျန်းမာရေး၊ စိတ်ပူပန်မှုနှင့် ဘဝအပေါ် တန်ဖိုးထားမှုတို့ကို အဆင့်သတ်မှတ်ပေးရန် မေးမြန်းထားခြင်း ဖြစ်သည်။[၁၆] ၎င်းမေးခွန်းများဖြင့် စာဖတ်သူများသည် မြို့နေထိုင်သူများ၏ ကျန်းမာရေး၊ ပျော်ရွှင်မှုနှင့် စိတ်ဒုက္ခ မရှိခြင်း (hedonic well-being) တို့ကို သာမက မြို့နေထိုင်သူများသည် ဘဝကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်း နေထိုင်ရခြင်း (eudaimonic well-being)[၁၇] ရှိမရှိ သိနိုင်မည် ဖြစ်သည်။

မေးခွန်းများသည် ဘဝသာယာချမ်းမြေ့မှုကို သုတေသီများ လေ့လာရာတွင် အသုံးပြုသည့် ချဉ်းကပ်မှု များစွာထဲမှ တစ်ခုဖြစ်သည်။ ရေခံမြေခံနှင့် အကောင်းဆုံး ကိုက်ညီမှု၊ မြို့ပြလူနေမှုဘဝ စစ်တမ်း၏ ရည်ရွယ်ချက်နှင့် ဆီလျော်မှု၊ လက်ဝယ်ရှိသော အရင်းအမြစ်များနှင့် အံဝင်ခွင်ကျရှိမှု တို့ကြောင့် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

# ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှု၏ အဓိက အစိတ်အပိုင်းများ




သဘောတရားရေးရာ မူဘောင်ထဲတွင် ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုကို အဓိကအပိုင်း သုံးပိုင်း ထပ်မံ၍ ခွဲခြားထားပါပြီး၊ ၎င်းတို့မှာ စီးပွားရေးပြေလည်မှု၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှုနှင့် လူမှုဆက်ဆံရေး အဆင်ပြေမှုတို့ဖြစ်သည်။ ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုနှင့်ပတ်သက်၍ တိုက်ရိုက်မေးခွန်းများ မေးပြီးသည့်နောက် ဘဝသာယာချမ်းမြေ့မှုအပေါ် သက်ရောက်နိုင်သော အစိတ်အပိုင်းများအကြောင်း စစ်တမ်းတွင် ဆက်လက်၍ မေးခွန်းထုတ်ထားပါသည်။ ဘဝသာယာချမ်းမြေ့မှုအပေါ် သက်ရောက်နိုင်သော အစိတ်အပိုင်းများကို မေးရာတွင် လူတစ်ယောက်၏ ပျော်ရွှင်မှု သို့မဟုတ် စိတ်ညစ်မှုကို ဖော်ပြသည့် မေးခွန်းမျိုး မဟုတ်ပဲ စားစရာလုံလောက်စွာ ရှိမရှိ သို့မဟုတ် ရပ်ရွာအသိုင်းအဝန်းတွင် လက်ခံနှစ်သက်ခြင်း ခံရမှု ရှိမရှိ စသည်တို့ကို မေးခြင်းဖြစ်သည်။ ၎င်းမေးခွန်းများသည် အဘယ်ကြောင့် လူတစ်ယောက် ပျော်ရွှင်ခြင်း နှင့် စိတ်ပူပန်ခြင်း ရှိမရှိကို ဖော်ပြပေးနိုင်သည်။ ၎င်းမေးခွန်းများသည် ရုပ်ပိုင်းဆိုင်ရာ အခြေအနေကို မေးမြန်းခြင်း (ဥပမာ - သင်၏ဝင်ငွေ မည်မျှရှိသနည်း။)၊ အတွေ့အကြုံကို မေးမြန်းခြင်း (တစ်ပတ်လျှင် အားကစား သို့မဟုတ် လေ့ကျင့်ခန်း ဘယ်နှစ်ကြိမ် လုပ်သနည်း)၊ ခံနိုင်ရည်ရှိမှု ("မထင်မှတ်ပဲ ကျန်းမာရေး အတွက် ကုန်ကျစရာ ပေါ်လာပါက သင့်တွင်ပေးရန် ငွေလုံလောက်စွာ ရှိပါသလား) စသည်တို့နှင့် အခြား ဘဝ သာယာချမ်းမြေ့မှုအပေါ် သက်ရောက်မှုရှိသည့် အစိတ်အပိုင်းများကို မေးမြန်းစုံစမ်းသည်။ အပိုင်း တစ်ခုစီတိုင်းနှင့် နောက်ဆက်တွဲမေးခွန်းများမှာ ဘဝသာယာချမ်းမြေ့မှုနှင့် သက်ဆိုင်ဆက်စပ်မှု ရှိအောင် ရွေးချယ်ထား ပါသည်။ ၎င်းအပိုင်း သုံးခုတို့သည် ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုအပေါ် လွှမ်းမိုးမှုရှိသည်သာမက တစ်ခုနှင့်တစ်ခု ရှုပ်ထွေးချိတ်ဆက်နေပြီး သိမ်မွေ့စွာ လွှမ်းမိုးမှုရှိကြပါသည်။ ဥပမာ အားဖြင့် တစ်စုံတစ်ဦး၏ လူမှုချိတ်ဆက်ခြင်း အားကောင်းမှု (လူမှုဆက်ဆံရေး အဆင်ပြေမှု) သည် အရေးပေါ် ကျန်းမာရေးအတွက် (ရုပ်ပိုင်းဆိုင်ရာ ဘေးကင်း ကျန်းမာမှု) ငွေလိုအပ်ပါက သူငယ်ချင်း တစ်ဦးဦးထံမှ ငွေချေးနိုင်ခြင်း ရှိမရှိကို လွှမ်းမိုးသလို ၎င်းတို့သည် ရရှိနိုင်သော အလုပ်အကိုင် အခွင့်အလမ်းများကို ၎င်းတို့ လက်လှမ်းမီမှု (စီးပွားရေး ပြေလည်မှု) အပေါ် လွှမ်းမိုးမှုရှိသည်။

## စီးပွားရေး ပြေလည်မှု။

*မြို့တွင်နေထိုင်သူများသည် ၎င်းတို့၏ ငွေကြေးလိုအပ်ချက်နှင့် ဆန္ဒများကို ဖြည့်ဆည်းနိုင်ပါသလား။ အောင်မြင်သော သက်မွေးဝမ်းကျောင်းမှုကို ရှာဖွေလျှောက်လှမ်းနိုင်ပါသလား။ ၎င်းတို့သည် စီးပွားရေးစနစ်ကို တရားမျှတပြီး ၎င်းတို့ ကြိုးစားရှင်သန်နိုင်သည်ဟု မြင်ပါသလား။*

ကောင်းမွန်သော အလုပ်အကိုင်ကို ရှာဖွေနိုင်ပြီး သင့်တော်သော ဝင်ငွေကို ရှာဖွေနိုင်ခြင်း တစ်နည်းအားဖြင့် စီးပွားရေး အခြေအနေများ သည် ဘဝ သာယာချမ်းမြေ့မှု အတွက် အဓိက အရေးကြီးသော အစိတ်အပိုင်း ဖြစ်သည်။[၁၈] ၎င်းတို့သည် လူများ မြို့သို့ ပြောင်းရွှေ့ရခြင်း၏ အကြောင်းရင်း ဖြစ်သည်။ အလုပ်အကိုင်နှင့် ဝင်ငွေသည် တစ်စုံတစ်ဦးနှင့် ၎င်းတို့၏ မိသားစုများကို စားဝတ်နေရေးပြေလည်စေသည် သာမက ဘဝရှင်သန်ရခြင်း အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကိုလည်း ပေးပါသည်။ မြို့ပြလူနေမှုဘဝ စစ်တမ်းသည် အလုပ်အကိုင်နှင့် ဝင်ငွေအကြောင်း ပတ်သက်သည့် မေးခွန်းများ သာမက ဖြေဆိုသူများ၏ စီးပွားရေးဆိုင်ရာ ခံနိုင်ရည်ရှိမှု သို့မဟုတ်၊ မထင်မှတ်ပဲ ငွေသုံးရခြင်း သို့မဟုတ် ဝင်ငွေ ဆုံးရှုံးခြင်းမှ ပြန်လည်ထူထောင်နိုင်သည့် စွမ်းရည်တို့ကိုပါ မေးမြန်းထားပါသည်။ ၎င်းအချက်အလက်အပေါ် မူတည်၍ ဝင်ငွေအမျိုးမျိုးနှင့် လူဦးရေ အမျိုးအစားအမျိုးမျိုး ခွဲခြားလိုက်သောအခါ မည်သည့်အုပ်စုသည် ဆင်းရဲမှုအတွင်းသို့ ကျရောက်နိုင်ခြေ ရှိခြင်းနှင့် ဖြေဆိုသူများသည် ၎င်းတို့၏ စီးပွားရေးအခြေအနေများကို မည်ကဲ့သို့ ဖြေရှင်းကြသည်ကို မူဝါဒ ချမှတ်သူများ အနေဖြင့် ပိုမို၍ နားလည် သဘောပေါက်လာမည် ဖြစ်သည်။ မူဝါဒချမှတ်သူများ လူမှု အကာအကွယ် အစီအစဉ်များ ရေးဆွဲရာတွင် ယခုအချက်အလက်များသည် အကူအညီဖြစ်နိုင်သည်။ ကြွယ်ဝချမ်းသာမှု၊ တစ်စုံတစ်ဦး၏ လူမှုအဆင့်အတန်းအပေါ် ခံယူချက်နှင့် တန်းတူညီမျှမှု မရှိခြင်းတို့သည် ဘဝသာယာ ချမ်းမြေ့မှုအပေါ် သက်ရောက်မှု ရှိသည်ဟု သုတေသနများက ဆိုသည်။[၁၉] ထို့ကြောင့် ယခုစစ်တမ်းတွင် မေးခွန်းဖြေဆိုသူများအား ၎င်းတို့မြို့တွင် တန်းတူညီမျှမှု မရှိခြင်းသည် ပြဿနာတစ်ခုအဖြစ် ရှိမရှိနှင့် လက်ရှိစီးပွားရေး စနစ်သည် လူတိုင်း အလုပ်ကြိုးစား၍ တိုးတက်ကြီးပွားနိုင်ခြင်း ရှိမရှိတို့ကို မေးမြန်းထားသည်။

## လူမှုဆက်ဆံရေး အဆင်ပြေမှု။

*မြို့တွင်နေထိုင်သူများသည် လူမှုရေးအရ သို့မဟုတ် ရပ်ရွာတွင် အရာဝင်သည်ဟု ခံစားရပါသလား။ လူမှု အသိုင်းအဝန်းအတွင်းရှိ အခြားသောသူများကို ယုံကြည်မှု ရှိပါသလား။ ၎င်းတို့တွင် ယုံကြည်စိတ်ချရသော လူမှုရေး ပံ့ပိုးပေးသည့် အသိုင်းအဝန်းနှင့် အဓိပ္ပာယ်ရှိသော ပေါင်းသင်းဆက်ဆံရေးများ ရှိပါသလား။*

သုတေသနတွေ့ရှိချက်များအရ အဓိပ္ပာယ်ရှိသော ပေါင်းသင်းဆက်ဆံရေးရှိခြင်းနှင့်  မိမိကို နှစ်သက်ကြိုဆိုသော လူမှုသဟဇာတဖြစ်သည့် အသိုင်းအဝန်းတွင် နေထိုင်ရခြင်းတို့သည် ပျော်ရွှင်ခြင်းနှင့် ဘဝသာယာချမ်းမြေ့မှု တို့အတွက် အရေးကြီးသော အချက်များ ဖြစ်သည်။[၂၀]  သုတေသနတစ်ခုက ယုံကြည်မှုသည် ပညာရေးကဲ့သို့ပင် စီးပွားရေး တိုးတက်ရန်အတွက် အရေးကြီးသောအချက်ဖြစ်သည်ဟု ဆိုသည်။[၂၁] ချိတ်ဆက် ပတ်သက်ခြင်းနှင့် စံတန်ဖိုးများ မျှဝေခံယူခြင်းအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုကြသည့် လူမှုအရင်းအနှီး (social capital) သည် တိုးတက်မှုနှင့် တည်ငြိမ် အေးချမ်းမှု လိုအပ်သည့်၊ အငြင်းပွားမှုများကို မကြာခဏပင် ဖြေရှင်းနိုင်ခြင်း မရှိသည့် တရားရုံးကဲ့သို့ တရားဝင် အင်စတီကျူးရှင်းများ အားနည်းသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် အထူးပင် လိုအပ်ပါသည်။[၂၂] လူမှုအရင်းအနှီး တည်ရှိမှု အခြေအနေနှင့် ၎င်းကို အစိုးရမှ မည်ကဲ့သို့ ပြုစုပျိုးထောင် နေသည်ကို နားလည်သဘောပေါက်နိုင်ရန် မြို့ပြ လူမှုဘဝ စစ်တမ်းတွင် ဆက်နွယ်မှု ခံစားရခြင်းနှင့် ကိုယ်ပိုင် လက္ခဏာ၊ ရပ်ရွာအသိုင်းအဝန်းတွင် ပါဝင်မှု၊ လူမှုအဆက် ဖြတ်ခြင်းနှင့် ယုံကြည်မှုစသည့် အကြောင်းတို့ကို မေးခွန်းထုတ်ထားပါသည်။[၂၃]

လူမှုအသိုင်းအဝိုင်းအဆင့် ပေါင်းသင်းဆက်ဆံရေးအကြောင်း မေးခွန်းများသာမက မြို့ပြလူနေမှုဘဝ စစ်တမ်းသည် တကိုယ်ရည်နှင့် ရပ်ရွာအဆင့် ပေါင်းသင်းဆက်ဆံရေး အကြောင်းလည်း မေးခွန်းများ မေးမြန်းခဲ့သည်။ သုတေသနများက မိသားစုနှင့် ပတ်ဝန်းကျင်မှ ဖယ်ကျဉ်ထားသည်ဟု ခံစားရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းတို့သည် ဘဝသာယာချမ်းမြေ့မှုကို အဟန့်အတားဖြစ်စေသည်ဟု ဆိုပါသည်။[၂၄]

### ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှု။

*ဖြေဆိုသူများသည် ကျန်းမာ ပါသလား။ လုံခြုံမှု ခံစားရပါ သလား။ ရုတ်တရက် မထင်မှတ်ပဲ ဖျားနာခြင်း၊ ဒဏ်ရာရခြင်း သို့မဟုတ် ရောဂါဘယ များကို ရင်ဆိုင်ဖြေရှင်း နိုင်စွမ်း ရှိပါသလား။*

ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာခြင်းသည် ဘဝသာယာချမ်းမြေ့ခြင်း တစ်ခုလုံးတွင် အရေးကြီးသော အစိတ်အပိုင်း အဖြစ်ပါဝင်ပါသည်။ ကျန်းမာရေးကောင်းသော လူများသည် ဘဝအပေါ် ကျေနပ်မှုနှင့် ပျော်ရွှင်မှု ပိုမိုမြင့်မားကြသည်ကို တွေ့ရပါသည်။[၂၅] ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှုကို နားလည် သဘောပေါက်ရန် ၂၀၁၈ မြို့ ပြလူနေမှု ဘဝစစ်တမ်းတွင် မေးခွန်းအမျိုးမျိုး မေးမြန်းထားပါသည်။ ၂၀၁၈ မြို့ ပြလူနေမှုဘဝ စစ်တမ်းတွင် ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုဆိုင်ရာ မေးခွန်းများ ဖြစ်ကြသည့် စိတ်ပူပန်ခြင်း၊ ကျန်းမာခြင်းနှင့် လုံခြုံမှုရှိခြင်းအကြောင်း မေးခွန်းများ သာမက ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှု၏ အစိတ်အပိုင်းများ ဖြစ်ကြသည့် လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အကုန်အကျခံနိုင်ခြင်းနှင့် မှုခင်းသို့မဟုတ် အကြမ်းဖက်ခြင်းကို တွေ့ကြုံရခြင်း အစရှိသည့် အကြောင်းတို့ကိုလည်း မေးမြန်းခဲ့ပါသည်။ မထင်မှတ်ဘဲ ဖျားနာခြင်း သို့မဟုတ် ဒဏ်ရာရခြင်းတို့ကြောင့် ဆင်းရဲဒုက္ခ ရောက်သည်အထိမဖြစ်ဘဲ ရပ်တည်နိုင်သောစွမ်းရည်ဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ရှိခြင်းကိုလည်း ယခုမြို့ပြလူနေမှုဘဝစစ်တမ်းတွင် ရှာဖွေဖော်ထုတ်ထားပါသည်။

# မြို့ပြအုပ်ချုပ်စီမံရေး




မြို့ ပြဘဝ သာယာချမ်းမြေ့မှု မြှင့်တင်ရာ၌ အစိုးရ၏ အခန်းကဏ္ဍ ပါဝင်မှုနှင့် စပ်လျဉ်းသည့် မေးခွန်းများကိုလည်း ယခုစာတမ်းတွင် ထည့်သွင်းထားပါသည်။ အထက်တွင် ဖော်ပြထားသည့် ဘဝ သာယာချမ်းမြေ့မှု၏ အစိတ်အပိုင်း သုံးခုလုံးကို အစိုးရသည် လွှမ်းမိုး ပါဝင်ခြင်း ပြုလုပ်နိုင်ပါသည်။ မြို့ပြဘဝ သာယာချမ်းမြေ့မှု အပေါ် အစိုးရတစ်ခုတည်းသာ လွှမ်းမိုးသက်ရောက်မှု ရှိနေသည် မဟုတ်ပါ၊ မြန်မာနိုင်ငံရှိ တက်ကြွအားကောင်းသော လူမှုအသိုင်းအဝန်း၊ စီးပွားရေး လုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များတို့သည် မြန်မာ့ မြို့ပြ ဘဝသာယာချမ်းမြေ့မှုအပေါ် ကြီးစွာသက်ရောက်လွှမ်းမိုး နေပါသည်။ သို့သော်လည်း ပါဝင်သက်ဆိုင်သူ အင်အားစုအားလုံးအပေါ် လွှမ်းမိုးမှု ရှိနိုင်သည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းစဉ်များနှင့် ဝန်းကျင်များ ဖန်တီးပေးသည်မှာ အစိုးရပင် ဖြစ်သည်။ မူဝါဒချမှတ်ခြင်း အပေါ် အချက်အလက်များပေးနိုင်ရန် ရည်ရွယ်သည့်အတွက် ယခု စစ်တမ်းတွင် မြို့ပြစီမံအုပ်ချုပ်ရေး အရည်အသွေးနှင့် စပ်လျဉ်းသည့် မေးခွန်းများ ထည့်သွင်းထားသလို လူထုနှင့် မြို့အုပ်ချုပ်ရေး အာဏာပိုင်များအကြား ဆက်ဆံရေး အတွက်လည်း မေးခွန်းများ ပါဝင်ပါသည်။ ယခုစစ်တမ်းတွင် ပါဝင်သူများကို နိုင်ငံရေးတွင် ပါဝင်နိုင်မှု၊ လွတ်လပ်မှု ရှိပါသလား၊ လူထု လိုအပ်ချက်နှင့် ကိုက်ညီသော ဝန်ဆောင်မှုများကို ပေးနိုင်ပါသလား၊ အစိုးရ ကိုယ်စားလှယ်များသည် လူထု ဆန္ဒကို ကိုယ်စားပြုပါသလား စသည့် မေးခွန်းများကို မေးမြန်းခဲ့သည်။

လွတ်လပ်မှု၊ အထူးသဖြင့် လွတ်လပ်စွာ ရွေးချယ်နိုင်ခွင့်နှင့် နိုင်ငံရေးတွင် ပါဝင်နိုင်ခြင်း တစ်နည်းအားဖြင့် ဖြေဆိုသူများ အနေနှင့် ၎င်းတို့၏ ဘဝများအပေါ် သက်ရောက်မှုရှိသော နိုင်ငံရေးဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်မှု တို့သည် ဘဝ သာယာချမ်းမြေ့မှုနှင့် ပျော်ရွှင်မှုတို့၏ အဓိက အရေးပါသော အစိတ်အပိုင်းများ ဖြစ်ကြသည်။[၂၆] ပြည်သူများသည် အစိုးရမှ ၎င်းတို့၏ အသံကို နားစွင့်သည်ဟု ထင်မြင်ပါက လေးစားစွာ ဆက်ဆံခံရသည်ဟု ခံစားရသည်။ အချို့သော သုတေသနတွေ့ရှိချက် အရ ပျော်ရွှင်မှုနှင့် ဘဝသာယာချမ်းမြေ့မှုရှိရန် လွတ်လပ်စွာ ရွေးချယ် နိုင်ခွင့်နှင့် နိုင်ငံရေးတွင် ပါဝင်နိုင်ခြင်းတို့သည် ဝင်ငွေရရှိမှုထက်ပင် ပိုမို၍ အရေးပါသည်။[၂၇] ၎င်းသုတေသနများတွင် ဖော်ပြနေသည်က လူတစ်ယောက်အတွက် မိမိ၏ဘဝအပေါ် ကောင်းမွန်စွာ ထိန်းချုပ်လှုပ်ရှားခွင့် ရခြင်းသည် ဘဝသာယာချမ်းမြေ့မှုရှိရန်အတွက် အဓိကအခြေခံ အချက်ပင် ဖြစ်သည်။ ထို့ကြောင့် စစ်တမ်းတွင် ဖြေဆိုသူများကို ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ပြောနိုင်ခွင့် အခြေအနေ၊ အစိုးရ၏ တုံ့ပြန်မှု နှင့် အစိုးရ၏ ဆုံးဖြတ်ချက်များအပေါ်တွင် ၎င်းတို့၏ သက်ရောက်မှု စသည်တို့ကို မေးမြန်းခဲ့ပါသည်။

ယခုအခန်းမှာ အစိုးရ၏ စွမ်းဆောင်ရည်အပေါ် တိုက်ရိုက် သုံးသပ် လေ့လာထားခြင်း ဖြစ်သည်။ မြို့တော်၏ လားရာ၊ အစိုးရအုပ်ချုပ်သူတို့၏ ခေါင်းဆောင်မှု စွမ်းရည်နှင့် အမျှော်အမြင်ရှိမှု၊ အစိုးရနှင့် လူထုအကြား ထိတွေ့ဆက်ဆံရေး၊ အချို့သော ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လက်လှမ်းမီနိုင်မှု အစရှိသည်တို့ကို စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများအား မေးမြန်းခဲ့ခြင်း ဖြစ်သည်။

# မူဘောင်တစ်ခုလုံးကို ခြုံငုံဖော်ပြချက်

## မြို့ပြအုပ်ချုပ် စီမံမှု

နိုင်ငံရေးယုံကြည်မှုကို လွတ်လပ်စွာနှင့် လုံခြုံမှုရှိစွာ ထုတ်ဖော်နိုင်ခြင်း၊ နိုင်ငံရေးနှင့် အစိုးရအဖွဲ့တွင် လွတ်လပ်စွာ ပါဝင်နိုင်ခွင့်။ လူထု၏ လိုအပ်ချက်နှင့်အညီ အရည်အသွေး ပြည့်ဝသော ဝန်ဆောင်မှုပေးသော၊ တုံ့ပြန်ဖြည့်ဆည်းမှု ရှိသော အစိုးရရှိခြင်း။ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်ရှိသော ခေါင်းဆောင်များ ရှိခြင်း။

## ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှု

ရောဂါဘယ မရှိခြင်း၊ ကာကွယ်နိုင်သော ရောဂါဘယနှင့် အခြေအနေများကို ရှောင်ကြဉ်နိုင်ခြင်း၊ မောပန်းခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ဖိစီးခြင်းမရှိပဲ ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်မျှတကျန်းမာသည့် အခြေအနေတွင် နေထိုင်နိုင်ခြင်း။[၂၉] ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် ပတ်သက်သည့် အသိရှိခြင်း။




## စီးပွားရေး ပြေလည်မှု

တစ်စုံတစ်ဦး သို့မဟုတ် အိမ်ထောင်စုတစ်ခုတွင် အစားအစာ၊ အိမ်၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ အဝတ်အစားနှင့် ကလေးသူငယ် စောင့်ရှောက်မှုတို့ အပါအဝင် အခြေခံ လိုအပ်ချက်များကို တတ်နိုင်သည့် ငွေကြေးဆိုင်ရာ လုံခြုံမှုရှိခြင်း။ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချနိုင်ရန် လွတ်လပ်မှုရှိခြင်းနှင့် အောင်မြင်ကြီးပွားနိုင်သော အလုပ်အကိုင် အခွင့်အလမ်းကို ကြိုးစားရယူနိုင်ခွင့်၊ စီးပွားရေး အမှတ်မထင် ဖြစ်ရပ်များကို ခံနိုင်ရည်ရှိမှု။[၂၈]

## ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှု

စိတ်ပူပန် စိုးရိမ်ခြင်း နည်းပါး၍ ကျန်းမာသော၊ ပျော်ရွှင်သော၊ ကျေနပ်ပြီး တန်ဖိုးရှိသော ဘဝရှိခြင်း။

## လူမှုဆက်ဆံရေး အဆင်ပြေမှု

လူမှု အသိုင်းအဝန်းအတွင်း၊ ရပ်ရွာအတွင်းနှင့် မိသားစုအတွင်း အခြားသော သူများနှင့် အဓိပ္ပာယ်ပြည့်ဝသော လူမှုပေါင်းသင်းဆက်ဆံရေး ရှိခြင်း။ အဓိက ခံယူထားသော ကိုယ်ပိုင်လက္ခဏာသည် အသိုင်းအဝန်းတွင် ဘုံရှိမှု အတိုင်းအတာ။ လူမှုအသိုင်းအဝန်းရှိ အခြားသူများကို ယုံကြည်မှုရှိခြင်း၊ လူမှုတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှု ခံစားနိုင်ခြင်း။

# ကွဲပြားစုံလင်သော မြန်မာ့လူ့အဖွဲ့အစည်းများနှင့် ခွဲခြားခံအုပ်စုများ၏ မြို့ပြ အတွေ့အကြုံများကို နားလည်သဘောပေါက်ခြင်း

၂၀၁၈ မြို့ ပြလူနေမှုဘဝ စစ်တမ်းသည် အစဉ်အလာအရ ခွဲခြားခံထား ရသည့် အုပ်စုများ အပါအဝင် ကွဲပြားစုံလင်သော လူမှုအသိုင်းအဝန်း များ၏ အမျိုးမျိုးသော အတွေ့အကြုံနှင့် သဘောထားအမြင်များကို ဖော်ပြနိုင်ရန် ရည်ရွယ်ပါသည်။ ခွဲခြားခံထားရသည့် အုပ်စုများသည် သမိုင်းကြောင်းအရပင် လူမှုအသိုင်းအဝန်းတွင် ကိုယ်စားပြုအသံ နည်းပါးသလို ၎င်းတို့အပေါ် သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍လည်း ပါဝင်နိုင်ခွင့် အနည်းငယ်သာ ရှိသည်။ ၂၀၁၈ မြို့ပြ လူနေမှုဘဝ စစ်တမ်းတွင် ရှုပ်ထွေးလှသည့် လူနည်းစုအုပ်စုများနှင့် လူများစုအုပ်စုများအကြား အတွေ့အကြုံ တူညီမှုနှင့် ကွဲပြားခြားနားမှု များကို နားလည်နိုင်ရန် အထူးသဖြင့် ကြိုးပမ်းထားပါသည်။

မြို့ပြတဝန်းရှိ လူတို့၏ ဘဝများ တိုးတက်ကောင်းမွန်လာမှုကို နားလည် သဘောပေါက်ရန် အရေးကြီးသည် သာမက ထိုသို့ တိုးတက် ကောင်းမွန်လာမှုကို မည်ကဲ့သို့ ဖြန့်ဖြူးညီမျှစေသည်ကို နားလည်ရန် မှာလည်း အရေးကြီးပါသည်။ ထို့ကြောင့် ၂၀၁၈ စစ်တမ်းသည် ၂၀၁၇ စစ်တမ်းထက် ပိုမိုကြီးမားသော နမူနာဦးရေကို မေးခွန်းမေးမြန်းခဲ့ပြီး လူမှုပထဝီ အကြောင်းအရာများကို ပိုမိုထည့်သွင်းနိုင်သည့် စစ်တမ်း တွေ့ရှိချက်များကို ဖော်ပြထားပါသည်။ ဥပမာအနေဖြင့် ဝင်ငွေနိမ့် ဖြေဆိုသူများသည် ဝင်ငွေမြင့် ဖြေဆိုသူများကဲ့သို့ အမှိုက်သိမ်း ဝန်ဆောင်မှုအပေါ် ကျေနပ်ခြင်း ရှိမရှိ၊ အမျိုးသမီးများက ၎င်းတို့သည် မြို့ ပြတွင် အမျိုးသားများကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင် သည်ဟု ခံစားရခြင်း ရှိမရှိ၊ သို့မဟုတ် အသစ်ပြောင်းရွှေ့ အခြေချသူ များသည် ရပ်ရွာထဲတွင် နှစ်ပေါင်းစွာ နေလာခဲ့သူများကဲ့သို့ ပတ်ဝန်းကျင်တွင် ကြိုဆိုမှု ခံရခြင်း ရှိမရှိ စသည်တို့ကို ဆန်းစစ် လေ့လာသူများ သုံးသပ်နိုင်ရန် ဒီဇိုင်းဆွဲထားခြင်း ဖြစ်သည်။ မြို့ပြ လူနေမှုဘဝ စစ်တမ်းကို မူဝါဒချမှတ်ခြင်း ဖြစ်စဉ်တွင် အသုံးဝင်နိုင်ရန် အတွက် မြန်မာနိုင်ငံရှိ မြို့များ၏ စုံလင်ကွဲပြားသော အတွေ့အကြုံများကို ဖော်ထုတ်နိုင်ရမည် ဖြစ်ပြီး၊ ထိုမှသာ မြို့ပြနေထိုင်သူများ၏ လိုအပ် ချက်နှင့် ကိုက်ညီသော မူဝါဒများကို ချမှတ်နိုင်မည် ဖြစ်သည်။

သမိုင်းကြောင်းအရ မြန်မာနိုင်ငံရှိ မူဝါဒချမှတ်ခြင်း ဖြစ်စဉ်သည် ကန့်လန့်ကာ နောက်ကွယ်မှ မူဝါဒများကို ချမှတ်ပြီး လက်တစ်ဆုပ်စာ လူတစ်စု ကောင်းကျိုးအတွက်သာ ဖြစ်ခဲ့သည်။ သို့သော်လည်း ယခုအခါ အစိုးရမှ ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်အတိုင်း လုပ်ဆောင် ဖြည့်ဆည်းသည့် အကူးအပြောင်း ကာလအဖြစ် နိုင်ငံသည် ရှေ့ဆက် နေသည်ဖြစ်ရာ အခွင့်အာဏာကို လက်လှမ်းမီမှု နည်းပါးသည့် ပြည်သူများ၏ အတွေ့အကြုံများကို သိရှိရန် ပို၍ အရေးပါလာသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်း တရားဝင်ဖြစ်မှု အားကောင်း ခိုင်မာရန်မှာ ကွဲပြားစုံလင်သော လူထု၏လိုအပ်ချက်နှင့် မျှော်လင့် ချက်ကို မူဝါဒချမှတ်သူများ နားလည်တုံ့ပြန်နိုင်ခြင်း ရှိမရှိအပေါ် တစ်စိတ်တစ်ပိုင်း မှီခိုနေသည်။ မြို့ပြနေထိုင်သူများ၏ ဘဝသာယာ ချမ်းမြေ့မှုကို ယခုစစ်တမ်း၌ အဓိကအချက်အဖြစ် ထည့်သွင်းထားပြီး မူဝါဒချမှတ်သူများကို ယုံကြည်စိတ်ချရသည့် အထောက်အထားများဖြင့် ပံ့ပိုးနိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။

> “လူအင်အားကိုသာ ကြည့်၍ လူနည်းစုကို မသတ်မှတ်နိုင်တော့ပါ။ လူနည်းစု ဆိုသည်မှာ အာဏာကို လက်လှမ်းမမီသူများကို ပြောခြင်းသာ”

ဒေါ်အောင်ဆန်းစုကြည်
Freedom from Fear



အပိုင်း ၄

# တွေ့ရှိချက်များ



# ၃ ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုဆိုင်ရာ တွေ့ရှိချက်များ

ဤအခန်းတွင် ကိုယ်ပိုင်ဘဝသာယာချမ်းမြေ့ခြင်း တိုင်းတာမှု (၅) မျိုးကို အဓိက လူဦးရေအုပ်စုများနှင့် မြို့နယ်အလိုက် တုံ့ပြန်ချက်များခွဲ၍ ဖော်ပြထားပါသည်။ ဖြေဆိုသူများကို ၎င်းတို့၏ ဘဝအပေါ် ကျေနပ်မှု၊ ပျော်ရွှင်မှု၊ စိတ်ပူပန်မှု၊ ကျန်းမာရေးနှင့် ဘဝနေထိုင်ရာတွင် တန်ဖိုးရှိခြင်းနှင့်ပတ်သက်၍ အဆင့် ၁ မှ ၁၀ အထိ သတ်မှတ်ပေးစေသည်။ စိတ်ပူပန်မှုမေးခွန်းအတွက် အဆင့် (၁) ဆိုပါက စိတ်ပူပန်မှု နည်းပါးပြီး၊ အဆင့် (၁၀) ဆိုပါက မြင့်မားခြင်း ဖြစ်သည်။ အခြားသော မေးခွန်းအားလုံး အတွက်မူ အဆင့် (၁၀) သည် အကောင်းဆုံး ဖြစ်ပြီး အဆင့် (၁) သည် အနိမ့်ဆုံးအဆင့်ဖြစ်သည်။ ယခုကဲ့သို့ ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုဆိုင်ရာ မေးခွန်းများသည် ကမ္ဘာအနှံ့ရှိ သဘောထားအမြင် စစ်တမ်းများတွင် သုံးလေ့ရှိသော မေးခွန်းများဖြစ်သည်။ အောက်ပါ မေးခွန်းပုံစံများကို ဗြိတိန်အစိုးရ၏ အမျိုးသားစာရင်းအင်းရုံးမှ ယူထားခြင်းဖြစ်သည်။

## အဓိကတွေ့ရှိချက်များ

- လူအများစုသည် ဘဝအပေါ် ကျေနပ်ခြင်းမြင့်မားမှု၊ အသက်ရှင်ရခြင်းအပေါ် တန်ဖိုးထားမှု၊ ပျော်ရွှင်မှုနှင့် ကောင်းမွန်သော ကျန်းမာရေးများ ရှိကြသည်။ စိတ်ပူပန်မှုများမှာ များသောအားဖြင့် နည်းပါးပြီး မြို့အလိုက် ကွဲပြားသည်။
- ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့ခြင်းသည် ဝင်ငွေနှင့် ပညာရေးတို့နှင့် နီးနီးကပ်ကပ် ဆက်စပ်နေသည်။ ဝင်ငွေမြင့်သော ဖြေဆိုသူများနှင့် ပညာရေးမြင့်မားသော ဖြေဆိုသူများသည် တိုင်းတာမှုအားလုံး၌ ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှု အဆင့်မြင့်ခြင်း ရှိကြသည်။
- တောင်ကြီးမြို့သည် ဘဝသာယာချမ်းမြေ့ခြင်းကို တိုင်းတာမှု ငါးခု၌ သုံးခုတွင် အမြင့်ဆုံးအဆင့် ရရှိသည်။
- အမျိုးသားများသည် ကျန်းမာရေး ပိုကောင်းပြီး စိတ်ပူပင်မှု ပိုနည်းပါးသည်။ အမျိုးသမီးများတွင် ဘဝအပေါ် ကျေနပ်မှုမြင့်မားခြင်းနှင့် သူတို့ဘဝ အသက်ရှင်ရခြင်းအပေါ် တန်ဖိုးရှိသည်ဟုဖြေဆိုမှု ပိုမို၍တွေ့ရသည်။

### မူဝါဒရေးရာ အကောင်အထည်ဖော်နိုင်မှု

**ဖြေဆိုသူ အများစု၏ ကိုယ်ပိုင်ဘဝ သာယာချမ်းမြေ့မှုမှာ မြင့်မားသော်လည်း မိမိဘဝကို ကျေနပ်/ပျော်ရွှင်သူ အချို့ ရှိပြီး မကျေနပ်သူ အချို့လည်းရှိသည်။** အစိုးရအနေဖြင့် အခြေအနေ အဆိုးဆုံး အဆင့်တွင် ရှိနေသူ အနည်းငယ်၏ ဘဝ သာယာချမ်းမြေ့မှု မြင့်တင်ရန် ဦးစားပေး သင့်ပါသလား သို့မဟုတ် လူအများစု၏ သာယာချမ်းမြေ့မှု ကို ဦးစားပေးသင့် ပါသလား။

**တောင်ကြီးသည် ပျမ်းမျှအားဖြင့် ဘဝသာယာချမ်းမြေ့မှု အမြင့်ဆုံးမြို့ဖြစ်သည်။** မြို့သည် ဘဝသာယာချမ်းမြေ့မှု ရရှိရန် အကောင်းဆုံး အနေအထား ဖြစ်ခြင်းကြောင့်လား သို့မဟုတ် မြို့သားများ၏ မေးခွန်းများအပေါ် အနက်ဖွင့်ခြင်းအပေါ် မူတည်ခြင်းကြောင့်လား။

**ပညာရေး အဆင့်မြင့်မားသော သူများသည် ဝင်ငွေလည်း မြင့်မားသည်။** မည်သည့် အချက်သည် ဘဝ သာယာချမ်းမြေ့မှုကို အဓိက လွှမ်းမိုးမှု ရှိသနည်း။ ထိုသို့ ဖြစ်ရခြင်းသည် တိုက်ရိုက် သက်ရောက်မှု (ဥပမာ- ဝင်ငွေမြင့်မားခြင်း ကို ဘဝတွင် အောင်မြင်မှု တစ်ခုအဖြစ် မှတ်ယူသည်) ကြောင့်လား သို့မဟုတ် တိုက်ရိုက်မဟုတ်သော သက်ရောက်မှုများ (ဥပမာ - ဝင်ငွေမြင့်မားစွာ ရရှိခြင်းသည် ပိုမို၍ အောင်မြင်တိုးတက်သော အလုပ်အကိုင် ဆက်လုပ်မ်း စေနိုင်သည်) ကြောင့်လား။

အားလုံးခြုံငုံ၍ ဆိုရပါက ဖြေဆိုသူ အများစုသည် ကျန်းမာရေးကောင်းသည် ဟု ဖြေဆိုကြပြီး ၇၃% က အဆင့် ၁၀ တွင် အဆင့် ၇ ကို ရွေးချယ်ကြကာ ၂၇%က အဆင့် ၁၀ ကို ရွေးချယ်ကြသည်။ ပျော်ရွှင်မှု ရာခိုင်နှုန်းမှာ အနည်းငယ် လျော့နည်းသွားပြီး ဖြေဆိုသူ ၅၁% က အဆင့် ၁၀ တွင် အဆင့် ၇ သို့မဟုတ် ထိုထက်မြင့်သော အဆင့်ကို ရွေးချယ်ကြသည်။ မြို့ (၅)လုံးတွင် ၃၀%က စိတ်ပူပန်မှု မရှိပါဟု ဖြေဆိုကြ သော်လည်း ၃၇% ကမူ စိတ်ပူပန်မှု အဆင့် ၁၀ တွင် အနည်းဆုံး အဆင့် ၅ ရှိကြသည်။ ရန်ကုန်နှင့် မန္တလေးတို့ကမူ ကိုယ်ပိုင် ဘဝ သာယာချမ်းမြေ့မှုတွင် အခြားသော မြို့သေး သုံးမြို့ထက် ရမှတ်နိမ့်သည်ကို တွေ့ရသည်။တောင်ကြီးမြို့မှ ဖြေဆိုသူများသည် ဘဝကျေနပ်မှုနှင့် ပျော်ရွှင်မှု အမြင့်ဆုံးရှိကြပြီး ၎င်းတို့ဘဝတွင် နေထိုင်ရကျိုးနပ်သည်ဟု ဖြေနိုင်ခြေအများဆုံး ဖြစ်သည်။ ဝင်ငွေနှင့် ကျား၊မ အလိုက် အုပ်စုခွဲ၍ သုံးသပ်ပါက အဖြေများသည် ခြားနားမှု သိသိသာသာ ရှိနေသည်။ ဝင်ငွေမြင့်မားသူများသည် ပျမ်းမျှ ရမှတ် ၀.၇ မြင့်မားနေပြီး၊ ကျန်းမာရေးတွင် ဝင်ငွေနိမ့်သူများထက် ၁.၃ မှတ် ပိုမိုမြင့်မားကာ ကွာခြားမှု အမြင့်ဆုံးလည်းဖြစ်သည်။ အမျိုးသားများသည် ကျန်းမာရေး ပိုကောင်းပြီး စိတ်ပူပင်မှု ပိုနည်းပါးသည် သို့သော်လည်း အမျိုးသမီးများသည် ဘဝအပေါ် ကျေနပ်မှု မြင့်မားခြင်းနှင့် သူတို့ဘဝ အသက်ရှင်ရခြင်းအပေါ် တန်ဖိုးရှိသည်ဟု ဖြေဆိုမှု ပိုမိုများပြားသည်။


မြို့များ
ငွေဝင် အုပ်စု
ကျား-မ
ရန်ကုန်
မန္တလေး
မော်လမြိုင်
မုံရွာ
တောင်ကြီး
အနိမ့်ဆုံး
အမြင့်ဆုံး
ကျား
မ
ဘဝ ကျေနပ်မှု
၁၀
၀
၆.၈
၆.၈ ၆.၅ ၇.၂ ၆.၉ ၇.၄ ၆.၆ ၇.၁ ၆.၆ ၆.၉
ဘဝအပေါ် တန်ဖိုးထားမှု
၇.၀
၇.၀ ၆.၆ ၇.၄ ၇.၁ ၇.၇ ၆.၈ ၇.၄ ၆.၉ ၇.၀
ပျော်ရွှင်မှု
၆.၄
၆.၄ ၆.၂ ၇.၂ ၆.၅ ၇.၂ ၆.၂ ၇.၀ ၆.၄ ၆.၄
စိတ်ပူခြင်း
၀ = နိမ့်, ၁၀=မြင့်
၃.၃
၃.၄ ၂.၄ ၄.၉ ၂.၃ ၃.၃ ၃.၆ ၃.၂ ၃.၂ ၃.၃
ကျန်းမာရေး
၇.၆
၇.၄ ၈.၁ ၇.၅ ၈.၃ ၇.၉ ၆.၉ ၈.၂ ၇.၈ ၇.၅

| | ပညာရေး | | | အသက်အရွယ် | | | ကိုးကွယ်မှု | |
|---|---|---|---|---|---|---|---|---|
| | အလယ်တန်းထက် နိမ့်သော | အလယ်တန်း သို့ အထက်တန်း | အဆင့်မြင့်ပညာရေး | ၁၈ မှ ၂၉ | ၃၀ မှ ၅၀ | ၅၁ နှင့်အထက် | ဗုဒ္ဓဘာသာ | အခြား[၂၀] |
| ၆.၈ | ၇.၀ | ၆.၈ | ၇.၁ | ၆.၉ | ၆.၈ | ၇.၃ | ၆.၉ | ၇.၄ |
| ၇.၀ | ၇.၂ | ၇.၁ | ၇.၂ | ၆.၉ | ၇.၀ | ၇.၅ | ၇.၁ | ၇.၃ |
| ၆.၄ | ၆.၆ | ၆.၆ | ၆.၇ | ၆.၈ | ၆.၅ | ၆.၆ | ၆.၆ | ၇.၁ |
| ၃.၃ | ၃.၄ | ၃.၃ | ၃.၃ | ၃.၃ | ၃.၅ | ၃.၂ | ၃.၃ | ၃.၇ |
| ၇.၆ | ၇.၅ | ၇.၇ | ၈.၂ | ၈.၆ | ၈.၀ | ၇.၀ | ၇.၈ | ၇.၅ |

# ၄ စီးပွားရေးပြေလည်မှုဆိုင်ရာ တွေ့ရှိချက်များ

၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်းတွင် မြို့ပြနေထိုင်သူများ၏ စီးပွားရေး အခြေအနေများကို နားလည် သဘောပေါက်ရန် မေးခွန်းများစွာ မေးမြန်းခဲ့သည်။ စီးပွားရေး ပြေလည်မှုသည် ဘဝသာယာချမ်းမြေ့မှု တစ်ခုလုံးအတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး လူမှုဘဝ အခြေခံလိုအပ်ချက်များကို ရယူနိုင်ရန် ခက်ခဲသည့် နေရာမျိုးတွင် အထူးသဖြင့် အရေးကြီးပါသည်။ မြို့များသည် ဖျော်ဖြေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေးနိုင်သော်လည်း လူနေမှုစရိတ်မြင့်မားခြင်းက မြို့သားများအတွက် ဘဏ္ဍာရေးဆိုင်ရာ အတားအဆီး ဖြစ်ပါသည်။ ယခုအပိုင်းတွင် အလုပ်အကိုင် ရရှိမှု၊ ဝင်ငွေ နှင့် စရိတ်တတ်နိုင်ခြင်း စသည့် ဘဝ သာယာချမ်းမြေ့မှုကို သက်ရောက်မှုရှိသော အဓိကစီးပွားရေးအကြောင်းရင်းများကို လေ့လာထားပါသည်။

## အဓိကတွေ့ရှိချက်များ

- အလုပ်လက်မဲ့ဖြစ်ခြင်း နည်းပါးပြီး မြို့အများစုတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရှိသည်။
- မြို့တစ်မြို့နှင့်တစ်မြို့အကြား နေထိုင်မှုစရိတ် အလွန်ကွာခြားပြီး ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများသည် တောင်ကြီးမြို့တွင် သက်သာပြီး မော်လမြိုင်မြို့တွင် ပိုမို၍ ခက်ခဲသည်။
- မြို့များအကြား စီးပွားရေးအပေါ် အကောင်းမြင်မှုတွင် ကွာခြားသည်။ အမြင့်ဆုံးအဖြစ် မုံရွာ ၅၁% နှင့် တောင်ကြီး ၄၉ % တို့ဖြစ်ပြီး ဖြေဆိုသူများက ၎င်းတို့ ငွေကြေးအခြေအနေ တိုးတက်လာမည်ဟု ခံစားရသည်။ ရန်ကုန်တွင် ၃၄% သာ ၎င်းအချက်ကို သဘောတူသည်။
- အိမ်ထောင်စုများသည် ဘဏ္ဍာရေး ရုတ်တရက် ထိခိုက်မှုအပေါ် ခံနိုင်ရည် အားနည်းသည်။ ၃၇% သော ရန်ကုန်မြို့ နေထိုင်သူများက ကျန်းမာရေး စရိတ် ၂ သိန်း ပေးရမည် ဆိုပါက ၎င်းတို့တွင် ငွေသို့မဟုတ် ပိုင်ဆိုင်မှု အလုံအလောက် မရှိဟု ဆိုသည်။
- ထက်ဝက်ထက်ပိုသော အမျိုးသမီးများတို့သည် အိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်ခြင်း မရှိကြချေ။[၃၀]
- ဆင်းရဲချမ်းသာ ကွာဟမှုကို ပြဿနာအဖြစ် ဖြေဆိုသူအများစုက ယုံကြည်ကြသည်။ ၎င်းတို့မြို့တွင် အလုပ်ကြိုးစားပါက အောင်မြင်တိုးတက်နိုင်သည်ဟုလည်း အများစုက ယုံကြည်ကြသည်။

## မူဝါဒရေးရာ အကောင်အထည်ဖော်နိုင်မှု

**စီးပွားရေး တိုးတက်မှုရှိနေပြီး မြို့အများစုတွင် စီးပွားရေးအခွင့်အလမ်းများ တိုးတက်နိုင်ခြေရှိနေပါသည်။ သို့သော်လည်း အိမ်ထောင်စုတစ်စု၏ ငွေကြေးအခြေအနေမှာ အခြားသော အကြောင်းရင်းများတွင်လည်း မူတည်နေသည်။** မြို့များရှိ လူဦးရေ အများစုသည် လူနေမှုစရိတ် မြင့်တက်ခြင်းကြောင့် ရုန်းကန်နေရပြီး စုဆောင်းငွေ ထားရှိမှုမှာလည်း နည်းပါးခြင်းကြောင့် စီးပွားရေး ရုတ်တရက် ထိခိုက်မှုဖြစ်ပါက အထိနာမည် ဖြစ်သည်။ *အစိုးရအနေဖြင့် ထိခိုက်နိုင်ခြေရှိသည့် မိသားစုများအတွက် ငွေကြေးဆိုင်ရာ လုံခြုံရေးအစီအမံများ ဆောင်ရွက်ပေးသင့်ပါသလား သို့မဟုတ် အိမ်ထောင်စုများ ၎င်းတို့၏ ကိုယ်ပိုင်မိသားစုကွန်ရက်၊ မိတ်ဆွေများနှင့် ရပ်ရွာအစုအဖွဲ့များအပေါ် မှီခိုရန် လွှတ်ထားပေး သင့်ပါသလား။ မုံရွာနှင့် တောင်ကြီးမြို့တို့ရှိ လူများမှာမူ အဘယ်ကြောင့် ၎င်းတို့ အနာဂတ် စီးပွားရေးအပေါ် အကောင်းမြင်ရသနည်း။*

**မြို့အားလုံးမှ ဖြေဆိုသူ အတော်များများက ၎င်းတို့မြို့တွင် ဆင်းရဲချမ်းသာ ကွာဟမှုသည် ပြဿနာ ဖြစ်သည်ဟုဆိုပြီး၊ ဖြေဆိုသူ အများစုကပင် အလုပ်ကြိုးစား လုပ်ကိုင်သော သူတစ်ယောက်သည် တိုးတက်အောင်မြင်နိုင်သည်ဟု ပြောသည်။** ဆင်းရဲသူနှင့် ချမ်းသာသူများအကြား အနည်းငယ် ကွာခြားမှုများ ရှိနေသည်။ အလုပ်ကြိုးစားသူများသည် တိုးတက်အောင်မြင်နိုင်သည်ဟု ဆင်းရဲသူများက ခံစားရလျှင် မည်ကဲ့သို့သော မညီမျှမှုမျိုးကို ပြဿနာအဖြစ် ၎င်းတို့ ခံယူထားသနည်း။

# အလုပ်အကိုင် ရရှိမှု

၄၂% သော ဖြေဆိုသူများက အလုပ်လုပ်ကိုင်ခြင်း မရှိပါ၊ သို့သော်လည်း အလုပ်မရှိဟု ဖြေဆိုသူ ၄% သာ လက်ရှိတွင် အလုပ်အကိုင် ရှာဖွေနေသည်။ အလုပ်မရှိသည့် လူဦးရေတွင် အမျိုးသမီးများက ရာခိုင်နှုန်း အများဆုံး ပါဝင်နေပါသည်။ အမျိုးသမီး ၅၅% က အလုပ်လုပ်ကိုင်ခြင်း (အိမ်ပြင်ပတွင်) မရှိသော်လည်း အမျိုးသား ၂၈% ကသာ အလုပ်လုပ်ကိုင်ခြင်း မရှိချေ။ တောင်ကြီးမြို့တွင် အလုပ်အကိုင်ရှိမှု အမြင့်ဆုံးဖြစ်ပြီး ဖြေဆိုသူ ၇၀% အလုပ်လုပ်ကိုင်သည်။ အလုပ်လုပ်ကိုင်သူ အများစုသည် အချိန်ပြည့်အလုပ် ဖြစ်ကြသည်။

မုံရွာနှင့် မန္တလေးမှ ဖြေဆိုသူများသည် အလုပ်အကိုင် အခွင့်အလမ်းနှင့် စပ်လျဉ်း၍ အကောင်းမြင်မှု အရှိဆုံးဖြစ်သည်။ ထိုမြို့နှစ်မြို့မှ သုံးပုံနှစ်ပုံထက်ပိုသော ဖြေဆိုသူများက ၎င်းတို့မြို့များတွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရှိသည် ဆိုသောအချက်ကို သဘောတူကြသည်။

အမျိုးသမီး ၅၅% သည်
အလုပ် လုပ်ကိုင်ခြင်း မရှိပါ။

အမျိုးသား ၂၈% သည်
အလုပ် လုပ်ကိုင်ခြင်း မရှိပါ။

"မြို့တွင် အလုပ်အကိုင်
အခွင့်အလမ်းကောင်းများ ရှိသည်"ဟု
၅၆% က သဘောတူသည်။



| | | | | |
|---|---|---|---|---|
| ၅၄% | ၆၇% | ၅၃% | ၆၉% | ၃၉% |
| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |

# ငွေရေးကြေးရေး အဆင်ပြေမှု

ငွေရေးကြေးရေး အဆင်ပြေမှုသည် အိမ်ထောင်စု တစ်ခု၏ ငွေကြေး အခြေအနေကို တိုင်းတာချက် ပင်ဖြစ်သည်။ ၎င်းသည် ဝင်ငွေရှာဖွေပေးသူ အရေအတွက်၊ ၎င်းတို့၏ ဝင်ငွေပမာဏ၊ အိမ်ထောင်စုတွင်း မှီခိုသူ ဦးရေနှင့် နေထိုင်မှုစရိတ်တို့ကို ထည့်သွင်းစဉ်းစားပါသည်။

ပညာရေးအဆင့်အလိုက် ဝင်ငွေရရှိမှု သိသိသာသာ ကွဲပြားပါသည်။ ဘွဲ့ရ ၄၇% သည် အနည်းဆုံး အနေဖြင့် ဝင်ငွေ ကျပ် ၄၅၀၀၀၀ ရှိပြီး ကျောင်းပညာရေး မရှိသူများ၏ ၁၆% သာ ထိုဝင်ငွေမျိုး ရှိပါသည်။ ကျောင်းပညာရေး မရှိသည့် ဖြေဆိုသူ ၆၀% သည် ဝင်ငွေ တစ်လလျှင် ကျပ် ၃၅၀၀၀၀ အောက် လျော့နည်းပါသည်။ ရန်ကုန်တွင် ဝင်ငွေ မြင့်မားစွာ ရရှိသူဦးရေ အများဆုံး နေထိုင်ပြီး ရန်ကုန်မှ ဖြေဆိုသူ ၂၂% သည် တစ်လလျှင် ကျပ် ၅၅၀၀၀၀ အထက် ရရှိပြီး တောင်ကြီးမှ ဖြေဆိုသူ ၁၀% သာ ထိုဝင်ငွေ ပမာဏမျိုး ရရှိသည်။ သို့သော်လည်း တောင်ကြီးသည် အလုပ်အကိုင်ရရှိမှု ရာခိုင်နှုန်း အမြင့်ဆုံး ဖြစ်သည်၊ ထိုပြင် ဝင်ငွေနည်းပါးစွာ ရရှိသူ ဦးရေ အများဆုံး ရှိသည်နေရာလည်း ဖြစ်ပြီး ၄၃% က တစ်လလျှင် ကျပ် ၂၅၀၀၀၀ အောက်သာ ရရှိပါသည်။

## မကွေး

အိမ်ထောင်တစ်စုတွင် ပျမ်းမျှအားဖြင့်

မိသားစုဝင် ၅.၀ ဦး

ဝင်ငွေရှိသူ ၂.၁ ဦး

အိမ်ထောင်စုဦးရေ ၄ ယောက် အထက်ရှိ၍ ကျပ် ၂ သိန်းခွဲအောက် ဝင်ငွေရှိသည့်အိမ်ထောင်စု

၁၄%

ကျပ် ၂ သိန်းခွဲ - ၃ သိန်းခွဲ
ပျမ်းမျှလစဉ်ဝင်ငွေ




## ရန်ကုန်

အိမ်ထောင်တစ်စုတွင် ပျမ်းမျှအားဖြင့်

မိသားစုဝင် ၄.၄ ဦး

ဝင်ငွေရှိသူ ၁.၉ ဦး

အိမ်ထောင်စုဦးရေ ၄ ယောက် အထက်ရှိ၍ ကျပ် ၂ သိန်းခွဲအောက် ဝင်ငွေရှိသည့်အိမ်ထောင်စု

၁၀%

ကျပ် ၃ သိန်းခွဲ - ၄ သိန်းခွဲ
ပျမ်းမျှလစဉ်ဝင်ငွေ




## မုံရွာ

အိမ်ထောင်တစ်စုတွင် ပျမ်းမျှအားဖြင့်

မိသားစုဝင် ၄.၇ ဦး

ဝင်ငွေရှိသူ ၂.၂ ဦး

အိမ်ထောင်စုဦးရေ ၄ ယောက် အထက်ရှိ၍ ကျပ် ၂ သိန်းခွဲအောက် ဝင်ငွေရှိသည့်အိမ်ထောင်စု

၁၂%

ကျပ် ၂ သိန်းခွဲ - ၃ သိန်းခွဲ
ပျမ်းမျှလစဉ်ဝင်ငွေ




## မန္တလေး

အိမ်ထောင်တစ်စုတွင် ပျမ်းမျှအားဖြင့်

မိသားစုဝင် ၄.၈ ဦး

ဝင်ငွေရှိသူ ၂.၁ ဦး

အိမ်ထောင်စုဦးရေ ၄ ယောက် အထက်ရှိ၍ ကျပ် ၂ သိန်းခွဲအောက် ဝင်ငွေရှိသည့်အိမ်ထောင်စု

၈%

ကျပ် ၃ သိန်းခွဲ - ၄ သိန်းခွဲ
ပျမ်းမျှလစဉ်ဝင်ငွေ




## တောင်ကြီး

အိမ်ထောင်တစ်စုတွင် ပျမ်းမျှအားဖြင့်

မိသားစုဝင် ၄.၄ ဦး

ဝင်ငွေရှိသူ ၂.၀ ဦး

အိမ်ထောင်စုဦးရေ ၄ ယောက် အထက်ရှိ၍ ကျပ် ၂ သိန်းခွဲအောက် ဝင်ငွေရှိသည့်အိမ်ထောင်စု

၁၅%

ကျပ် ၂ သိန်းခွဲ - ၃ သိန်းခွဲ
ပျမ်းမျှလစဉ်ဝင်ငွေ



## "အကုန်အကျ ခံရန် ခက်ခဲသည်..."




လူနေမှု စရိတ် မြင့်မားခြင်းသည် မြို့ ပြတွင် နေထိုင်ရခြင်း၏ အဓိက မကောင်းသော အချက် ဖြစ်နေခြင်းကြောင့် စစ်တမ်းဖြေဆိုသူများကို မရှိမဖြစ် လိုအပ်သော ကုန်စည်များ နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရန် ခက်ခဲမှု ရှိမရှိ မေးမြန်းခဲ့ ပါသည်။ ခြုံငုံ၍ ဆိုရပါက ထို ကုန်စည်နှင့်ဝန်ဆောင်မှုများ ကို အကုန်အကျခံရန် ခက်ခဲမှု ရှိသည်ဟု ဖြေဆိုမှု အနည်းဆုံးမှာ တောင်ကြီးမြို့ ဖြစ်သည်။

ဝင်ငွေအဆင့်နှင့်လိုက်၍ ဖြေဆိုမှု ကွဲပြားသည်။ ဖြေဆိုသူများအား ၎င်းတို့မိသားစု လက်ရှိနေထိုင်ရာ နေရာထိုင်ခင်း သည် အကျယ်အဝန်းနှင့် အရည်အသွေးအရ ၎င်းတို့ မိသားစု၏လိုအပ် ချက်နှင့်ကိုက်ညီခြင်း ရှိမရှိကို မေးမြန်းသည်။ ဖြေဆိုသူ အများစုက ၎င်းတို့ နေရာထိုင်ခင်း သည် ၎င်းတို့ မိသားစု၏ လိုအပ်ချက်နှင့် ကိုက်ညီသည်ဟု ဖြေသည်။ မြို့ တိုင်းတွင် ထိုသို့ ဖြေကြားမှုမှာ ၇၀% ကျော် ရှိသည်။



ဖြေဆိုသူများအား လာမည့်ငါးနှစ်အတွင်း ၎င်းတို့၏ ငွေကြေးအခြေအနေ တိုးတက်ကောင်းမွန်လာရန် မျှော်လင့်ပါသလားဟု မေးမြန်းခဲ့သည်။ ဖြေဆိုသူများက ၎င်းတို့ အခြေအနေ ပြောင်းလဲမည် မဟုတ်ဟု ဖြေဆိုမှုများသည်။ သို့သော် ဤမကောင်းမြင်မှုများမှာ အခြားမြို့များနှင့် နှိုင်းယှဉ်လျှင် ရန်ကုန်တွင် များပြားသည်။ ဖြေဆိုမှုများမှာ ပညာရေး အဆင့်အပေါ် မူတည်၍ ကွဲပြားပြီး အနည်းဆုံး ပညာရေးအဆင့်အတန်းမှာ ဘွဲ့ရဖြစ်သော ဖြေဆိုသူ ၁၇% က ၎င်းတို့ ငွေကြေးအခြေအနေသည် လာမည့်ငါးနှစ်တွင် တိုးတက်ကောင်းမွန်လာမည်ဟု သဘောတူသည်။ ထိုရာခိုင်နှုန်းမှာ ပညာရေး အထက်တန်းသာ ရှိသည့် ဖြေဆိုသူများထက် နှစ်ဆများသည်။

ပညာတတ် ဖြေဆိုသူများက ၎င်းတို့၏ အလုပ်သည် ၎င်းတို့၏ စွမ်းရည်များကို တိုးတက်စေမည့် အခွင့်အလမ်းများ ပေးသည် ဆိုသော အချက်ကို သဘောတူသည်။ ဘွဲ့ရ သို့မဟုတ် ဘွဲ့ရထက်မြင့်သောသူ ၇၆% က အထက်ပါ အချက်ကို သဘောတူညီကြပြီး ၎င်းရာခိုင်နှုန်းမှာ အထက်တန်း ပညာရေးရှိသူများထက် ၁၃ ရာခိုင်နှုန်းပိုသလို ကျောင်းပညာရေး မရှိသူများထက် ၂၃ ရာခိုင်နှုန်း ပိုသည်။



"ကျွန်ုပ်အိမ်ထောင်စု၏ ငွေကြေးအခြေအနေသည် နောင်လာမည့် ၅နှစ်တွင် တိုးတက်လာနိုင်ဖွယ်ရှိသည်" ဟု **၃၇%** က သဘောတူကြသည်။



| | | | | |
|---|---|---|---|---|
| ၃၄% | ၄၃% | ၃၉% | ၅၁% | ၄၇% |
| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |



# စီးပွားရေးအရ ခံနိုင်ရည်ရှိမှု

အိမ်ထောင်စု တစ်စုသည် စီးပွားရေး မတော်တဆဖြစ်မှုကို စီမံကိုင်တွယ်နိုင်ခြင်း ရှိမရှိ တိုင်းတာနိုင်ရန် မေးခွန်းဖြေဆိုသူများကို ၎င်းတို့သည် မမျှော်လင့်ပဲ ကျန်းမာရေးစရိတ် ငွေကျပ် ၂ သိန်း ပေးရမည် ဆိုပါက ငွေကြေး သို့မဟုတ် ပိုင်ဆိုင်မှု လုံလောက်စွာ ရှိမရှိ မေးခွန်းထုတ်ပါသည်။ ဖြေဆိုသူ ၃၅% က ထိုကဲ့သို့ စရိတ်မျိုး ပေးရန် လက်ဝယ်ရှိနေသော စုဆောင်းမှုများဖြင့် မတတ်နိုင်ဟု ဖြေဆိုကြသည်။ ရန်ကုန်ရှိ ဖြေဆိုသူများက ထိုကဲ့သို့ စရိတ်မျိုးကို ပေးနိုင်သည်ဟု ဖြေဆိုရာတွင် အနည်းဆုံးဖြစ်ပြီး ၃၇% က ၎င်းတို့သည် ထိုစရိတ်မျိုး မတတ်နိုင်ဟု ဖြေသည်။



“အကယ်၍ ကျွန်ုပ်မိသားစုတွင် ကျန်းမာရေးအတွက် ငွေကျပ် ၂ သိန်း ပေးချေရန် ရှိလာပါက ပေးချေရန် ပိုင်ဆိုင်မှု သို့မဟုတ် ငွေကြေး လုံလောက်စွာ ရှိမည် မဟုတ်ပါ။”




ဖြေဆိုသူများအား ထိုစရိတ်မျိုးကို မည်ကဲ့သို့ ပေးမည်နည်းဟု မေးမြန်းပါသည်။ ဖြေဆိုသူများ အနေဖြင့် အဖြေတစ်ခုထက် ပေးနိုင်ပြီး အဖြေများဆုံး သုံးမျိုးမှာ အိမ်ထောင်စုငွေ (၄၉%)၊ ပိုင်ဆိုင်မှုကို ရောင်းချခြင်း (၃၈%) နှင့် ဆွေမျိုးထံမှ ချေးငှားခြင်း (၂၃%) တို့ဖြစ်သည်။ဖြေဆိုသူ ၁% ကသာ ဘဏ်မှ ချေးငှားမည်ဟု ပြောသည်။

မြို့ (၅)မြို့ လုံးတွင် ဖြေဆိုသူ ၇၀% သည် ပြီးခဲ့သည့် ခြောက်လအတွင်း မိသားစုထံမှလွဲ၍ မည်သည့်အရင်းအမြစ်ထံကမှ ငွေကြေးချေးခဲ့ရခြင်း မရှိချေ၊ သို့သော် ဖြေဆိုသူ ၃၀% က ချေးငှားရခြင်း ရှိခဲ့သည်။ ပိုက်ဆံချမ်းသာသော ဖြေဆိုသူများသည် ထိုသို့ ချေးငှားရနိုင်ခြေ ပိုမိုနည်းပါးသည်။

ပြီးခဲ့သော ၆ လအတွင်း ငွေချေးငှားခဲ့ဖူးသည်ဟု ဖြေဆိုသူ ၃၂% က ၅၅၀၀၀၀ အထက် ချေးငှားခဲ့ရခြင်း ဖြစ်သည်။ ဝင်ငွေနိမ့်သော သူများက အကြွေးပမာဏကြီးကြီး ယူနိုင်ခြေများပြီး ဝင်ငွေအမြင့်ဆုံး အုပ်စုမှ ၁% သာ ၎င်းတို့၏ဝင်ငွေထက် မြင့်မားသည့်ငွေကြေးကို ချေးခဲ့ပြီး ဝင်ငွေအနိမ့်ဆုံးမှ ၅၆% သည် ၎င်းတို့ဝင်ငွေထက် မြင့်မားသည့် ချေးငွေ ချေးခဲ့ကြသည်။

“ပြီးခဲ့သော ခြောက်လအတွင်း ကျွန်ုပ်၏ မိသားစုသည် ကျွန်ုပ်တို့ တစ်လဝင်ငွေထက်များသော ပမာဏ ရှိသည့် ချေးငွေ ရယူခဲ့သည်”



# တရားမျှတမှု

ပျမ်းမျှအားဖြင့် ဖြေဆိုသူ ၆၄% က ဆင်းရဲချမ်းသာ ကွာဟမှုသည် ၎င်းမြို့တွင် ပြဿနာတစ်ရပ်ဖြစ်သည်ဟု သဘောတူညီသည်။ ဆင်းရဲချမ်းသာ ကွာဟမှုကို ပြဿနာအဖြစ် သဘောတူရာတွင် အသိသာဆုံးမှာ တောင်ကြီးမြို့ ဖြစ်ပြီး ၅၄% က လွန်စွာ သဘောတူညီကြသည်။ ဆင်းရဲချမ်းသာ ကွာဟမှုကို ပြဿနာအဖြစ် ယူဆမှု အနည်းဆုံးမှာ မန္တလေးမြို့ ဖြစ်ပြီး ၄၄%က ပြဿနာတစ်ရပ် မဟုတ်ဟု ဆိုသည်။

ဆင်းရဲချမ်းသာ ကွာဟမှုသည် ပြဿနာတစ်ရပ်ဟု အများစုက ဆိုကြသော်လည်း ၎င်းတို့မြို့တွင် အလုပ်ကြိုးစားပါက အောင်မြင် တိုးတက်နိုင်သည်ဟု အများစုက ယုံကြည်ကြသည်။

> “ပျမ်းမျှအားဖြင့် ဖြေဆိုသူ ၆၄% က ဆင်းရဲချမ်းသာ ကွာဟမှု သည် ၎င်းမြို့တွင် ပြဿနာတစ်ရပ် ဖြစ်သည်ဟု သဘောတူညီသည်။”



# ဒီဂျစ်တယ် (အွန်လိုင်း) စီးပွားရေး

ဖြေဆိုသူများအား ဒီဂျစ်တယ် စီးပွားရေး အသုံးပြုမှု အကြောင်းကိုလည်း မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူ ၇၅% ကျော်တွင် စမတ်ဖုန်း ရှိကြသော်လည်း လူအနည်းငယ် ခန့်ကသာ လွန်ခဲ့သော ခြောက်လအတွင်း မိုဘိုင်း ငွေကြေးဝန်ဆောင်ခြင်း အသုံးပြုမှု သို့မဟုတ် အွန်လိုင်းမှ ဝယ်ယူမှု ပြုလုပ်ခဲ့သည်။

အသက်အရွယ် အုပ်စုအလိုက် အဖြေများမှာ ကျယ်ပြန့်စွာ ကွဲပြားပါသည်။ အသက်အငယ်ဆုံး အုပ်စုဖြစ်သည့် အသက် ၁၈-၃၀ အုပ်စုတွင် ၉၁% ကျော်သည် စမတ်ဖုန်း ပိုင်ဆိုင်ပါသည်။ အသက်အငယ်ဆုံး အုပ်စုမှ ဖြေဆိုသူများသည် အခြားအသက်အရွယ် အုပ်စုများထက် အကြိမ် သုံးဆ ပို၍ အွန်လိုင်း ငွေပေးချေမှု လုပ်နိုင်ခြေ ရှိပါသည်။ အားလုံးခြုံ၍ ကြည့်ပါက ဖြေဆိုသူ အနည်းငယ် (၁၅%) က လွန်ခဲ့သော (၆) လအတွင်း အွန်လိုင်း ငွေပေးချေမှု ပြုလုပ်ခဲ့သည်ဟု ဖြေသည်။ အွန်လိုင်း ငွေပေးချေမှု ပြုလုပ်ခဲ့သည်ဟု ရန်ကုန်နှင့် တောင်ကြီးတွင် ဖြေဆိုနိုင်ခြေ ပိုများပါသည်။




ဖြေဆိုသူများ၏ သုံးပုံတစ်ပုံမှာ မိုဘိုင်းငွေကြေး ဝန်ဆောင်မှုတစ်ခု (ဥပမာ - Aya Banking, Wave Money, OK$, M-ပိုက်ဆံ) ကို လွန်ခဲ့သော ၆ လအတွင်း အသုံးပြုဖူးသည်ဟု ဖြေဆိုခဲ့ကြသည်။ တစ်ဖန် ငယ်ရွယ်သော သူများက အသုံးပြုဖူးသည်ဟု ပိုမိုဖြေဆိုနိုင်ခြေရှိသည်။ မော်လမြိုင်ရှိ ဖြေဆိုသူများမှာ မိုဘိုင်းငွေကြေးဝန်ဆောင်မှု အသုံးပြုဖူးသည်ဟု ပိုမိုဖြေဆိုနိုင်ခြေရှိသည်။ အသုံးမပြုဖူးပါဟု ဖြေဆိုသူအများစု (၇၉%) မှာ လိုအပ်မှုမရှိသောကြောင့်ဟု ဆိုကြသည်။

"လွန်ခဲ့သော ၆လအတွင်း မိုဘိုင်းငွေကြေးဝန်ဆောင်မှုတစ်ခုကို အသုံးပြုခဲ့သည်"



# ၅ လူမှုဆက်ဆံရေး အဆင်ပြေမှုဆိုင်ရာ တွေ့ရှိချက်များ

မြို့ ပြနေထိုင်သူများ အချင်းချင်း အပြန်အလှန်ဆက်သွယ်မှုနှင့် မြို့ပြအင်စတီကျူးရှင်းများဖြင့် ဆက်သွယ်မှုများကို ယခုအပိုင်းတွင် စူးစမ်းလေ့လာထားပါသည်။ လူမှုအသိုင်းအဝန်းတွင်းရှိ ယုံကြည်မှု၊ ကိုယ်ပိုင်အမှတ်သရုပ်၊ နှင့် အသိုင်းအဝန်းတွင်းပါဝင်စေခြင်းနှင့်ဖယ်ကျဉ်ခြင်း စသည့် မြို့ပြလူမှုဘဝကို ယှက်ဖြာချိတ်ဆက်ထားသည့် အဓိက အစိတ်အပိုင်းများကို သုံးသပ်ကြည့်ရှုထားပါသည်။ ဘဝသာယာချမ်းမြေ့မှုရှိရန်အတွက် အထက်ပါ ဆက်ဆံရေးများမှာ မရှိမဖြစ် လိုအပ်ပြီး ၎င်းတို့သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် [၃၂] အတွက် အရေးကြီးရုံသာမက ဘဝတွင် ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်ရှိစေရန် ကူညီနိုင်သလို စိတ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ရှိစေရန် ကူညီပေးနိုင်သည်။[၃၃] ခွဲခြားဆက်ဆံခြင်းနှင့် လူမှုကျွမ်းဝင်ခြင်းကဲ့သို့ အစိုးရမှ တိုက်ရိုက်ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ယခုအပိုင်းတွင် မေးမြန်းထားသလို အသိုင်းအဝန်းများအကြား ယုံကြည်မှုနှင့် ပုဂ္ဂလိကဆက်ဆံရေး စသော အစိုးရမှ တိုက်ရိုက် မဟုတ်သောနည်းလမ်းများဖြင့် ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကိုလည်း မေးမြန်းထားပါသည်။

## အဓိကတွေ့ရှိချက်များ

- ဖြေဆိုသူများတွင် အလှူဒါနပြုလိုစိတ်နှင့် လူမှုကျွမ်းဝင်မှုအဆင့် မြင့်မားသည်ကို တွေ့ရသည်။
- မြို့အားလုံးတွင် လူမှုရေးရာယုံကြည်မှု မြင့်မားသည်၊ သို့သော်လည်း ဖြေဆိုသူများသည် ယေဘုယျ လူဦးရေ တစ်ခုလုံးထက် မတူကွဲပြားသော တိုင်းရင်းသား သို့မဟုတ် ဘာသာတရားအုပ်စုကို ယုံကြည်သည်ဟု ပြောဆိုမှုနည်းသည်။
- တိုင်းရင်းသားနှင့် ဘာသာတရား ပိုမိုစုံလင်ကွဲပြားသော မြို့များသည် တိုင်းရင်းသားနှင့် ဘာသာတရား အုပ်စုများအကြား လူမှုရေးရာ ယုံကြည်မှုအဆင့် ပိုမိုမြင့်မားသည်။
- ဖြေဆိုသူ အားလုံးနီးပါး (၉၅%) က ၎င်းတို့၏ ပုဂ္ဂလိက ဆက်ဆံရေးကို ကျေနပ်မှုရှိကြသည်။

## မူဝါဒရေးရာ အကောင်အထည်ဖော်နိုင်မှု

**မြန်မာနိုင်ငံရှိ မြို့ပြနေထိုင်သူများသည် ရက်ရောမှုရှိကြပြီး ၎င်းတို့မြို့များ တိုးတက်ကောင်းမွန်အောင် ကူညီလိုကြသည်။** အစိုးရအင်အားစုများသည် ၎င်းတို့ မြို့နေပြည်သူ၏ လူမှုအကျိုးဆောင်စိတ်ကို အကောင်းဆုံး အသုံးချနေပါသလား။

**လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံခြင်း အားလုံးအတွက် ယုံကြည်မှုသည် အဓိကအကျဆုံး လိုအပ်ချက် ဖြစ်သည်။** မြန်မာအစိုးရနှင့် အားကောင်းသော လူမှုအဖွဲ့အစည်းများက ၎င်းလူမှုရေးအရင်းအနှီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ထိုက်တန်သည့် ပိုင်ဆိုင်မှုတစ်ခုအဖြစ် အသိအမှတ်ပြုခြင်း ရှိပါသလား။

**မြို့ပြ ဖြစ်ထွန်းခြင်းနှင့် ဖွံ့ဖြိုးရေးတို့သည် လူမှုရေးအရင်းအနှီးကို ပျက်စီးစေလျက်ရှိသည်ဟု ကမ္ဘာအနှံ့ အထောက်အထားများ တွေ့ရှိရသည်။** ယခုကဲ့သို့ ပိုင်ဆိုင်မှုကို တစ်မျိုးသားလုံး ထိန်းသိမ်းစောင့်ရှောက်ရန် မည်သည့်မဟာဗျူဟာများ ရှိသနည်း။

**စုံလင်ကွဲပြားမှု ရှိသော မြို့များသည် မတူညီသော တိုင်းရင်းသား နှင့် ဘာသာရေး အုပ်စုများအကြား ပိုမို ကြီးမားသော ယုံကြည်မှုကို တည်ဆောက်ပေး နိုင်သည်။** *လူမှုသဟဇာတဖြစ်ခြင်းနှင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းမြှင့်တင်သည့်အနေဖြင့် မတူညီသော တိုင်းရင်းသားနှင့် ဘာသာရေးအုပ်စုများကြား ရင်းနှီးဆက်ဆံမှု တိုးပွားလာအောင် အစိုးရအနေဖြင့် မည်သည့်ကဏ္ဍမှ ပါဝင်နိုင်မည်နည်း။*

# ယုံကြည်မှု

ဖြေဆိုသူများကို ၎င်းတို့မြို့ရှိ လူများစုသည် ယုံကြည်ရသည် ဆိုသောအချက်နှင့် ၎င်းတို့မြို့ရှိ ၎င်းတို့နှင့် လူမျိုးမတူ၊ ဘာသာမတူသော လူများစုသည် ယုံကြည်ရသည် ဆိုသောအချက်တို့ကို သဘောတူမတူ မေးမြန်းခဲ့ပါသည်။ အားလုံး ခြုံကြည့်လျှင် ၄၈% က လူများစုကို ယုံကြည်ရသည်ကို လက်ခံသော်လည်း ၃၃% က လက်ခံခြင်းမရှိ။ အဆိုပါ ရာခိုင်နှုန်းကို အခြားသော နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကောင်းမွန်သည်ကို တွေ့ရသည်။

## အခြားသောနိုင်ငံများနှင့်နှိုင်းယှဉ်ပါက လူမှုအသိုင်းအဝိုင်းအပေါ် ယုံကြည်မှုကို မြန်မာနိုင်ငံတွင် မြင့်မားစွာတွေ့ရပါသည်။[၃၄]




အခြားသောဘာသာမှ လူများစုသည် ယုံကြည်လို့ရသည်ဆိုသောအချက်ကို မေးရာတွင် သဘောတူသော ရာခိုင်နှုန်းသည် သိသိသာသာ ကျဆင်းသွားပြီး သဘောတူသူ ၃၀% နှင့် သဘောမတူသူ ၄၂% ရှိလာသည်။ မူစလင်နှင့် ခရစ်ယာန်များသည် အခြားသောဘာသာမှ လူများစုသည် ယုံကြည်လို့ရသည် ဆိုသောအချက်ကို သဘောတူနိုင်ခြေ ပိုမိုမြင့်မားသည်။ ထိုဘာသာနှစ်ခုမှ ဖြေဆိုသူ ၆၀% ကျော်က သဘောတူညီသည်ဟု ဖြေဆိုခဲ့ကြပြီး ဗုဒ္ဓဘာသာ ၃၂% ကသာ အခြားသော ဘာသာများမှ လူများစုသည် ယုံကြည်လို့ရသည် ဆိုသော အချက်ကို သဘောတူသည်။ ထိုနည်းတူ ဖြေဆိုသူများသည် အခြားသော တိုင်းရင်းသား အုပ်စုမှ လူများသည် ယုံကြည်လို့ရသည်ဆိုသော အချက်ကို သဘောတူသူ ၃၀% ရှိပြီး သဘောမတူသူ ၄၂% အထိရှိကာ ယုံကြည်မှုအဆင့် နည်းပါးခြင်းကို ပြသနေသည်။

တိုင်းရင်းသား စုံလင်ကွဲပြားမှု အရှိဆုံး မြို့များဖြစ်သည့် မော်လမြိုင်နှင့် တောင်ကြီးတို့တွင် လူမျိုးများ အကြား ယုံကြည်မှုအဆင့် အမြင့်မားဆုံး ဖြစ်သည်။ တိုင်ရင်းသားလူမျိုးအရနှင့် ဘာသာအရ စုံလင်ကွဲပြားမှု အနည်းဆုံး ဖြစ်သည့် မုံရွာမြို့တွင် ဘာသာအကြားနှင့် လူမျိုးအကြား ယုံကြည်မှု အနိမ့်ဆုံးအဆင့် ဖြစ်နေသည်။

ခြုံကြည့်ပါက အမျိုးသမီးများသည် အမျိုးသားများထက် သူတပါးအပေါ် ယုံကြည်မှုနည်းသည်၊ အသက်ကြီးသော ဖြေဆိုသူများသည် ငယ်ရွယ်သော ဖြေဆိုသူများထက် သူတပါးအပေါ် ယုံကြည်မှု ပိုများပါသည်။




# ဖြစ်တည်မှု အမှတ်သရုပ်

မိမိ၏ ကိုယ်ပိုင် အမှတ်လက္ခဏာ များထဲမှ မည်သည့် အမှတ်သရုပ် လက္ခဏာ (မြန်မာ နိုင်ငံသား ဖြစ်ခြင်း၊ လူမျိုး၊ ဘာသာတရား၊ နေထိုင်သော မြို့၊ ကျားမလိင်၊ အလုပ်အကိုင် စသည်) သည် အရေးကြီးဆုံး ဖြစ်သနည်း ဟု မေးမြန်းခဲ့ရာ နေထိုင်သော မြို့ဟု ဖြေဆိုမှု နည်းပါးသည်။ မော်လမြိုင်မြို့နှင့် မန္တလေးမြို့မှ ဖြေဆိုသူများသည် ၎င်းတို့နေထိုင်မြို့ကို အရေးအကြီးဆုံး ကိုယ်ပိုင် အမှတ်လက္ခဏာ အနေနှင့် ဖြေဆိုနိုင်ခြေပိုများသည်။

ဘာသာရေးကို ၎င်းတို့၏ အရေးကြီးဆုံး ပုဂ္ဂလိက အမှတ်သရုပ် နှစ်ခုထဲတွင် တစ်ခုအဖြစ် ထည့်သွင်းထားခြင်း၌ ဗုဒ္ဓဘာသာများက အခြားသော အုပ်စုများထက် ၁၀% ကျော် များပါသည်။ ဗုဒ္ဓဘာသာ ၆၃%က ဘာသာရေးကို အဓိက အရေးကြီးဆုံး နှစ်ခုတွင် ထည့်ထားပြီး ထိုသို့ ထည့်ထားသူ မူဆလင်မှာ ၅၂% သာရှိသည်။[၃၅]

> မန္တလေးနှင့် မော်လမြိုင် မြို့နေထိုင်သူများသည် ၎င်းတို့၏ မြို့သားဖြစ်မှုကို အရေးကြီးဆုံး ကိုယ်ပိုင် လက္ခဏာနှစ်ခုထဲတွင် ထည့်နိုင်ခြေ အများဆုံးဖြစ်သည်။

## မြို့အလိုက် အရေးကြီးဆုံး ကိုယ်ပိုင်အမှတ်သရုပ်နှစ်ခု



| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |
|---|---|---|---|---|
| ဘာသာတရား | ဘာသာတရား | ဘာသာတရား | ဘာသာတရား | ဘာသာတရား |
| လူမျိုး | အသက်မွေးဝမ်းကျောင်း | မြန်မာနိုင်ငံသားဖြစ်ခြင်း | လူမျိုး | လူမျိုး |

# ဆက်ဆံရေး

မြို့ အားလုံးမှာ ဖြေဆိုသူများသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေး ပေါင်းသင်းဆက်ဆံမှုအပေါ် ကျေနပ်မှုရှိသည်ဟု ဖြေကြသည်။ ဖြေဆိုသူ ၉၅% က ၎င်းတို့၏ ပုဂ္ဂိုလ်ရေး ပေါင်းသင်းဆက်ဆံမှု အပေါ် ကျေနပ်ခြင်း ရှိကြပြီး မြို့ များ သို့မဟုတ် အုပ်စုအချို့ အကြား အနည်းငယ် ကွဲလွဲမှုသာ ရှိသည်။ မန္တလေးတွင် ၉၃% သာရှိ၍ အားလုံးတွင် အနိမ့်ဆုံး ဖြစ်သည်။

ပတ်ဝန်းကျင်မှ လူများနှင့် နီးစပ်မှု ရှိသည်ဟု ဖြေဆိုသူ အများစုက ပြောသည်။ ဖြေဆိုသူ ၉၃% က ၎င်းတို့ ပတ်ဝန်းကျင်မှ လူများနှင့် နီးကပ်သော ဆက်ဆံရေး ရှိသည်ဟု ဖြေသည်။ မြို့ အားလုံးတွင် ၎င်းတို့ ပတ်ဝန်းကျင်က ၎င်းတို့ကို ကြိုဆိုလက်ခံသည် ဟု ဖြေဆိုသူ ၉၂% ထက်မနည်း ရှိသည်။

# ခွဲခြားဆက်ဆံခြင်း

ဖြေဆိုသူများ ကို ၎င်းတို့၏ ကျား၊မ ဖြစ်ခြင်း (လိင်) ကြောင့် ရဲဝန်ထမ်း၊ ဆေးရုံနှင့် အစိုးရရုံးများ (စည်ပင်သာယာရေးရုံး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ..စသည်တို့) နှင့် ဆက်ဆံရန် ခက်ခဲသည် ဟု ခံစားရခြင်း ရှိမရှိ မေးမြန်းခဲ့သည်။ ၇၃% နီးပါးတို့က မေးခွန်း သုံးခုလုံးကို အလွန်သဘောမတူညီဟု ဖြေဆိုခဲ့ကြသည်။

## "ဆောင်ရွက်ရန်ခက်ခဲသည်"[၃၆]




ဖြေဆိုသူများကို ၎င်းတို့၏ ဘာသာတရား သို့မဟုတ် လူမျိုးဖြစ်မှုကြောင့် ခက်ခဲမှုများ ရှိသလားဟု မေးမြန်းရာ ဗုဒ္ဓဘာသာ မဟုတ်သူများက ခွဲခြားဆက်ဆံခံရခြင်းရှိကြောင်း ဖော်ပြမှု ပိုမိုမြင့်မားသည်။ ဗုဒ္ဓဘာသာ မဟုတ်သူ ၃၀% ကျော်က ရဲဝန်ထမ်းနှင့် ဆက်ဆံရာတွင် ခက်ခဲမှုရှိကြောင်း ဖြေဆိုခဲ့ပြီး၊ ၎င်းရာခိုင်နှုန်းမှာ ထိုသို့ဖြေဆိုသူ ဗုဒ္ဓဘာသာထက် ခြောက်ဆမြင့်မားသည်။ ထို့နည်းတူ ၎င်းတို့၏ ဘာသာ သို့မဟုတ် လူမျိုးကြောင့် အစိုးရရုံးများနှင့် ဆက်ဆံရာတွင် ခွဲခြားခံရမှုရှိကြောင်း ဗုဒ္ဓဘာသာ မဟုတ်သူ ၂၅% က ဖြေဆိုခဲ့ပြီး၊ ထိုသို့ဖြေဆိုသူ ဗုဒ္ဓဘာသာမှာ ၅% သာရှိသည်။

## "ကျွန်ုပ်၏ လူမျိုး (သို့) ကိုးကွယ်သော ဘာသာကြောင့် စည်ပင်အဖွဲ့ရုံး/ရန်ကုန်စည်ပင်/ မန္တလေးစည်ပင် ရုံးများဖြင့် ဆက်ဆံရန် ခက်ခဲသည်။"[၃၇]



# လူမှုအသိုင်းအဝန်းချိတ်ဆက်မှု

လူမှု ပေါင်းသင်းဆက်ဆံရေး အဆင့်မြင့်မားမှုကို တွေ့ရှိချက်များက ဖော်ပြနေသည်။ The World Giving Index, 2017 အရ မြန်မာနိုင်ငံသည် အလှူဒါနတွင် အဆင့် (၁) နှင့် စေတနာ့ဝန်ထမ်းခြင်းတွင် အဆင့် (၃) ချိတ်ပြီး ၎င်းတွေ့ရှိချက်များကို ယခုမြို့ပြလူနေမှုဘဝစစ်တမ်းဖြင့် နှိုင်းယှဉ်နိုင်ပါသည်။[၃၈] နမူနာလူဦးရေ၏ ၆၀% နီးပါးက လအနည်းငယ်ကြာတိုင်း စေတနာ့ ဝန်ထမ်းခြင်း လုပ်ဆောင်သည်ဟု ဖြေဆိုခဲ့သလို၊ ၉၂% က လအနည်းငယ်ကြာတိုင်း အလှူဒါန ပြုလုပ်သည်ဟု ဖြေဆိုခဲ့သည်။ ပုံမှန် စေတနာ့ဝန်ထမ်းခြင်းနှင့် ပုံမှန် အလှူဒါနပြုခြင်း ပြုလုပ်ရာ၌ ဝင်ငွေအုပ်စု အမျိုးမျိုးအကြား ကွဲပြားခြားနားမှု မရှိပါ။

လူထုဝန်ဆောင်မှုများ ကောင်းမွန်စေရေးအတွက် ၎င်းတို့၏ တကိုယ်ရေ အနစ်နာခံမှုအဖြစ် ဖြေဆိုသူများက အကယ်၍ အမှိုက်သိမ်းကားများသည် အိမ်ခြေများကို ပိုမိုရောက်ရှိကာ မြို့ကို ပိုမိုသန့်ရှင်းအောင် လုပ်ဆောင်နိုင်မည်ဆိုပါက အမှိုက်သိမ်းကားများနှင့် အမှိုက်ပုံးကြီးများဆီသို့ အချိန်ပိုပေးပြီး လမ်းလျှောက်နိုင်ပါသည်ဟု တညီတညွတ်တည်း ပြောဆိုကြသည်။



မြန်မာနိုင်ငံသည် အလှူဒါနတွင် ကမ္ဘာ့ **အဆင့် ၁** အရက်ရောဆုံး နိုင်ငံဖြစ်သည်။

### "ပရဟိတ အဖွဲ့၊ လူမှုအဖွဲ့အစည်း သို့မဟုတ် အစိုးရလုပ်ငန်း အတွက် ပုံမှန် စေတနာ့ဝန်ထမ်းခြင်း"



| ၂၁% | ၂၃% | ၂၁% | ၂၁% | ၃၁% |
|---|---|---|---|---|
| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |

### "ပရိဟိတ လုပ်ငန်းသို့ ပုံမှန် အလှူဒါနပေးခြင်း"



| ၄၈% | ၇၀% | ၄၂% | ၈၅% | ၅၀% |
|---|---|---|---|---|
| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |

မြို့ ငါးမြို့ တွင် ဖြေဆိုသူ အနည်းဆုံး ၈၀% က သဘောတူကြသည်။ ဖြေဆိုသူ ၇၄% ကလည်း ၎င်းတို့အတွက် နှင့် မြို့တော်အတွက် ပိုမိုကောင်းမွန်သော ပြည်သူ့ဝန်ဆောင်မှု ရရှိမည်ဆိုပါက ပစ္စည်းခွန် ကို တိုးမြင့်ပေးလိုသည် ဟု တညီတညွတ်တည်း ဖြေကြပါသည်။

# ၆ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှု တွေ့ရှိချက်များ



ဤခေါင်းစဉ်တွင် မြို့ပြလူမှုဘဝနှင့် ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှုတို့၏ ဆက်နွယ်မှုကို ဖော်ပြထားပါသည်။ စစ်တမ်းတွင် ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှု၊ လုံခြုံရေး၊ စားနပ်ရိက္ခာရရှိနိုင်မှုနှင့် ကျန်းမာရေး ထိခိုက် စေနိုင်သည်များမှ ကာကွယ်နိုင်မှု၊ လျော့ချနိုင်မှုနှင့် ပြန်လည်နလန်ထူနိုင်မှုတို့အပေါ် သက်ရောက်နိုင်သည့် ဝန်းကျင် အခြေအနေနှင့် အမှုအကျင့်များအကြောင်း မေးခွန်းများ ပါဝင်ပါသည်။ ဖြေဆိုသူများအား အစိုးရနှင့် ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းကျန်းမာမှုတို့၏ ဆက်နွယ်မှုအကြောင်းကို နားလည်စေရန် ရှင်းလင်းစွာဖော်ပြထားသော မေးခွန်းများကို မေးမြန်းထားပါသည်။ ဖြေဆိုသူများအား ပြည်သူ့ပန်းခြံများ၊ စရိတ်သက်သာသော ကျန်းမာရေးစောင့်ရှောက်မှု၊ အန္တရာယ်ကင်းသော လမ်းများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးနှင့် မြို့ပြသန့်ရှင်းမှု အခြေအနေများကို မေးမြန်းခဲ့ပါသည်။

## အဓိကတွေ့ရှိချက်များ

- ဖြေဆိုသူ ထက်ဝက်ခန့်မှ ညမှောင်ပြီးနောက် အိမ်၊ ရပ်ကွက် ဝန်းကျင်တွင် တစ်ယောက်တည်း လမ်းလျှောက်သောအခါ ဘေးကင်းလုံခြုံမှု ရှိသည်ဟု ဖြေဆိုခဲ့ကြသည်။
- လမ်းခရီး ဘေးကင်းလုံခြုံမှုသည် ဖြေဆိုသူများအတွက် ပူပန်စရာ တစ်ခုဖြစ်သည်။ အထူးသဖြင့် တောင်ကြီးမြို့တွင် နေထိုင်သူ ၈၂% က မော်တော်ယာဉ် စီးနင်းသောအခါတွင် မိမိလုံခြုံရေးကို စိုးရိမ်ပူပန်ရပါသည်ဟု ဖြေဆိုခဲ့ကြသည်။
- ဖြေဆိုသူ အနည်းငယ်က သဘာဝ ဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ပြင်ဆင်ပြီးဖြစ်သည်ဟု ပြောခဲ့ကြသော်လည်း မြို့များအကြား ကွာခြားမှု ရှိနေသည်။
- ဖြေဆိုသူများစွာက ကျန်းမာရေး စောင့်ရှောက်မှု ရယူရန်အတွက် ငွေကြေးအခက်အခဲ ရှိသည်ဟု ဖြေဆိုခဲ့သည်။
- မော်လမြိုင်မြို့တွင် ဖြေဆိုသူများ၏ ၁၇% က လွန်ခဲ့သောလတွင် ငွေကြေး အခက်အခဲကြောင့် ထမင်းဟင်း လျှော့စားခြင်း ရှိခဲ့သည်ဟု ဖြေဆိုသည်။

## မူဝါဒရေးရာ အကောင်အထည်ဖော်နိုင်မှု

**လူအနည်းငယ်သာ အကြမ်းဖက်မှုခင်းများကို တိုက်ရိုက်ကြုံတွေ့ဖူးသော်လည်း မြို့နေထိုင်သူ အများစုက ညမှောင်ပြီးနောက် အိမ်၊ ရပ်ကွက် ဝန်းကျင်တွင် တစ်ယောက်တည်း လမ်းလျှောက်သောအခါ ဘေးကင်းလုံခြုံမှု မရှိဟု ခံစားကြရသည်။** *အုပ်ချုပ်သူ အာဏာပိုင်တို့သည် လုံခြုံမှုမရှိခြင်း၏ အဓိကအကြောင်းရင်းကို နားလည်သဘောပေါက်ပါသလား။ လုံခြုံမှု မခံစားရခြင်းကို ဖြေရှင်းရန်အတွက် နည်းလမ်းများကို စမ်းသပ်ခြင်း ရှိပါသလား။*

**လူကျန်းမာရေး ဆိုးရွားစွာ ထိခိုက်နိုင်ပြီး မြို့နေပြည်သူများကို စိတ်ပူပန်မှုများပေးနိုင်သည့် သဘာဝဘေးအန္တရာယ်များ မြန်မာနိုင်ငံကို ထိခိုက်နိုင်ခြေ မြင့်မားစွာ ရှိပါသည်။** *သဘာဝ ဘေးအန္တရာယ်ကို ကောင်းစွာပြင်ဆင်နိုင်ရန်အတွက် အစိုးရအနေဖြင့် ဟောင်းနွမ်းနေသော အခြေခံ အဆောက်အအုံများကို အဆင့်မြှင့်ခြင်း (သို့) အဆောက်အအုံ အသစ်ဆောက်လုပ်ခြင်းတွင် အသစ်သော စံနှုန်းများ ချမှတ်ခြင်း (သို့) လူထုအား ဘေးအန္တရာယ် ကျချိန်တွင် မည်ကဲ့သို့ နေထိုင်လုပ်ဆောင်ရမည်ကို သင်ပေးခြင်း စသည်တို့ကို အစိုးရအနေဖြင့် ဦးစားပေး လုပ်ဆောင်သင့် ပါသလား။*

**ဖြေဆိုသူ အများစုက ကျန်းမာရေး စောင့်ရှောက်မှု ရယူရန် အခက်အခဲရှိသည်ဟု ပြောသည်။** အစိုးရအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု စရိတ် ကျဆင်းစေရန် ထောက်ပံ့ငွေ ပိုမို လုံလောက်စွာ ပေးအပ်သင့်ပါသလား (သို့မဟုတ်) အလုပ်အကိုင် ဖန်တီးခြင်းနှင့် ဝင်ငွေရရှိမှု မြင့်မားအောင် လုပ်ဆောင်ရာတွင် အဓိကထားသင့်ပါသလား။

**မြို့တစ်မြို့နှင့် တစ်မြို့အကြား စားနပ်ရိက္ခာ ဘေးကင်းလုံခြုံမှုတွင် ကွဲပြားခြားနားသည်။** *ထိုကဲ့သို့ ကွဲပြားခြားနား ရခြင်းမှာ အဘယ်ကြောင့်နည်း။ မော်လမြိုင်မြို့ နေထိုင်သူများတွင် ဝမ်းစာဖူလုံမှု သိသာစွာ နည်းပါးနေရခြင်းမှာ အဘယ်ကြောင့်နည်း။*

# လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် ပတ်ဝန်းကျင်

ယေဘုယျအားဖြင့် ဖြေဆိုသူ ၆၃ % မှာ တစ်ပတ်လျှင် တစ်ကြိမ်မျှပင် လေ့ကျင့်ခန်း မလုပ်ဖြစ်ကြပါ။အမျိုးသားများမှ အမျိုးသမီးများထက် ပို၍ တစ်ပတ်လျှင်တစ်ကြိမ် လေ့ကျင့်ခန်းလုပ်ဖြစ်သည်။အမျိုးသမီး ၂၆% မှသာလျှင် နေ့တိုင်းနီးပါး (သို့) ရက်တော်တော်များများ လေ့ကျင့်ခန်းလုပ်ဖြစ်သည်ဟု ဖြေဆိုချိန်တွင် အမျိုးသား ၃၂% မှ ယင်းသို့ ဖြေဆိုခဲ့သည်။ တောင်ကြီးမြို့တွင် နေထိုင်သူများမှာ ၅၁% ဖြေဆိုမှုဖြင့် တစ်ပတ်လျှင် တစ်ကြိမ်လေ့ကျင့်ခန်းပို၍ လုပ်ဖြစ်ကြသည်။ မန္တလေးမြို့တွင် အမျိုးသားများက အမျိုးသမီးများထက် ၃၁ %အသာဖြင့် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် လေ့ကျင့်ခန်း ပြုလုပ်ဖြစ်ကြောင်း ဖြေဆိုခဲ့သဖြင့် ကျား-မ ကွာဟချက်များသည်။ တောင်ကြီးမြို့တွင်မူ ဤသည်နှင့်ပတ်သက်၍ ၆% သာခြားနားမှုရှိသဖြင့် ကျား-မ ကွာဟချက် နည်းပါးသည်။



ဖြေဆိုသူ
**၃၇%** သည် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်
လေ့ကျင့်ခန်းပြုလုပ်ပါသည်



| ၃၅% | ၄၄% | ၂၆% | ၃၀% | ၅၁% |
|---|---|---|---|---|
| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |

နေထိုင်ရာမြို့တွင် လေ့ကျင့်ခန်းပြုလုပ်ရန် (သို့) အားကစားပြုလုပ်ရန်နေရာများ လွယ်လင့်တကူ ရှာတွေ့နိုင်ပါသလား ဟူသောမေးခွန်းအတွက် အဖြေများမှာ မြို့အလိုက် ကွဲပြားလှသည်။ရန်ကုန်မြို့တွင်နေထိုင်သူများမှာ အခက်ခဲဆုံးဖြစ်ပြီး ၄၅%မှသာ လေ့ကျင့်ခန်းပြုလုပ်ရန် (သို့) အားကစားပြုလုပ်ရန်နေရာများ အလွယ်တကူ ရှာတွေ့သည်ဟု ဖြေဆိုခဲ့သည်။အခြားသောမြို့များအားလုံးတွင် ၆၀% မှ လွယ်ကူစွာရှာတွေ့သည်ဟုဖြေဆိုခဲ့သည်။ဤမေးခွန်းအတွက် ဝင်ငွေအရ အုပ်စုခွဲသောအခါတွင်မူ ကွာဟချက်များပါသည်။ဝင်ငွေအနည်းဆုံးသူများ ၅၀%မှ အလွယ်တကူ တွေ့နိုင်သည်ဟုဖြေဆိုခဲ့ပြီး ဝင်ငွေအမြင့်ဆုံးသောသူများ ၆၂%မှ အလွယ်တကူ ရှာတွေ့နိုင်သည်ဟု ဖြေဆိုခဲ့သည်။

ဝင်ငွေအနည်းဆုံးသောအုပ်စုသည် အချမ်းသာဆုံးအုပ်စုလောက် သဘာဝပတ်ဝန်းကျင်တွင် အချိန်ကုန်ဆုံးလေ့ မရှိပါ။ ဝင်ငွေအနည်းဆုံးသောအုပ်စုသည် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် ၁.၁ နာရီသာ သဘာဝပတ်ဝန်းကျင်တွင် အချိန်ကုန်ဆုံးလေ့ရှိပြီး အချမ်းသာဆုံးအုပ်စုမှာ တစ်ပတ်လျှင် ၁.၉ နာရီ အချိန်ကုန်ဆုံးသည်ကို တွေ့ရှိရသည်။

သန့်ရှင်းမှုနှင့်ပတ်သက်၍ ရန်ကုန်မြို့တွင်နေထိုင်သူများမှာ ၎င်းတို့နေထိုင်ရာမြို့တွင် လတ်ဆတ်သောလေ၊ သန့်ရှင်းသောလမ်းများနှင့် ရေမြောင်းများ မရှိဟုဖြေဆိုခဲ့သည်။ လမ်းဘေးခွေးများမှာ ဖြေဆိုသူများစွာအတွက် ပြဿနာဖြစ်သည်။ မော်လမြိုင်မြို့တွင် ၇၇% မှ ၎င်းတို့ နေထိုင်ရာဝန်းကျင်တွင် လမ်းဘေးခွေးများသည် ပြဿနာတစ်ရပ်ဟု သဘောတူကြပြီး နမူနာစစ်တမ်းကောက်ခံမှု၏ ၅၄% မှ လမ်းဘေးခွေးများသည် ပြဿနာဖြစ်သည်ဟု ဖြေဆိုခဲ့သည်။

> မော်လမြိုင်မြို့တွင် **၇၇%** မှ ၎င်းတို့ နေထိုင်ရာဝန်းကျင်တွင် လမ်းဘေးခွေးများသည် ပြဿနာတစ်ရပ်ဟု သဘောတူကြသည်

# ထိခိုက်ခံနိုင်မှု

ယေဘုယျအားဖြင့် ဖြေဆိုသူအများစုမှ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများမရှိဟု ခံစားရကြောင်း ဖြေဆိုခဲ့သည်။ဤသည်မှာ မြို့များအကြား အတိုင်းအတာတစ်ခုအထိ ကွာခြားချက်ရှိပါသည်။ဝင်ငွေပိုမိုကောင်းမွန်သောသူများမှ ဝင်ငွေနည်းပါးသူများထက် ရာခိုင်နှုန်းပို၍ကြိုတင်ပြင် ဆင်ထားရှိမှုများ ရှိသည်ဟု ဖြေ ဆိုခဲ့သည်။ဝင်ငွေအနည်းဆုံးသောသူများ၏ ၃၇% မှသာ ကြိုတင်ပြင်ဆင်ထားရှိ မှုများရှိသည်ဟု ဖြေပြီး ၄၉% သော ဝင်ငွေအမြင့်ဆုံးသူများမှ ကြိုတင်ပြင်ဆင်ထားရှိမှုများရှိသည်ဟု ခံစားကြရသည်။

## "ကျွန်ုပ်၏ ပတ်ဝန်းကျင်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်အစီအမံများ ပြင်ဆင်ထားရှိပြီးဖြစ်သည်ဟု ခံစားရသည်"




ကျန်းမာရေးစောင့်ရှောက်မှုရနိုင်ခြင်းသည် ပြင်းထန်သော ရောဂါဝေဒနာများနှင့်အနာတရဖြစ်ခြင်းများအတွက် လိုအပ်ပါသည်။ကျန်းမာရေးစောင့်ရှောက်မှုမှာလည်း ဝင်ငွေနှင့်ဆက်စပ်နေပါသည်။ဝင်ငွေအနည်းဆုံးသော ဖြေဆိုသူ ၅၆% ကျော်မှ ကျန်းမာရေးအတွက် ငွေကြေးအခက်အခဲရှိသည်ဟုဖြေဆိုခဲ့ပြီး ဝင်ငွေ အမြင့်ဆုံးသောဖြေ ဆိုသူ ၂၀%မှသာ ဤသို့ဖြေဆိုခဲ့သည်။

မသန်စွမ်းသူများမှာမူ ဆေးခန်းနှင့်ဆေးရုံများ တက်ရောက်ကုသနိုင်မှုနှင့်ပတ်သက်၍ မကျေနပ်ကြောင်း အခြားသူများထက် ပိုမို ပြောကြားခြင်းမရှိဘဲ ကျန်းမာရေးအတွက် ငွေကြေးအခက်အခဲမရှိပါဟုသာ ပို၍ ဖြေဆိုခဲ့ကြသည်။

မြို့ငါးမြို့တွင် ဖြေဆိုသူအများစုမှ ကျန်းမာရေးကုန်ကျစရိတ် ကျပ်ငွေ နှစ်သိန်းအတွက် ငွေသား သို့မဟုတ် စုငွေဖြင့် ပေးချေနိုင်ကြောင်းဖြေဆိုခဲ့သည်။ ဝင်ငွေအနည်းဆုံးသောအုပ်စု ၂၆% မှာမူ ယင်းအတွက် ငွေချေးသူများထံမှ ချေးယူရကြောင်း ဖြေကြားခဲ့ပြီး ဝင်ငွေအများဆုံးအုပ်စု ၇% မှလည်း အလားတူအဖြေကိုဖြေခဲ့သည်။

## "ကျန်းမာရေးအတွက်ငွေကြေးအခက်အခဲရှိသည်"



# လုံခြုံရေး

မြို့အားလုံးမှ ဖြေဆိုသူများသည် ညမှောင်ပြီးနောက် အိမ်ထဲတွင်လုံခြုံစိတ်ချရသည်ဟု ခံစားရကြောင်း ဖြေဆိုခဲ့သည်။ မြို့အားလုံးတွင် ၈၀% ကျော်မှ လုံခြုံစိတ်ချရသည်ဟု ဖြေဆိုခဲ့သည်။ တောင်ကြီးနှင့် မုံရွာမြို့များသည် ၉၄% ဖြင့် ရာနှုန်းအမြင့်ဆုံးဖြစ်ပြီး ရန်ကုန်မြို့သည် ၈၁%ဖြင့် အနိမ့်ဆုံးဖြစ်သည်။ ဤမေးခွန်းအတွက် ဖြေဆိုမှုများသည် ဝင်ငွေ(သို့)ကျား-မ အလိုက်ကွာခြားချက်များ မရှိပါ။

ညမှောင်ပြီးနောက် အိမ်၊ ရပ်ကွက်ပတ်ဝန်းကျင်တွင် တစ်ယောက်တည်း လမ်းလျှောက်သောအခါ ဘေးကင်းလုံခြုံသည်ဟု ခံစားရကြောင်း ဖြေဆိုမှုမှာ ရာခိုင်နှုန်းအချိုးနည်းပါးလှသည်။ ရန်ကုန်နေထိုင်သူ ၅၀% အောက်မှသာ ဘေးကင်းလုံခြုံသည်ဟုဖြေကြားခဲ့သည်။ အမျိုးသားများနှင့် အသက်ကြီးသူများသာ ဤသို့ဖြေဆိုမှု ပိုများပါသည်။ မန္တလေးမြို့တွင် ဘေးကင်းလုံခြုံသည်ဟု ခံစားရကြောင်း အမျိုးသားများက အမျိုးသမီးများထက် ၁၃% ပို၍ဖြေကြားခဲ့သည်။

"ညမှောင်ပြီးနောက် အိမ်၊ရပ်ကွက်ပတ်ဝန်းကျင်တွင် တစ်ယောက်တည်းလမ်းလျှောက်ရသောအခါ ဘေးကင်း လုံခြုံသည်ဟု ခံစားရသည်။"




မန္တလေးမြို့တွင် ဘေးကင်းလုံခြုံသည်ဟု ခံစားရကြောင်း အမျိုးသားများက အမျိုးသမီးများထက် ၁၃% ပို၍ဖြေကြားခဲ့သည်။

ဖြေဆိုသူအချို့မှ ညမှောင်ပြီးနောက် တစ်ဦးတည်းလမ်းလျှောက်ရာတွင် လုံခြုံရေးအတွက်စိုးရိမ်ပူပန်မှုများ ရှိသော်လည်း အနည်းငယ်မှသာလျှင် ရာဇဝတ်မှု သို့ အကြမ်းဖက် ခံရဖူးကြသည်။မန္တလေးမြို့တွင်နေထိုင်သူများ သာ ပြီးခဲ့သောနှစ်အတွင်း ၎င်းတို့ကိုယ်တိုင်(သို့)မိသားစုဝင်တစ်ဦးဦးသည် ရာဇဝတ်မှု(သို့)အကြမ်းဖက်မှုတွင် ခံရသူဖြစ်ခဲ့ဖူးသည်ဟု ဖြေဆိုနိုင်ခြေ ပိုများသည်။

"လွန်ခဲ့သောနှစ်တွင် သင့်အိမ်(သို့)ရပ်ကွက်ပတ်ဝန်းကျင်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု(သို့)ရာဇဝတ်မှုတွင် သင်(သို့)သင့်မိသားစုဝင်တစ်ဦးဦးသည် ခံရသူဖြစ်ဖူးပါသလား"




လမ်းခရီးဘေးကင်းလုံခြုံမှုသည် ဖြေဆိုသူများအတွက် ပူပန်စရာတစ်ခုဖြစ်သည်။ တောင်ကြီးမြို့တွင် နေထိုင်သူများအတွက် လမ်းခရီးဘေးကင်းလုံခြုံမှုသည် ၈၂% ဖြင့် အဓိကပူပန်စရာဖြစ်ပြီး ၎င်းတို့အနေဖြင့် မြို့ပေါ်လမ်းများတွင် စက်တပ်ယာဉ်စီးလျှင် ရပ်ပိုင်းဆိုင်ရာလုံခြုံမှုအတွက် စိတ်ပူရသည်ဟု ဖြေကြားခဲ့ကြသည်။မော်လမြိုင်မြို့တွင်မူ ရာနှုန်း ၅၀ အောက်မှသာ ဤသို့ဖြေခဲ့သည်။မြို့နေလူအများစုမှ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးသာလျှင်ဘေးကင်းလုံခြုံသည်ဟု သဘောတူခဲ့ကြပါသည်။

တောင်ကြီးမြို့တွင်
လမ်းခရီးဘေးကင်းလုံခြုံမှုသည် ၈၂%
ဖြင့် အဓိကပူပန်စရာဖြစ်ပြီး
၎င်းတို့အနေဖြင့် မြို့ပေါ်လမ်း များတွင်
စက်တပ်ယာဉ်စီးလျှင် စိတ်ပူရသည်ဟု
ဖြေကြားခဲ့ကြသည်။

# စားနပ်ရိက္ခာ ဖူလုံမှု

ပြီးခဲ့သောရက်သုံးဆယ်အတွင်းငွေကြေးအခက်အခဲကြောင့် ထမင်းဟင်းလျှော့စားခြင်း (သို့) ထမင်းအနပ်ကျော်ခြင်းများ ရှိခဲ့ပါသလားဟူသော မေးခွန်းကိုမူ ဝင်ငွေအုပ်စုအလိုက် အဖြေများ ကွာခြားပါသည်။ ဝင်ငွေအနည်းဆုံးသောအုပ်စုတွင် ၁၃% မှ ငွေကြေးအခက်အခဲကြောင့် ထမင်းဟင်းလျှော့စားခြင်း (သို့) ထမင်း အနပ်ကျော်ခြင်းများ ရှိခဲ့သည်ဟုဖြေခဲ့သည်။ အချမ်းသာဆုံးသောအုပ်စု ၄% မှသာ အလားတူဖြေဆိုခဲ့သည် မော်လမြိုင်မြို့ နေထိုင်သူများမှာ ထိုသို့ ဖြေဆိုနိုင်ခြေ ပိုများသည်။

"ပြီးခဲ့သောရက်သုံးဆယ်အတွင်း ငွေကြေးအခက်အခဲကြောင့် ထမင်းဟင်းလျှော့စားခြင်း(သို့) ထမင်းအနပ်ကျော်ခြင်းများ ရှိခဲ့ပါသလား"




ဖြေဆိုသူ လေးပုံတစ်ပုံကျော်မှ စားသောက်ကုန်များဝယ်ယူရန် ငွေကြေး အခက်အခဲရှိသည်ဟု ဖြေဆိုခဲ့သည်။ မော်လမြိုင်တွင် နေထိုင်သူ ၃၃% မှ အခက်အခဲရှိသည်ဟုဖြေခဲ့ကြသည်။ရန်ကုန်မြို့တွင် လွန်ခဲ့သောလ၌ တစ်လဝင်ငွေ ကျပ် ၁၅၀၀၀၀ အောက် ရရှိသော အဆင်းရဲဆုံးသော သူများ၏ ၆၂% မှ စားသောက်ကုန်များဝယ်ယူရန် ငွေကြေး အခက်အခဲရှိသည်ဟု ဖြေကြားခဲ့ကြသည်။

မော်လမြိုင်တွင် နေထိုင်သူ ၃၃% မှ စားသောက်ကုန်များ ဝယ်ယူရန် အခက်အခဲ ရှိသည်ဟု ဖြေခဲ့ကြသည်။

"ဖြေဆိုသူ လေးပုံတစ်ပုံကျော်မှ စားသောက်ကုန်များဝယ်ယူရန် ငွေကြေးအခက်အခဲရှိသည်ဟု ဖြေဆိုခဲ့သည်။"

# ၇ မြို့ပြအုပ်ချုပ် စီမံရေးဆိုင်ရာ တွေ့ရှိချက်များ

၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်းတွင် မြို့ပြနေထိုင်သူများ၏ အစိုးရနှင့်ဆက်သွယ်ဆောင်ရွက်သည့် အတွေ့အကြုံများကို နားလည်နိုင်ရန် မေးခွန်းများ မေးမြန်းထားပါသည်။ စစ်တမ်းတွင် မြို့ပြနေထိုင်သူများအား ၎င်းတို့ဘဝအပေါ် အကျိုးသက်ရောက်မှုရှိသည့် အစိုးရဌာနများ၏ ဆုံးဖြတ်ချက်များအပေါ် ၎င်းတို့ မည်မျှ လွှမ်းမိုးနိုင်သနည်းဟု မေးမြန်းထားသည်။ နိုင်ငံရေးတွင် ပါဝင်နိုင်ခြင်းသည် ဘဝသာယာချမ်းမြေ့မှု၏ အရေးကြီးသော အညွှန်းတစ်ခုဖြစ်သည်။ အကြောင်းရင်းမှာ ပြည်သူများသည် ၎င်းတို့အသံကို နားစွင့်ခံရသည်ဟု ထင်မြင်ပါက လေးစားစွာ ဆက်ဆံခံရသည်ဟု ခံစားရသည်။ စစ်တမ်းတွင် ပြည်သူ့ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အစိုးရစွမ်းဆောင်ရည်အကြောင်းကိုလည်း မေးမြန်းထားပါသည်။ ၎င်းမေးခွန်းများဖြင့် ပြည်သူများ၏ အစိုးရနှင့်ပတ်သက်သော အတွေ့အကြုံများကို ဖော်ထုတ်ထားခြင်းဖြစ်ပြီး ၎င်းမှတဆင့် အစိုးရစွမ်းဆောင်ရည်ကို တိုက်ရိုက်သုံးသပ်လေ့လာနိုင်မည် ဖြစ်သည်။

## အဓိကတွေ့ရှိချက်များ

- မြို့ငါးမြို့လုံးတွင် ဖြေဆိုသူများက ၎င်းတို့မြို့သည် အကောင်းဘက်သို့ ဦးတည်နေသည်ဟု ဖြေဆိုမှု များပါသည်။
- အုပ်စုအားလုံးနှင့် မြို့အားလုံးက ထိုကဲ့သို့ဖြေဆိုရခြင်းမှာ လမ်းများပိုကောင်းမွန်လာခြင်းနှင့် လျှပ်စစ်မီးရရှိမှု တိုးတက်လာခြင်းကြောင့် ဖြစ်သည်။
- အဆိုးဘက်သို့ ဦးတည်နေသည်ဟု မြို့တိုင်းရှိဖြေဆိုမှုများမှာ လုံခြုံရေးဆိုင်ရာ ပူပန်မှုများကြောင့် ဖြစ်သည်။
- ဖြေဆိုသူများက အကယ်၍ ၎င်းတို့သည် မြို့အာဏာပိုင်ဖြစ်လျှင် ဘတ်ဂျက်၏ သုံးပုံတစ်ပုံကို လမ်းနှင့် ရေမြောင်းများ ပြုပြင်တည်ဆောက်ရာတွင် သုံးမည်ဟု ပြောသည်။
- တိုင်း/ပြည်နယ် အစိုးရများသည် ပြည်သူများ၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးသည်ဟု သဘောတူကြသည်။
- ဖြေဆိုသူ အနည်းငယ်ကသာ အစိုးရအပေါ် ၎င်းတို့အမြင်များကို အများပြည်သူပိုင် နေရာများတွင် ထုတ်ဖော် ပြောကြားရန် ဘေးကင်းလုံခြုံသည်ဟု ခံစားရပြီး မြို့အများစုတွင် လူနည်းစုကသာ ၎င်းတို့သည် အစိုးရဌာနများ၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးမှုရှိနိုင်သည်ဟု ဖြေဆိုခဲ့သည်။
- ဖြေဆိုသူ အနည်းငယ်ကသာ ၎င်းတို့၏ တိုင်း/ပြည်နယ် လွှတ်တော်အမတ်ကို သိရှိသည်။
- မြို့ ငါးမြို့ လုံးမှ ဖြေဆိုသူ ၇၇% က ရပ်ကွက် အုပ်ချုပ်ရေးမှူးများသည် ၎င်းတို့ မိသားစု အကျိုးကို ကိုယ်စားပြုဆောင်ရွက်ပေးသည်ဟု ထင်မြင်ကြသည်။
- ရာဇဝတ်မှုကျူးလွန်ပါက ဥပဒေအရ အရေးယူခံရမည်ဟု ယုံကြည်ခြင်းမျိုး မြို့အားလုံးတွင် ရှိပါသည်။
- ဖြေဆိုသူ ၉၂% က အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားတာဝန် ဖြစ်သည်ဟု သဘောတူညီကြသည်။ ၇၄% က ပိုမို ကောင်းမွန်သော ပြည်သူ့ဝန်ဆောင်မှု ရရှိပါက ပစ္စည်းခွန် တိုးမြှင့်ပေးဆောင်ရန် သဘောတူညီကြသည်။

## မူဝါဒရေးရာ အကောင်အထည်ဖော်နိုင်မှု

**လမ်းများ ကောင်းမွန်စေရန် အစိုးရ၏ဦးစားပေး လုပ်ဆောင်ခြင်းကို ဖြေဆိုသူများက ထောက်ခံကြသော်လည်း အချို့လူများမှာ အကျိုးသက်ရောက်မှု မခံစားရခြင်း ရှိနေသည်။** *မဟာဗျူဟာအရ အဓိကအရေးပါသော လမ်းများကို ပြုပြင်တည်ဆောက်ခြင်းနှင့် လမ်းကောင်းမွန်ခြင်းအကျိုးကို နေထိုင်သူအားလုံး ခံစားရစေရန် ပြုလုပ်ခြင်း နှစ်ခုအကြား အသင့်တော်ဆုံးမျှခြေမှာ အဘယ်နည်း။*

**မြို့အုပ်ချုပ်ရေး အာဏာပိုင်များက လမ်းများအဆင့်မြင့်ရန် ဦးစားပေးခြင်းသည် မြို့ပြနေထိုင်သူများ၏ ဆန္ဒနှင့် ကိုက်ညီသည်။** *ရေမြောင်းစနစ် ပိုမိုကောင်းမွန်စေရန် ဆန္ဒရှိမှုကိုလည်း အစိုးရအနေဖြင့် ဖြည့်ဆည်းပေးနိုင်ပါသလား။ ဖြေဆိုသူများက အုပ်ချုပ်သူများ၏ ဦးစားပေးမှုတွင် အနိမ့်ဆုံး သတ်မှတ်ထားသော်လည်း အများပြည်သူ သုံးနိုင်သော လျှင်မြန်သည့် အင်တာနက်စနစ်ရှိစေရန် ဆန္ဒရှိမှုနှင့် စပ်လျဉ်း၍ မည်သို့ လုပ်ဆောင်သင့်သနည်း။*

**ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် အရင်းအမြစ်တွင် အကန့်အသတ်ရှိသော်လည်း မြို့နေပြည်သူများ၏ လိုအပ်ချက်အပေါ် တုံ့ပြန်ဖြည့်ဆည်းမှုရှိသည်ဟု စစ်တမ်းကောက်ယူသည့် ငါးမြို့တွင် လေးမြို့က ပြောသည်။** *၎င်းအချက်သည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စတင်လိုက်သည့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးနိုင်မည် လုံလောက်သော အထောက်အထား ဖြစ်ပါသလား။*

**ဖြေဆိုသူ အများစုက ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ၎င်းတို့ အိမ်ထောင်မိသားစု၏ အကျိုးကို ကိုယ်စားပြုနိုင်သည်ဆိုသောအချက်ကို သဘောတူသည်။** *သို့တိုင်အောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများတွင် ဘဏ္ဍာငွေ အကန့်အသတ်ရှိသော ရုံးငယ်လေးနှင့် ဝန်ထမ်းအနည်းငယ်သာရှိသည်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးတွင် အရေးပါသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုမှုများ ရှိပါသလား။ ၎င်းတို့ကို ပိုမိုကောင်းမွန်သော အရင်းအမြစ်နှင့် စွမ်းရည်မြှင့်တင်ခြင်းများ ပေးသင့်ပါသလား။*

**မြို့ပြနေထိုင်သူအများစုက အခွန်၏ အရေးပါပုံကို အသိအမှတ်ပြုပြီး မြို့တိုးတက်ရန် ပစ္စည်းခွန် ပိုမိုပေးလိုသော ဆန္ဒရှိကြသည်။** *သို့သော်လည်း အခွန်စာရင်းမှာ ခေတ်နှင့်လျော်ညီခြင်း မရှိတော့သည့်အတွက် အိမ်ထောင်စုများစွာ အခွန်ဆောင်ရန် စာရင်းဝင်ခြင်း မရှိချေ။ ကောက်ခံသည့် ပမာဏမှာလည်း ဝင်ငွေနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးပါသည်။ စည်ပင်သာယာရေး အဖွဲ့များ အရင်းအမြစ် ရန်ပုံငွေရရှိရန်နှင့် လူထုကို ဝန်ဆောင်မှု ပေးနိုင်ရန်အတွက် အခွန်လွှမ်းခြုံမှု ကျယ်ပြန့်ရန်နှင့် အခွန်စနစ်ကို ပြုပြင်ပြောင်းလဲခြင်း လုပ်ဆောင်နိုင်ရန်အတွက် မြို့များသည် မည်သည့်မဟာဗျူဟာများ ပြင်ဆင်ထားရှိသနည်း။*

“

**မြို့ပြနေထိုင်သူအများစုက အခွန်၏ အရေးပါပုံကို အသိအမှတ်ပြုပြီး မြို့တိုးတက်ရန် ပစ္စည်းခွန် ပိုမိုပေးလိုသော ဆန္ဒရှိကြသည်။** သို့သော်လည်း အခွန်စာရင်းမှာ ခေတ်နှင့်လျော်ညီခြင်း မရှိတော့သည့်အတွက် အိမ်ထောင်စုများစွာ အခွန်ဆောင်ရန် စာရင်းဝင်ခြင်း မရှိချေ။

”

# အစိုးရ၏ စွမ်းဆောင်ရည်

အောက်ဖော်ပြပါဇယားသည် စစ်တမ်းဖြေဆိုသူများ၏ မြို့ပြအုပ်ချုပ်စီမံမှုကို အခြေတည်ထားသော အစိုးရစွမ်းဆောင်ရည်အပေါ် ထင်မြင်ချက်ကို အကျဉ်းရုံးဖော်ပြထားခြင်းဖြစ်ပါသည်။

| | ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |
|---|---|---|---|---|---|
| မြို့တွင်းရှိ အခြေအနေများသည် အကောင်းဘက်သို့ဦးတည်နေသည်။ | ၄၉% | ၃၀% | ၅၈% | ၆၆% | ၅၉% |
| မြို့တွင်းရှိ အခြေအနေများသည် အဆိုးဘက်သို့ဦးတည်နေသည်။ | ၂၀% | ၂၆% | ၁၁% | ၁၁% | ၉% |
| အဘယ့်ကြောင့်အကောင်းဘက်သို့ဦးတည်သနည်း။[၃၉] (အဖြေအများဆုံး နစ်ခု) | လမ်း<br>လျှပ်စစ် | လမ်း<br>လျှပ်စစ် | လမ်း<br>လုံခြုံမှု | လမ်း<br>လျှပ်စစ် | လမ်း<br>လျှပ်စစ် |
| အဘယ့်ကြောင့် အဆိုးဘက်သို့ ဦးတည်သနည်း။ [၄၀] (အဖြေအများဆုံး နစ်ခု) | လုံခြုံမှု<br>စီးပွားရေး အခွင့်အလမ်း | လုံခြုံမှု<br>အလုပ်အကိုင် | လုံခြုံမှု<br>အလုပ်အကိုင် | လုံခြုံမှု<br>လမ်း | လုံခြုံမှု<br>အလုပ်အကိုင် |
| ခေါင်းဆောင်များ၌ တိုးတက်မှုအတွက် မျှော်မှန်းချက်များ ရှိသည်။ (သဘောတူသူ%) | ၅၇% | ၆၆% | ၇၅% | ၆၉% | ၅၂% |
| တိုင်း/ပြည်နယ်အစိုးရသည် တုံ့ပြန်ဆောင်ရွက်သည်။ (သဘောတူသူ%) | ၅၈% | ၅၉% | ၅၉% | ၆၆% | ၃၆% |
| မြို့စည်ပင်သာယာရေးအဖွဲ့သည် တုံ့ပြန်ဆောင်ရွက်သည်။ (သဘောတူသူ%) | ၄၄% | ၆၉% | ၆၁% | ၆၄% | ၃၅% |
| လွှတ်တော်အမတ်သည် အိမ်ထောင်စုအကျိုးကို ကိုယ်စားပြုဆောင်ရွက်သည်။ (သဘောတူသူ%) | ၃၁% | ၁၈% | ၄၀% | ၂၄% | ၁၂% |
| လွန်ခဲ့သောသုံးလအတွင်း လာဘ်ပေးခြင်းလုပ်ဆောင်ခဲ့ဖူးသည်။ | ၁၀% | ၁၅% | ၁၂% | ၃% | ၁၃% |
| လာဘ်ပေးလာဘ်ယူမှုသည် ဖြစ်လေ့ဖြစ်ထရှိသည်။ | ၅၂% | ၄၇% | ၅၇% | ၄၁% | ၄၃% |

# မြို့၏ဦးတည်ရာ

ယေဘုယျအားဖြင့် အမျိုးသမီး ၄၅% နှင့် အမျိုးသား ၅၁% တို့မှ မြို့တွင်းရှိ အခြေအနေများသည် အကောင်းဘက်သို့ ဦးတည်နေသည်ဟု ယုံကြည်ကြသည်။ အသက်ကြီးသော ဖြေဆိုသူများနှင့် အလုပ်အကိုင်ရှိသော ဖြေဆိုသူများကလည်း အကောင်းဘက်သို့ ဦးတည်နေသည်ဟုသာ ဖြေဆိုခဲ့ကြသည်။

တောင်ကြီးမြို့မှလွဲ၍ မြို့အားလုံးတွင် စစ်တမ်းဖြေဆိုသူများသည် အကောင်းဘက်သို့ ဦးတည်နေသည်ဟု ဖြေကြားရခြင်းမှာ လမ်းအခြေအနေများ တိုးတက်လာခြင်းကြောင့် ဖြစ်သည်။ ထိုအကြောင်းအရင်းအပြင် လျှပ်စစ်မီး ရရှိမှု၊ လုံခြုံမှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုလည်း ဖြေဆိုထားသည်။ ကျား၊မ အကြားဖြေဆိုမှုများမှာ ဆင်တူပြီး အမျိုးသမီးများမှာမူ အကောင်းဘက်သို့ ဦးတည်နေသည့် အကြောင်းရင်းကို ပညာရေးဟု ဖြေဆိုမှု ပိုများသည်။ သို့သော် အတန်းပညာအလိုက် ကွာခြားမှုများ ရှိသည်။ အတန်းပညာမရှိသူများက လျှပ်စစ်မီးရရှိမှု၊ လမ်းများနှင့် လုံခြုံမှုကို အကြောင်းရင်းများအဖြစ် ပေးကြသည်။ ထိုသူများသည်ပင် လုံခြုံမှုအား မြို့၏ တိုးတက်မှုလက္ခဏာအဖြစ် ဘွဲ့ရနှင့် အထက်များထက် ၄ ဆ ပို၍ ဖြေနိုင်ခြေများသည်။ တောင်ကြီးမြို့တွင် လုံခြုံရေးဆိုင်ရာ တိုးတက်မှုသည် အဓိကအကြောင်းရင်း ဖြစ်သည်။

အကောင်းဘက်သို့ ဦးတည်နေသည်ဟု ဖြေကြားခဲ့သော ဝင်ငွေနည်းသည့် ဖြေဆိုသူများ၏ အဓိက အကြောင်းပြချက်မှာ လမ်းများနှင့် လျှပ်စစ်မီးဖြစ်သည်။ အဆိုးဘက်သို့ ဦးတည်နေသည်ဟု ဖြေကြားခဲ့သော ဝင်ငွေနည်းသည့် ဖြေဆိုသူများ၏ အဓိက အကြောင်းပြချက်မှာလည်း လမ်းများနှင့် လျှပ်စစ်မီးပင် ဖြစ်သည်။

မြို့တိုင်းတွင် အဆိုးဘက်သို့ ဦးတည်နေသည်ဟု ဖြေဆိုသူများသည် အများအားဖြင့် လုံခြုံမှုအား အကြောင်းအရင်း တစ်ခုအဖြစ် ဖြေဆိုကြသည်။ ကျား၊မ အကြားတွင် ကွဲပြားမှု နည်းပါးပြီး အတန်းပညာအဆင့်အတန်းအလိုက် ကွဲပြားမှုများရှိသည်။




အကောင်းဘက်သို့ ဦးတည်နေသည်ဟု ယုံကြည်ကြသည်။

> “အသက်ကြီးသော ဖြေဆိုသူများနှင့် အလုပ်အကိုင်ရှိသော ဖြေဆိုသူများကလည်း အကောင်းဘက်သို့ ဦးတည်နေသည်ဟုသာ ဖြေဆိုခဲ့ကြသည်။”

## မြို့၏ဦးတည်ရာနှင့်ပတ်သက်၍ အကောင်းမြင် ရသည့် အကြောင်းအရင်းများ

| | ကျား | မ | ဘွဲ့ရ/ဘွဲ့လွန် | ကျောင်းမနေဖူး |
|---|---|---|---|---|
| ကျန်းမာရေးစောင့်ရှောက်မှု | ၅% | ၆% | ၁၄% | ၁၀% |
| ပညာရေး | ၉% | ၁၃% | ၁၃% | ၉% |
| လုံခြုံရေး | ၁၁% | ၁၀% | ၄% | ၁၆% |
| လျှပ်စစ်မီးရရှိမှု | ၂၅% | ၂၄% | ၁၇% | ၂၄% |
| လမ်းများ | ၃၄% | ၃၃% | ၁၈% | ၂၁% |
| အမှိုက်စီမံခန့်ခွဲမှု | ၃% | ၃% | ၁၀% | ၇% |

## မြို့၏ဦးတည်ရာနှင့်ပတ်သက်၍ အဆိုးမြင် ရသည့် အကြောင်းအရင်းများ

| | ကျား | မ | ဘွဲ့ရ/ဘွဲ့လွန် | ကျောင်းမနေဖူး |
|---|---|---|---|---|
| မြို့၏ ခေါင်းဆောင်မှုအပိုင်း | ၁% | ၂% | ၂% | ၈% |
| စီးပွားရေးအခွင့်အလမ်းများ | ၁၀% | ၁၂% | ၇% | ၇% |
| အလုပ်အကိုင်အခွင့်အလမ်းများ | ၆% | ၅% | ၄% | ၁% |
| ရေကြီးရေလျှံခြင်း | ၅% | ၅% | ၃% | ၉% |
| အမှိုက်စီမံခန့်ခွဲမှု | ၆% | ၆% | ၇% | ၁% |
| လမ်းများ | ၆% | ၇% | ၄% | ၁၈% |
| လျှပ်စစ်မီးရရှိမှု | ၃% | ၃% | ၁% | ၁၅% |
| လုံခြုံရေး | ၅၆% | ၅၇% | ၆၅% | ၃၄% |

# အစိုးရ၏တုံ့ပြန်ဆောင်ရွက်မှု

ဖြေဆိုသူအများစုမှ တိုင်း/ပြည်နယ်အစိုးရများသည် ၎င်းတို့၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးသည်ဟု သဘောတူကြသည်။ တောင်ကြီးမြို့မှလွဲ၍ အခြားသောမြို့များတွင် အများစုမှ ဤသည်ကို သဘောတူကြပါသည်။ မုံရွာမြို့တွင်နေထိုင်သူ ၆၆%မှ အစိုးရသည် ၎င်းတို့၏လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးသည်ဟု ဖြေဆိုခဲ့သည်။

အကြမ်းဖျင်းအားဖြင့် ဖြေဆိုသူအချိုးတူလောက်မှ မြို့စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများ၏လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးသည်ဟု သဘောတူကြသည်။ မြို့အားလုံးတွင် အသက်အရွယ်ကြီးသူများမှာ ဤသို့ဖြေဆိုလေ့ရှိသည်။ တောင်ကြီးမြို့မှလွဲ၍ အခြားသောမြို့များရှိ အမျိုးသားများမှာလည်း ဤသည်ကို သဘောတူကြပါသည်။

မြို့ငါးမြို့လုံးရှိ ဖြေဆိုသူအများစုသည် မြို့စည်ပင်သာယာရေးအဖွဲ့မှ မည်သည့်ဝန်ဆောင်မှုများပေးသည်ကို မသိပါဟု ဖြေကြားခဲ့သည်။ မြို့စည်ပင်သာယာရေးအဖွဲ့မှ ပေးသောဝန်ဆောင်မှုများကိုမသိရှိသော နေထိုင်သူများ အဖို့ စည်ပင်သာယာရေးအဖွဲ့၏ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းအပေါ် အကဲဖြတ်ရန် မလွယ်ကူပါ။

ရပ်ကျေး အုပ်ချုပ်ရေးမှူးသည် ၎င်းတို့၏ အိမ်ထောင်စု အကျိုးကို ကိုယ်စားပြု ဆောင်ရွက်ပေးသည်ဟု ဖြေဆိုသူများစွာမှ သဘောတူခဲ့ကြသည်။ မြို့အားလုံးတွင် အနည်းဆုံး ၇၀%ဖြင့် ဤသည်ကို သဘောတူခဲ့ ကြသည်။ ရပ်ကျေး အုပ်ချုပ်ရေးမှူးများသည် အမျိုးသားများ အများဆုံး ဖြစ်သော်လည်း အမျိုးသမီး အိမ်ထောင်ဦးစီးဖြစ်သော အိမ်ထောင်စုများသည် အမျိုးသား အိမ်ထောင်ဦးစီးဖြစ်သော အိမ်ထောင်စုများနှင့် ရာခိုင်နှုန်းတူ ဤသည်ကို သဘောတူခဲ့ကြသည်။

စစ်တမ်းဖြေဆိုသူအနည်းငယ်မှသာလျှင် ၎င်းတို့၏ လွှတ်တော် ကိုယ်စားလှယ်သည် ၎င်းတို့အိမ်ထောင်စု၏ အကျိုးကို ကိုယ်စားပြု ဆောင်ရွက်ပေးသည်ဟု ခံစားရသည်။ ဖြေဆိုသူအများစုမှာ ၎င်းတို့၏ လွှတ်တော်ကိုယ်စား လှယ်ကိုမသိရှိခြင်းမှာ သတိပြုစရာပင် ဖြစ်သည်။ ပျမ်းမျှအားဖြင့် လွှတ်တော်ကိုယ်စားလှယ်မည်သူဆိုသည်ကို သိသော ဖြေဆိုသူများသည် ကိုယ်စားလှယ်သည် ကိုယ်စားပြု ဆောင်ရွက်ပေးသည်ဟု ၁၈ % ခန့်ပို၍ ဖြေခဲ့ကြသည်။






အမျိုးသမီးအိမ်ထောင်ဦးစီးများသည် လွှတ်တော်အမတ်မှ အိမ်ထောင်စု၏အကျိုးကို ကိုယ်စားပြုဆောင်ရွက်ပေးသည်ဟု ဖြေကြားမှုမှာ နည်းပါးသည်။ ဥပမာအားဖြင့် ရန်ကုန်တွင် အမျိုးသားအိမ်ထောင်ဦးစီး ၃၄% မှ သဘောတူခဲ့ပြီး အမျိုးသမီးအိမ်ထောင်ဦးစီး ၂၃% မှသာ သဘောတူခဲ့သည်။ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်အမတ် စုစုပေါင်း ၁၂၃ နေရာအနက် အမျိုးသမီးလွှတ်တော်အမတ်မှာ ၁၇ ယောက်ဖြစ်ပါသည်။[၄၁]

# ခေါင်းဆောင်မှု

မြို့အားလုံးတွင် အကောင်းဘက်သို့ ဦးတည်နေသည်ဟု ဖြေဆိုသူများသည် ခေါင်းဆောင်များ၌ တိုးတက်မှုအတွက်မျှော်မှန်းချက်ရှိသည်ဟု ဖြေဆိုသူများ ဖြစ်လေ့ရှိပြီး အဆိုးဘက်သို့ ဦးတည်နေသည်ဟု ဖြေဆိုသူများမှာခေါင်းဆောင်များ၌ တိုးတက်မှုအတွက်မျှော်မှန်းချက်မရှိဟု ဖြေဆိုသူများ ဖြစ်လေ့ရှိသည်။ ဤသည်မှာ မျှော်မှန်းချက်ရှိသော အစိုးရအဖွဲ့/ဌာနအား မျှော်မှန်းချက် မရေရာသော အစိုးရအဖွဲ့/ဌာနထက်ပို၍ ပြည်သူများကထောက်ခံလိုသည်ဟု ဆိုလိုနိုင်သည်။ သို့ရာတွင် မျှော်မှန်းချက်ကိုမူ ထောက်ခံသည်လည်း ဖြစ်နိုင်သည်၊ မထောက်ခံသည်လည်း ဖြစ်နိုင်သည်။

# စည်ပင်သာယာ၏ ဘတ်ဂျက် ဦးစားပေး အသုံးပြုပုံ

စစ်တမ်းဖြေဆိုသူများအား စည်ပင်သာယာရေးအဖွဲ့၏ ဘတ်ဂျက်ကို ၎င်းတို့၏ သဘောအတိုင်း စီမံခန့်ခွဲရမည်ဆိုပါက မည်သို့ စီမံမည်နည်းဟု မေးမြန်းခဲ့သည်။ ဤမေးခွန်းမှာ ဖြေဆိုသူများသည် မည်သည့်လုပ်ငန်းများကို အရေးကြီးသည်ဟု ထင်မြင်ကြောင်းနှင့် လုပ်ငန်းများ၏ ဘဏ္ဍာရေးလိုအပ်ချက်များကို မည်မျှသိရှိ နားလည်ကြောင်းကို ဖော်ပြပေးသည်။ မြို့အားလုံးရှိ ဖြေဆိုသူများက ဘဏ္ဍာရင်းမြစ်များကို လမ်းများနှင့် ရေနုတ်မြောင်းများအတွက် လျာထားအသုံးပြုလိုကြသည်။ ထို့ကြောင့် စည်ပင်သာယာရေး အာဏာပိုင်များအနေနှင့် လမ်းများနှင့် ရေနုတ်မြောင်းများအတွက် ဘဏ္ဍာငွေများ အသုံးပြုနေခြင်းသည် မှန်ကန်သော ရွေးချယ်မှုဟု ဆိုရမည်။ ဒီဂျစ်တယ် နည်းပညာခေတ်တွင် စည်ပင်သာယာ အာဏာပိုင်များ၏ လုပ်ဆောင်ချက် ပြောင်းလဲနိုင်မှုကို လေ့လာရန် ဖြေဆိုသူများအား မြန်ဆန်သော အင်တာနက်ကို ရယူနိုင်မည့်အခွင့်အလမ်းရှိလာပြီး ယင်းအတွက် ဘတ်ဂျက် ခွဲဝေနိုင်မည် ဆိုပါက ခွဲဝေမည်လား ဟုမေးမြန်းခဲ့သည်။ အင်တာနက်ကို ရယူအသုံးပြုလိုမှုမှာ အတော်အသင့် ရှိသော်လည်း မြို့တိုင်းတွင် ထိုအတွက် ခွဲဝေလျာထားသော ဘတ်ဂျက်မှာ အနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရသည်။

စစ်တမ်းဖြေဆိုသူများအား ပြည်သူ့ပန်းခြံတစ်ခုကို ကုန်တိုက်အဖြစ် ပြောင်းလဲမည်ဆိုပါက ထောက်ခံမည်လားဟု မေးမြန်းခဲ့ရာ မြို့အားလုံးတွင် ထောက်ခံသူဦးရေထက် ဆန့်ကျင်သူဦးရေက ပိုမိုများပြားသည်။

"စည်ပင်သာယာရေးအဖွဲ့၏ဘတ်ဂျက်ကို မည်သို့ခွဲဝေမည်နည်း"




**စစ်တမ်းဖြေဆိုသူများအား ပြည်သူ့ပန်းခြံတစ်ခုကို ကုန်တိုက်အဖြစ် ပြောင်းလဲမည်ဆိုပါက ထောက်ခံမည်လား ဟုမေးမြန်းခဲ့ရာ မြို့အားလုံးတွင် ထောက်ခံသူဦးရေထက် ဆန့်ကျင်သူဦးရေက ပိုမိုများပြားသည်။**

# တရားစီရင်ရေးနှင့်အကျင့်ပျက်ခြစားမှု

ရာဇဝတ်မှု ကျူးလွန်ခြင်းခံရပါက ကျူးလွန်သူသည် ဥပဒေအရ အရေးယူခြင်းခံရမည်ဆိုခြင်းကို သဘောတူပါသလားဟု စစ်တမ်းဖြေဆိုသူများကို မေးမြန်းခဲ့ပါသည်။ မြို့ငါးမြို့လုံးတွင် ပျမ်းမျှအားဖြင့် ၅% သာ သဘောမတူခဲ့ပါ။ တောင်ကြီးမြို့တွင် ၉၃%မှ အလွန်သဘောတူကြောင်း ဖြေကြားခဲ့သည်။

လွန်ခဲ့သောသုံးလတွင် လာဘ်ပေးခြင်း လုပ်ဆောင်ခဲ့ပါသလားဟု မေးမြန်းခဲ့ရာ ဖြေဆိုသူ ၁၀% ကျော်မှ ပြုလုပ်ခဲ့သည်ဟု ဖြေကြားခဲ့သည်။ အကြမ်းအားဖြင့် မန္တလေးမြို့မှ ဖြေဆိုသူ ၁၅% က လာဘ်ပေးခြင်း လုပ်ဆောင်ခဲ့သည်ဟု ဖြေခဲ့ပြီး မုံရွာမြို့တွင် ၃% မှလည်း အလားတူ ဖြေကြားခဲ့သည်။ [၄၂]

အကျင့်ပျက်ခြစားမှုမှာ မြို့အားလုံးတွင် မြင့်မားလျက်ရှိသည်။ မော်လမြိုင်နှင့် ရန်ကုန်မှ ဖြေဆိုသူ အများစုက ဤမြို့များတွင် တစ်သီးပုဂ္ဂလအကျိုးအတွက် အစိုးရဌာနများကို အသုံးချခြင်းဖြစ်သော လာဘ်ပေးလာဘ်ယူမှုသည် ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသည်ဟု ဖြေကြားခဲ့သည်။ မုံရွာမြို့တွင်မူ ၄၀% ကသာ ဤသို့ ဖြေဆိုခဲ့သည်။ ဝင်ငွေအများ ဆုံးရရှိသူများက လာဘ်ပေးလာဘ်ယူမှုသည် ပုံမှန် ဖြစ်လေ့ဖြစ်ထရှိသည်ဟု အခြားအုပ်စုများထက် ၂၀% ခန့်ပို၍ ဖြေကြားခဲ့ကြသည်။

# အစိုးရဌာနများအပေါ် လွှမ်းမိုးနိုင်မှု

မြို့အားလုံးတွင် ဖြေဆိုသူများမှ ၎င်းတို့မြို့စည်ပင်သာယာတာဝန်ရှိသူများ၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်မှုမရှိပါဟု ဖြေဆိုခဲ့ကြသည်။ မြို့စည်ပင်သာယာရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးရန်အကောင်းဆုံးနည်းလမ်းမှာ မည်သည့်နည်း လမ်းဖြစ်သနည်းဟူသော မေးခွန်းကို ဖြေဆိုသူအများစုမှ DAO/YCDC/MCDC ဝန်ထမ်းများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း (သို့) ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ကို ဆက်သွယ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဟု ဖြေကြားခဲ့သည်။ တောင်ကြီးမြို့တွင် ဖြေဆိုသူများမှ စည်ပင်ဖေ့စ်ဘွတ်စာမျက်နှာတွင် မှတ်ချက်ရေးခြင်း ဟူသောအဖြေကို အခြားသော မြို့များထက် နှစ်ဆပိုများစွာ ရွေးချယ်ဖြေဆိုခဲ့ပြီး ၁၅%က ဤအဖြေကို ရွေးချယ်ခဲ့ပါသည်။

" စည်ပင်ကော်မတီနှင့် အဖွဲ့များ၏ဆုံးဖြတ်ချက်အပေါ် ကျွန်ုပ်၏ လွှမ်းမိုးနိုင်မှုမရှိပါ"




မြို့အများစုတွင် ဖြေဆိုသူအနည်းငယ်မှ ၎င်းတို့သည် မြို့စည်ပင်သာယာအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးရန် အားထုတ်ခဲ့ဖူးသည်ဟုဖြေကြားခဲ့သည်။သို့ရာတွင် မန္တလေးမြို့၌နေထိုင်သူများမှာမူ မန္တလေးမြို့တော်စည်ပင်၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးရန် ကြိုးစားခဲ့ဖူးသည်ဟု ၄၅%မှ ဖြေခဲ့သောကြောင့် အခြားမြို့များနှင့်ယှဉ်လျှင် ရာနှုန်းအများဆုံးသော မြို့ဖြစ်ပါသည်။

"စည်ပင်ကော်မတီနှင့် အဖွဲ့များ၏ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးရန် အားမထုတ်ခဲ့ဖူးပါ"



| ၆၂% | ၅၅% | ၇၅% | ၈၅% | ၇၁% |
|---|---|---|---|---|
| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |

မြို့ပြနေထိုင်သူများအား ၎င်းတို့၏အစိုးရများအပေါ် အမြင်များကို အများပြည်သူပိုင်နေရာများတွင် ပြောဆိုဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ လုံခြုံမှုရှိသည်ဟု ခံစားရပါသလားဟူသောမေးခွန်းကိုလည်း မေးမြန်းခဲ့ပါသည်။ မုံရွာမြို့ ဖြေဆိုသူ ၇၀%ကျော်မှ လုံခြုံမှုရှိသည်ဟုဖြေကြားခဲ့သည်။အခြားသောမြို့များတွင်မူ လုံခြုံမှုရှိသည်ဟု ဖြေကြားမှုမှာ ၄၅% ထက်မကျော်ပါ။

"အများပြည်သူပိုင်နေရာတွင် အစိုးရနှင့်ပတ်သက်သည့် ကျွန်ုပ်၏အမြင်များကို ထုတ်ဖော်ပြောဆိုရာတွင် လုံခြုံမှုရှိသည်ဟု ခံစားရသည်"



| ၃၉% | ၄၂% | ၃၂% | ၇၀% | ၄၄% |
|---|---|---|---|---|
| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |

# အုပ်ချုပ်မှုနှင့်စီးပွားရေးတိုးတက်မှု

အစိုးရက စီးပွားရေး အခြေအနေများ တိုးတက်စေရန် အောင်မြင်စွာ လုပ်ဆောင်ပေးနေပါသလားဟု မေးမြန်းခဲ့ရာ သဘောတူသူ အရေအတွက်မှာ သဘောမတူသူ အရေအတွက်ထက် အနည်းငယ်များသည်။ မြို့များအကြား ကွာဟချက်မှာ သိသာထင်ရှားသည်။ တောင်ကြီးမြို့တွင် ၆၃%က သဘောမတူကြပဲ မော်လမြိုင်တွင်မူ ၅၄% မှ သဘောတူခဲ့ကြသည်။ မြို့များသို့ ရွှေ့ပြောင်းလာသူများက အစိုးရသည် စီးပွားရေး အခြေအနေများ တိုးတက်စေရန် အောင်မြင်စွာလုပ်ဆောင် ပေးနေသည်ဟု ယုံကြည်ကြသည်။ စစ်တမ်းကောက်ယူမှုတစ်ခုလုံးတွင် ရွှေ့ပြောင်းလာသူ ၄၉% မှ သဘောတူရာတွင်၊ ကျန်ဖြေဆိုသူ ၄၂%မှသာ သဘောတူခဲ့ကြသည်။

> “ မြို့များအကြား ကွာဟချက်များမှာ သိသာထင်ရှားသည် ”

# အခွန်စည်းကြပ်ခြင်း

လွန်ခဲ့သော ခြောက်လအတွင်း ပစ္စည်းခွန်ပေးဆောင်ခဲ့သည်ဟူသော အဖြေမှာ မြို့များအကြား ကွာဟချက် ကြီးမားသည်။ ရန်ကုန်မြို့တွင် ၂၈% မှသာ ပေးဆောင်ခဲ့သည်ဟု ဖြေကြားချိန်တွင် မော်လမြိုင်တွင် ၆၁%၊ မုံရွာတွင် ၆၉%၊ မန္တလေးတွင် ၆၉% နှင့် တောင်ကြီးမြို့တွင် ၇၈% မှ ပစ္စည်းခွန် ပေးဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ် စစ်တမ်းကောက်ယူစဉ်ကကဲ့သို့ ပစ္စည်းခွန် ပေးဆောင်မှုနှုန်းမှာ အလွန် နည်းပါးသည်။ အောက်ဖော်ပြပါ ဇယားတွင် လွန်ခဲ့သော ခြောက်လ အတွင်း ပျမ်းမျှ အခွန်ဆောင်သူတစ်ဦးမှ ပေးဆောင်သည့် ပမာဏကို ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ အရေအတွက် တူညီသော အခွန်ဆောင်သူများသည်လည်း ဖော်ပြပါထက် ပို၍လည်းကောင်း လျော့၍ လည်းကောင်း ပေးဆောင်ခဲ့ပြီး ဖြစ်သည်။

မြို့နယ်အလိုက် ပစ္စည်းခွန် ပေးဆောင်မှု ကွာခြားခြင်းများရှိသော်လည်း မတူညီသော ဝင်ငွေအုပ်စုများကို မေးမြန်းရာတွင်ပင် မြို့များအတွင်း ကွာခြားမှု အနည်းငယ်သာ ရှိသည်။ ဆင်းရဲသူများမှလည်း ချမ်းသာသူများ နည်းတူ ပစ္စည်းခွန် ပေးဆောင်ခဲ့ကြောင်းတွေ့ရသည်။ ဤသည်မှာ ပစ္စည်းခွန်သည် ဆင်းရဲသူများအတွက် ပို၍ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် ပျမ်းမျှ အခွန်အများဆုံးဆောင်သော ထိပ်ဆုံး ၂၀% နှင့် အနည်းဆုံးဆောင်သော အောက်ဆုံး ၂၀% ကွာခြားချက်မှာ ၃၅၀ ကျပ်မျှသာဖြစ်သည်။ မန္တလေးမြို့တွင် ကွာဟချက်မှာ ၆၀၀ ကျပ်၊ မော်လမြိုင်မြို့တွင် ကွာဟချက်မှာ ၄၀၀ကျပ်၊ မုံရွာမြို့တွင် ကွာဟချက်မှာ ၇၂၅ ကျပ်နှင့် တောင်ကြီးမြို့တွင် ကွာဟချက်မှာ ၆၅၀ ကျပ်ဖြစ်သည်။

မြို့အားလုံးမှ ဖြေဆိုသူအများစုသည် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု ရရှိမည်ဆိုပါက ပစ္စည်းခွန်ကို တိုးမြှင့်ပေးဆောင်ရန် ဆန္ဒရှိကြောင်းဖြေဆို ခဲ့ကြသည်။ အချမ်းသာဆုံးသော ဖြေဆိုသူများမှာ အဆင်းရဲဆုံးသော ဖြေဆိုသူများထက် ၂၀% ပို၍ ဤမေးခွန်းကို သဘောတူခဲ့ကြသည်။

မြို့များအားလုံးမှ ဖြေဆိုသူများသည် အခွန်ပေးဆောင်ခြင်းသည် ပြည်သူ့တာဝန်တစ်ရပ်ဟု သဘောထားအမြင် ရှိကြပါသည်။မြို့အားလုံးတွင် အနည်းဆုံး ဖြေဆိုသူ ၉၂%မှ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု သဘောတူကြပါသည်။



၇၄%
ဖြေဆိုသူများသည် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု ရရှိမည်ဆိုပါက ပစ္စည်းခွန်ကို တိုးမြှင့် ပေးဆောင်ရန် ဆန္ဒရှိကြောင်း ဖြေဆိုခဲ့ကြသည်။

## ပစ္စည်းခွန်ဆိုသည်မှာ

ပိုင်ဆိုင်သော အဆောက်အအုံတစ်ခု၏ ခန့်မှန်းတန်ဖိုးပေါ်မူတည်၍ ပုံမှန် ပေးဆောင်ရသော အခွန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆောက်အအုံ၏ ပြင်ပရုပ်ပိုင်း လက္ခဏာများ (ဥပမာ - အရွယ်အစား၊ သစ်သား (သို့) အုတ်ဖြင့်ဆောက်လုပ်ထားခြင်း) အပေါ်မူတည်ကာ တွက်ချက်သည်။ အချို့ကိစ္စများတွင် အဆောက်အအုံ၏ တည်နေရာကိုပါ ထည့်သွင်းစဉ်းစားသည်။ ထိုခန့်မှန်း တွက်ချက်ရသော တန်ဖိုးကို အခွန်နှုန်းထားနှင့် မြှောက်ကာ ပေးဆောင်ရမည့် ပစ္စည်းခွန်ပမာဏကို ရသည်။ မြို့အများစုတွင် ပစ္စည်းခွန်ကို ၆ လ တစ်ကြိမ်ပေးဆောင်ရပြီး စည်ပင်သာယာရေး အဖွဲ့များ၏ ပြည်သူ့ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦ တည်ဆောက်မှုများအတွက် အသုံးပြုသည်။

### ပျမ်းမျှအခွန်ပေးဆောင်သူမှ ပေးဆောင်ခဲ့သော ပစ္စည်းခွန်ပမာဏ



## ပစ္စည်းခွန်ပမာဏ ဖြန့်ကျက်မှု

### မြို့အားလုံး




### ရန်ကုန်




### တောင်ကြီး




## "အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"



| ၉၇% | ၉၂% | ၉၅% | ၉၆% | ၉၅% |
|---|---|---|---|---|
| ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |

# နောက်ဆက်တွဲ



# နောက်ဆက်တွဲ ၁ - သုတေသနနည်းလမ်း အသေးစိတ်

ယခုအပိုင်းတွင် ၂၀၁၈ မြို့ ပြလူနေမှုဘဝစစ်တမ်းအတွက် အသုံးပြုခဲ့သော သုတေသနနည်းလမ်း အသေးစိတ်ကို ရှင်းလင်းဖော်ပြထားပါသည်။ ၎င်းတို့တွင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာနှင့် တောင်ကြီးတို့၌ စစ်တမ်း ပြင်ဆင်ပုံဖော်ခြင်း၊ နမူနာရွေးချယ်ခြင်း၊ မေးခွန်းမေးမြန်းခြင်းနှင့် အရည်အသွေး ထိန်းချုပ်ရန် လုပ်ဆောင်ခြင်းတို့ကို ထည့်သွင်း ဖော်ပြထားပါသည်။

## စစ်တမ်း ပြင်ဆင်ပုံဖော်ခြင်း

ကမ္ဘာ့အနှံ့ လူထု သဘောထားအမြင် စစ်တမ်းများစွာကို နက်နက်နဲနဲ သုတေသနပြု လေ့လာပြီးနောက် နယ်ပယ်စုံမှ ဆက်နွယ်ပါဝင်သူ အသီးသီးဖြင့် တွဲဖက်ကာ ၂၀၁၈ မြို့ ပြလူနေမှုဘဝ စစ်တမ်းအတွက် မေးခွန်းများကို ပြင်ဆင်ပြုစုခဲ့ခြင်းဖြစ်သည်။ ဘဝသာယာချမ်းမြေ့မှုကို တိုင်းတာရာတွင် အခြားသော စစ်တမ်းများမှ မေးခွန်းများကို တိုက်ရိုက်ကူးယူခဲ့ခြင်း ဖြစ်သည်။ ကျန်မေးခွန်းများကိုမူ ရန်ကုန် နိုင်ငံရေးသိပ္ပံကျောင်းနှင့် အာရှဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ အစိုးရအရာရှိများ၊ မူဝါဒ ဆန်းစစ်လေ့လာသူများ၊ ပညာရှင်များနှင့် အာရှဖောင်ဒေးရှင်းအတွင်းမှ ပညာရှင်များကို ဆွေးနွေးအကြံဉာဏ် ရယူကာ ပြုစုထားခြင်း ဖြစ်သည်။ မေးခွန်းများအား မြို့ပြအရေး၊ မြန်မာရေးရာနှင့် စစ်တမ်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်များက အဖွဲ့လိုက် ပြန်လည်စိစစ်ခြင်းကိုလည်း လုပ်ဆောင်ခဲ့သည်။ မေးခွန်းများကို မြန်မာဘာသာ ပြန်ဆိုထားမှုကို အင်္ဂလိပ်ဘာသာသို့ တစ်ဖန်ပြန်ဆို၍ မေးခွန်းများကို စိစစ်ခဲ့ပြီးနောက် မြို့နေထိုင်သူများဖြင့် မေးခွန်းကို စမ်းသပ်ခဲ့ကာ တဖန်ပြန်လည်၍ မွမ်းမံခဲ့သည်။

## နမူနာသတ်မှတ်သော လုပ်ငန်းစဉ်

အဓိက ရည်ရွယ်ချက်မှာ နမူနာလူဦးရေ၏ တုံ့ပြန်ဖြေဆိုချက်သည် ရွေးချယ်ထားသည် မြို့များ၏ လူဦးရေကို ကိုယ်စားပြု၍ အတိုင်းအတာရရှိရန် ဖြစ်သည်။ မြို့တိုင်းရှိ ဖြေဆိုသူများသည် မြန်မာနိုင်ငံသား၊ အမျိုးသမီး သို့မဟုတ် အမျိုးသားနှင့် အသက် ၁၈ နှစ်နှင့်အထက် ဖြစ်သည်။ မြန်မာနိုင်ငံ မြို့များအားလုံးကို ကိုယ်စားပြုသည် နမူနာကို ရရှိနိုင်ရန် ရည်မှန်းထားခြင်း မရှိပါ။ သို့သော်လည်း ယခု မြို့ ငါးမြို့ တွင် မြန်မာနိုင်ငံ လူဦးရေ၏ ၂၅% နေထိုင်နေပြီး ၎င်းမြို့ များသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့၏ မြို့တော်လည်း ဖြစ်ပါသည်။ ၎င်းတို့၏ စီးပွားရေး နှင့် လူမှုရေးအရ အရေးပါမှု၊ အရင်းအမြစ် ရရှိနိုင်မှုနှင့် ၎င်းတို့ အစိုးရများက မြို့သားများ၏ အတွေ့အကြုံများကို ပိုမိုကောင်းမွန်စွာ နားလည်လိုမှု စသည့်အချက်တို့ကြောင့် ယခုမြို့များကို ရွေးချယ်ရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြို့များကို ကောင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိသလို မြို့ပြများနှင့် ပတ်သက်၍ ယုံကြည်စိတ်ချရသော လူဦးရေဆိုင်ရာ အချက်အလက်မှာလည်း အဆင်သင့် ရှိမနေချေ။ ယခုစစ်တမ်းတွင် မြို့ပြဧရိယာများကို ယခုကဲ့သို့ အဓိပ္ပာယ် သတ်မှတ်ထားပါသည် - မန္တလေးနှင့် ရန်ကုန်တို့၏ မြို့ပြဧရိယာဆိုသည်မှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ အုပ်ချုပ်စီရင်ပိုင်ခွင့်အောက်ရှိ ရပ်ကွက်အားလုံးနှင့် ကျေးရွာအုပ်စုအားလုံးတို့ ပါဝင်ပါသည်။ မော်လမြိုင်၊ မုံရွာနှင့် တောင်ကြီးတို့မှာမူ မြို့နယ်တစ်မြို့နယ်စီဖြင့်သာ ဖွဲ့စည်းထားသည့်အတွက် ၎င်းမြို့နယ်တို့ အောက်ရှိ မြို့ပေါ်ရပ်ကွက် အားလုံးကို မြို့ပြဧရိယာအဖြစ် သတ်မှတ်လိုက်ပါသည်။ ၂၀၁၈ စစ်တမ်းတွင် တောင်ကြီးမြို့နယ်ခွဲများဖြစ်သော အေးသာယာနှင့် ရွှေညောင်တို့သည် တောင်ကြီး စည်ပင်သာယာ စီရင်ပိုင်ခွင့်တွင် ပါဝင်လာပြီး ဖြစ်သော ကြောင့် ၎င်းတို့ကိုလည်း တောင်ကြီးမြို့၏ နမူနာထဲတွင် ထည့်သွင်းထားပါသည်။

**နမူနာ အရွယ်အစား သတ်မှတ်ခြင်း -** မှားယွင်း တွက်ချက်မှုအတွက် ခွင့်ပြုထားသည့် အတိုင်းအတာ (margin of error) +/- ၅% သာရှိရန် အတွက် နမူနာအရွယ်အစားကို မြို့အသီးသီးတွင် ရွေးချယ်ထားပါသည်။ လူဦးရေကို ကိုယ်စားပြုနိုင်သည့် မျှခြေ အရေအတွက် (confidence interval of 95%) နှင့် အဓိကထူးခြား လက္ခဏာ ၅၀% ပါဝင်မှုဖြင့် မန္တလေး၊ မော်လမြိုင်၊ မုံရွာနှင့် တောင်ကြီးတို့အတွက် နမူနာ အရွယ်အစားကို ၄၀၀ အဖြစ် သတ်မှတ်ခဲ့သည်။ ကျား၊မ၊ အသက်၊ ဝင်ငွေ အစရှိသည့် ကိန်းရှင် များ ပါဝင်သည် လေ့လာတွေ့ရှိချက်များ ဖြစ်နိုင်ရန်အတွက် ရန်ကုန်မြို့၏ နမူနာအရွယ်အစားကိုမူ ၈၀၀ အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ မြို့အသီးသီးတွင် စစ်တမ်းအတွက် အမှန်တကယ် ကောက်ယူခဲ့သော နမူနာ အရွယ်အစားမှာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်။



၈၀၆
ရန်ကုန်



၄၀၅
မန္တလေး



၄၀၃
မော်လမြိုင်



၄၀၀
မုံရွာ



၄၀၀
တောင်ကြီး

## ရန်ကုန်

### လူဦးရေ ငါးသန်းကျော်

- မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့နှင့် မြို့တော်ဟောင်း
- စီးပွားရေးဗဟိုချက်မြို့
- ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ခန့်ခွဲမှုအောက်တွင် မြို့နယ်ပေါင်း ၃၃ မြို့နယ်

## မော်လမြိုင်

### လူဦးရေ နှစ်သိန်းခွဲကျော်

- မွန်ပြည်နယ်၏ မြို့တော်
- မွန်၊ ကရင်၊ ဗမာနှင့် အခြားလူနည်းစု တိုင်းရင်းသားများ နေထိုင်လျက်ရှိ
- မော်လမြိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မော်လမြိုင်မြို့၏ မြို့ပြစီမံခန့်ခွဲရေးကို အဓိက တာဝန်ယူ

## မန္တလေး

### လူဦးရေ တစ်သန်းကျော်

- မြန်မာနိုင်ငံအလယ်ပိုင်း၏ စီးပွားရေးအချက်အချာ
- ဒုတိယအကြီးဆုံးမြို့
- ကမ္ဘာလှည့်ခရီးသွားများအား အဓိက ဆွဲဆောင်နိုင်သည့် နေရာများစွာရှိ
- မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ခန့်ခွဲမှုအောက်တွင် ၆ မြို့နယ်ရှိ

## မုံရွာ

### လူဦးရေ နှစ်သိန်းကျော်

- စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့တော်
- စိုက်ပျိုးရေးထုတ်ကုန်များ အဓိက ကုန်သွယ်ရာမြို့
- မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့၏ မြို့ပြစီမံခန့်ခွဲမှုကို အဓိက တာဝန်ယူ

## တောင်ကြီး

### လူဦးရေ နှစ်သိန်းခြောက်သောင်းကျော်

- ရှမ်းပြည်နယ်၏ မြို့တော်
- ကုန်းမြေမြင့်ပေါ်တွင် တည်ရှိ
- မြို့နယ်နိမိတ် အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲနှင့် ရွှေ့ပြောင်း အခြေ ချမှုများကြောင့် မြို့ပြဧရိယာ ကျယ်ပြန့်တိုးတက်လျက်ရှိ
- တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနသည် ရပ်ကွက် ၂၂ ရပ်ကွက်၏ မြို့ပြ စီမံခန့်ခွဲမှုအတွက် အဓိကတာဝန်ရှိသည်။ ၂၀၁၈ စစ်တမ်း၌ တောင်ကြီးမြို့ပြနမူနာတွင် မြို့နယ်ခွဲများဖြစ်သော အေးသာယာနှင့် ရွှေညောင်တို့ကို တိုးချဲ့ထည့်သွင်းခဲ့။



## တောင်ကြီးမြို့၏ မြို့နယ်နိမိတ်

၂၀၁၈ စစ်တမ်းတွင် မြို့ပြဧရိယာ ၃ ခုလုံးပါဝင်ပြီး

၂၀၁၇ စစ်တမ်းတွင် တောင်ကြီးမြို့ဧရိယာသာ ပါဝင်ခဲ့သည်။



နမူနာ အရွယ်အစားကို တွက်ချက်ပြီးသည့်နောက် နမူနာထုတ်ဖော်ခြင်းများအတွက် အောက်ပါအဆင့်များအတိုင်း လုပ်ဆောင်ခဲ့ပါသည်။

### အဆင့် ၁ - ရပ်ကွက်များ ရွေးချယ်ခြင်း

**နမူနာမူဘောင် -** မြို့ အသီးသီးတွင် ရပ်ကွက်အားလုံးကို လူဦးရေ နည်းရာမှ များရာ အလိုက် စာရင်းပြုစု လိုက်ပါသည်။ မြို့ အသီးသီးရှိ ရပ်ကွက်စာရင်း နှင့် ရပ်ကွက်လူဦးရေ ကို ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မှ ရယူထားပါသည်။ ရပ်ကွက်ရွေးချယ်ရာတွင် ယခု နမူနာမူဘောင် ကို အသုံးပြုပါသည်။ ၎င်းရပ်ကွက်များကို အဓိက နမူနာ ယူနစ် - Primary Sample Unit (PSUs) ဟု သတ်မှတ် ထားပါသည်။

**နမူနာ ဖြန့်ကျက် ပါဝင်မှု -** ရွေးချယ်ထားသော အဓိက နမူနာယူနစ် ထဲမှ မေးခွန်းမေးရန် အတွက် အိမ်ထောင်စု ၈ စု ကို ရွေးချယ်ခဲ့ပါသည်။ ရန်ကုန်၏ နမူနာ လူဦးရေ အရွယ်အစားမှာ ၈၀၀ ဖြစ်ပြီး အဓိက နမူနာယူနစ် ၁၀၀ ကို မေးခွန်းမေးရန် ရွေးချယ်ခဲ့သည်။ နမူနာ လူဦးရေ အရွယ်အစား ၄၀၀ ရှိသော အခြားမြို့များ အတွက် အဓိက နမူနာယူနစ် ၅၀ ကို ရွေးချယ်ခဲ့သည်။

**နမူနာရွေးချယ်သည့် နည်းလမ်း -** မည်သည့် နမူနာယူနစ်ကို နမူနာယူရမည့်ရွေးချယ်ရန်အတွက် အချိုးကျ ဖြစ်နိုင်ခြေ နမူနာရွေးချယ်ခြင်း နည်းလမ်း - Probability Proportional to Size (PPS) ကို အသုံးပြုပါသည်။ နမူနာရွေးချယ် ပြီးသည့်အခါ ရန်ကုန် နမူနာယူနစ် ၁၀၀ သည် မြို့နယ် ၂၇ မြို့ နယ်ရှိ ရပ်ကွက် ၈၇ ခု သို့ ပြန့်နှံ့ သွားခဲ့သည်။ မန္တလေးတွင် ယူနစ် ၅၀ မှာ မြို့နယ် ၆ မြို့နယ်ရှိ ရပ်ကွက် ၄၈ ခု သို့ ပြန့်နှံ့သွားခဲ့သည်။ မော်လမြိုင်တွင် နောက်ဆုံး ရွေးချယ်ချက်အဖြစ် ရပ်ကွက်ပေါင်း ၂၆ ခု၊ မုံရွာတွင် ၂၄ ရပ်ကွက်နှင့် တောင်ကြီးတွင် ၃၄ ရပ်ကွက်တို့ ဖြစ်သည်။

ရွေးချယ်လိုက်သည့် အဓိက နမူနာယူနစ်တိုင်းတွင် မေးခွန်းမေးခြင်းများ ကနဦး လုပ်ဆောင်နိုင်မည့် စမှတ်ကို ရွေးချယ်သည်။ ၎င်းစမှတ်သည် ရွေးချယ်ထားသည့် အဓိက နမူနာယူနစ် (သို့မဟုတ်) ရပ်ကွက်တွင်းမှ ထင်ရှားသော နေရာတစ်ခု ဖြစ်သည်။ မေးခွန်း မေးမြန်းသူများသည် အဆိုပါ စမှတ် ထင်ရှားသည့် နေရာနှင့် ၎င်းသွားခဲ့သည့် လမ်းကြောင်းကို မှတ်သားထားရသည်။

အဓိက နမူနာယူနစ်တိုင်းတွင် မေးခွန်းမေးမြန်းသူနှစ်ယောက်မှ မေးခွန်းမေးခြင်း ပြုလုပ်ခဲ့ပါသည်။ စမှတ်ကို အောက်ပါ ပုံစံအတိုင်း ရွေးချယ်ခဲ့ပါသည်။ ရွေးချယ်ထားသည့် ရပ်ကွက်မြေပုံကို မြို့အာဏာပိုင်များ ဆီမှဝယ်ယူ၍ ဆန့်ကျင့်ဘက် ထောင့်နှစ်ထောင့် (ဥပမာ - အရှေ့မြောက်ထောင့်နှင့် အနောက်တောင်ထောင့်) ဆုံရာအရပ်ကို စမှတ်အဖြစ် ရွေးချယ်ရန် မြေပုံကို အသုံးပြုခဲ့သည်။ ထောင့်တစ်ခုစီမှ ထင်ရှားသည့် နေရာတစ်ခုကို စမှတ်နေရာ အဖြစ်ရွေးချယ်ရသည်။ ထင်ရှားသည့် နေရာ စမှတ်မှ အနီးဆုံး လူနေဧရိယာကို စတင်ရန် ရွေးချယ်ရသည်။ မေးခွန်းမေးမြန်းသူများ သွားသည့်လမ်းကြောင်းသည် ၎င်းတို့အတွက် သတ်မှတ်ထားသည့် ရပ်ကွက်တစ်ခုထဲအတွင်းတွင် တည်ရှိရမည်။

### အဆင့် ၂ - အိမ်ထောင်စု ရွေးချယ်ခြင်း

ရွေးချယ်ထားသည့် အဓိက နမူနာယူနစ် တိုင်းစီမှ အချက်အလက် ကောက်ခံရန် အိမ်ထောင်စု ရှစ်စုကို ရွေးချယ်ခဲ့သည်။ မေးခွန်း မေးမြန်းသူသည် အမြဲတမ်း ညာဘက်ခြမ်းကိုသာ ရွေးချယ်သွားရောက်သည့် နည်းလမ်းကို အသုံးပြုသည် (ဥပမာ- ၎င်း၏ ညာဘက်ခြမ်းရှိ အိမ်များကိုသာ သွားရောက်သည်)။ တည်နေရာ တစ်ခုအတွင်း ဖြန့်ကျက်သွားနိုင်မှု ရှိရန် အောင်မြင်သော မေးခွန်း မေးခြင်း တစ်ခါပြီးတိုင်း မေးခွန်းမေးသူသည် အိမ်ငါးအိမ်ကို ကျော်၍ သွားခဲ့သည်။

အိမ်ထောင်စုမှ မေးခွန်းမေးရန် ငြင်းဆန်ခြင်း သို့မဟုတ် တံခါးသော့ခတ်ထားခြင်း ဖြစ်ပေါ်ပါက မေးခွန်းမေးရန် ကပ်လျက်အိမ်ကို ထပ်မံ၍ ရွေးချယ်နိုင်သည်။

### အဆင့် ၃ - ဖြေဆိုသူ ရွေးချယ်ခြင်း

ရွေးချယ်ခံရသည့် အိမ်ထောင်စုတိုင်းတွင် သင့်လျော်သူ တစ်ဦးတည်းကိုသာ မေးခွန်းမေးရန် ရွေးချယ်သည်။ အကယ်၍ အိမ်ထောင်စု တစ်စုတွင် သင့်လျော်သူ တစ်ဦးထက် ပိုနေပါက (ဥပမာ-အသက် ၁၈နှစ် အထက်ဖြေဆိုသူ)၊ တစ်ဦးကိုသာ ရွေးချယ်၍ မေးခွန်းမေးမြန်းခဲ့သည်။ အိမ်ထောင်စုအတွက် မည်သူက နမူနာအဖြစ် မေးခွန်းဖြေရန် ရွေးချယ်ခြင်းမှာလည်း ကျပန်း ရွေးချယ်ခြင်းဖြစ်သည်။ နမူနာ ရွေးချယ်ခြင်း ဖြစ်စဉ်တွင် မေးခွန်းမေးမြန်းသူ၏ ဘက်လိုက်မှုကို လျှော့ချလိုသည့် ရည်ရွယ်ချက်ကြောင့် ဖြစ်သည်။

မေးခွန်းမေးမြန်းသူသည် ပထမဦးဆုံး အရွယ်ရောက်ပြီးသူ အိမ်ထောင်စုဝင် တစ်ဦးအား အိမ်ထောင်စုဝင်များ၏ အမည်၊ ကျား၊မ ဖြစ်ခြင်း၊ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေနှင့် အိမ်တွင် ပုံမှန်နေထိုင်သည့်သူဦးရေ စသည်တို့ကို မေးမြန်းသည်။ ထို့နောက် တက်ဘလက်တွင်းမှ အက်ပလီကေးရှင်းဖြင့် အိမ်ထောင်စုမှ ဖြေဆိုမည့်သူကို အလိုအလျောက် ကျပန်းရွေးချယ်ပေးသည်။ အကယ်၍ ဖြေဆိုရမည့် သူသည် အားလပ်ခြင်း မရှိပါက နောက်တစ်ရက် သို့မဟုတ် နောက်တစ်ချိန်တွင် ပြန်လည် မေးမြန်းနိုင်မည့် အချိန်ကို ချိန်းချက်ခဲ့ရသည်။ အကယ်၍ ဖြေဆိုရမည့်သူသည် သုံးကြိမ်ကြိုးစားမှု ပြီးသည့်တိုင် ဖြေဆိုနိုင်ခြင်း မရှိသေးပါက ၎င်းဖြေဆိုရမည့်သူကို မေးခွန်းမေးခြင်း မပြုလုပ်တော့ပါ။ ၎င်းဖြေဆိုရမည့်သူ နေရာတွင် အခြား အိမ်ထောင်စုမှ အခြားသူ နောက်တစ်ဦးဖြင့် အစားထိုးရမည်ဖြစ်သည်။ ထိုကဲ့သို့ မူလရွေးချယ်ထားသည့် ဖြေဆိုသူမဟုတ်ပဲ အိမ်ထောင်စုမှ အခြားဖြေဆိုသူ အစားထိုး ထပ်မံရွေးချယ်ခဲ့ရခြင်း မရှိခဲ့ပါ။

### အဆင့် ၄ - အမှန်တကယ်လူဦးရေနှင့် ချိန်ညှိခြင်း

ယခုစစ်တမ်းအတွက် ရွေးချယ်ခဲ့သည် နမူနာတွင် ကျား၊မ ပါဝင်မှု အချိုးအစားသည် သန်းခေါင်စာရင်း အချက်အလက်တွင် ကျား၊မ ပါဝင်မှု အချိုးအစားနှင့် ကွာခြားမှု ရှိနေပါသည်။ ယခုစစ်တမ်း နမူနာတွင် အမျိုးသမီးများမှာ ကိုယ်စားပြုခြင်း အနည်းငယ် ပိုနေပြီး အမျိုးသားများ၏ ကိုယ်စားပြုခြင်း အနည်းငယ် လျော့နေပါသည်။ တစ်မြို့လုံး၏ သဘောထားအမြင်ကို ကိုယ်စားပြုနိုင်သည့် အချက်အလက်များ တင်ပြနိုင်ရန် အချက်အလက်များသည် ကျား၊မ ဖြစ်ခြင်းကို တိကျစွာ ကိုယ်စားပြုရန် လိုအပ်သည့်အတွက် အမှန်တကယ် ရှိနေသော လူဦးရေနှင့် ချိန်ညှိခြင်းကို အသုံးပြု လုပ်ဆောင်ရပါသည်။ ထို့ကြောင့် အမျိုးသားများ၏ အဖြေကို အနည်းငယ်တင်ခဲ့ပြီး အမျိုးသမီးများ၏ အဖြေကို လျှော့ခြင်း လုပ်ဆောင်ခဲ့သည်။

နမူနာတွင် ကျား၊မ ဆိုင်ရာ ချိန်ညှိခြင်း ရှိသလို မြို့အလိုက် ချိန်ညှိခြင်းလည်း ရှိနေပါသည်။ အရွယ်အစားကြီးသော မြို့များ၏ စုစုပေါင်း လူဦးရေတွင် အချိုးအစား ပါဝင်မှုသည် နမူနာတွင် ၎င်းတို့

| | လူဦးရေ | | စစ်တမ်းနမူနာ | | ကျား-မ ချိန်ညှိမှု | |
|---|---|---|---|---|---|---|
| | ကျား % | မ % | ကျား % | မ % | ကျား | မ |
| ရန်ကုန် | ၄၇.၃ | ၅၂.၇ | ၄၀.၈ | ၅၉.၂ | ၁.၁၅၉၇ | ၀.၈၈၉၉ |
| မန္တလေး | ၄၈.၈ | ၅၁.၂ | ၃၇.၃ | ၆၂.၇ | ၁.၃၀၈၆ | ၀.၈၁၆၅ |
| မော်လမြိုင် | ၄၈.၁ | ၅၁.၉ | ၄၁.၄ | ၅၈.၆ | ၁.၁၆၀၈ | ၀.၈၈၆၂ |
| မုံရွာ | ၄၆.၈ | ၅၃.၂ | ၄၂.၀ | ၅၈.၀ | ၁.၁၁၄၀ | ၀.၉၁၇၅ |
| တောင်ကြီး | ၄၇.၉ | ၅၂.၁ | ၃၉.၅ | ၆၀.၅ | ၁.၂၁၃၅ | ၀.၈၆၀၆ |

လူဦးရေ ပါဝင်မှု အချိုးအစားထက် ကြီးမားသောကြောင့် မြို့လူဦးရေနှင့် ချိန်ညှိခြင်းကိုလည်း လုပ်ဆောင်ခဲ့ရသည်။ ထိုသို့ ချိန်ညှိခဲ့ခြင်းကြောင့် ခြုံငုံတွေ့ရှိချက်များသည် မန္တလေးနှင့် ရန်ကုန်ကိုသာ အဓိကအားဖြင့် ကိုယ်စားပြုနေသည်။ မြို့အဆင့်တွေ့ရှိချက်များမှာမူ မြို့အလေးချိန်ညှိခြင်း၏ သက်ရောက်မှု မရှိပါ။

## မေးခွန်းမေးမြန်းသည့် ပုံစံ

အချက်အလက် ကောက်ယူရန်အတွက် ကွန်ပြူတာ ထောက်ကူပြု မေးခွန်းမေးမြန်းခြင်း - computer-assisted personal interviewing (CAPI) ကို အသုံးပြုခဲ့သည်။ မေးခွန်းများကို Sawtooth Software ၏ Lighthouse Studio platform ကို အသုံးပြု၍ မေးခွန်းများကို ရေးသားခဲ့သည်။ ထိုသို့ ရေးသားခဲ့ခြင်းကြောင့် မေးခွန်းအားလုံးကို အင်းဒရွိုက် တက်ဘလက် ထဲသို့ ထည့်သွင်းနိုင်ပြီး မေးခွန်းမေးမြန်းခြင်း အားလုံးတွင် အသုံးပြုခဲ့သည်။ တက်ဘလက် အသုံးပြု၍ မေးခွန်းများကို စီစဉ်ကြီးကြပ်ပြီး မေးခွန်းမေးသူများကို အချက်အလက်များကို ဗဟိုဆာဗာသို့ ထည့်သွင်းခဲ့သည်။ ထို့ကြောင့် အချိန်နှင့် တပြေးညီ အချက်အလက်များကို လွှဲပြောင်းနိုင်ခြင်း ဖြစ်သည်။

တက်ဘလက်တွင် မေးခွန်းများကို အင်္ဂလိပ်-မြန်မာ ဘာသာနှစ်မျိုးဖြင့် ဖော်ပြထားသည်။

## သင်တန်းပေးခြင်းနှင့် အကြိုစမ်းသပ်ခြင်း

မေးခွန်းများကို နောက်ဆုံးအဆင့် တည်းဖြတ်ပြီး တက်ဘလက် အတွင်းသို့ ထည့်သွင်းပြီးသည့်နောက် အာရှဖောင်ဒေးရှင်း၏ အကူအညီဖြင့် Kadence International မှ စစ်တမ်း ကျွမ်းကျင်ပညာရှင် တစ်ဦးက ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ဆောင်မည့် ရန်ကုန် နိုင်ငံရေးသိပ္ပံမှ ကွင်းဆင်းလုပ်ငန်း မန်နေဂျာနှင့် ၎င်း၏ အမြုတေ အဖွဲ့ဝင်များကို သင်တန်းနှစ်ရက် ပေးခဲ့ပါသည်။ သင်တန်းတွင် စစ်တမ်းရည်ရွယ်ချက်၊ နမူနာကောက်ယူမှု လုပ်ငန်းစဉ်၊ အချက်အလက် ကောက်ယူမှု လုပ်ငန်းအခက်အခဲများကို ဖြေရှင်းခြင်း နည်းလမ်းများ စသည့် သင်ခန်းစာများ ပါဝင်ပါသည်။ သင်တန်းပြီးနောက် ရန်ကုန်နိုင်ငံရေး သိပ္ပံအဖွဲ့မှ အနီးအနား တစ်ဝိုက်တွင် စမ်းသပ် မေးမြန်းခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ အကြိုစမ်းသပ်ခြင်းဖြင့် မေးခွန်းမေးမြန်းမှု ကြာချိန်ကို ခန့်မှန်းတွက်ချက်နိုင်ကာ မေးခွန်း မေးမြန်းမည့် အဖွဲ့ဖွဲ့ရာတွင် အလွန်အသုံးဝင်ခဲ့သည်။

## အဖွဲ့ ဖွဲ့စည်းလုပ်ဆောင်ခြင်း

စမ်းသပ်ပြီးနောက် မေးခွန်းမေးမြန်းမှု တစ်ခုသည် တစ်နာရီခန့် ကြာမြင့်နိုင်သည်ဟု ခန့်မှန်းနိုင်ခဲ့သည်။ မေးခွန်းမေးမြန်းသူ တစ်ယောက်သည် တစ်ရက်လျှင် မေးခွန်းမေးမြန်းမှု လေးခုပြုလုပ်နိုင်သည်။ ထို့ကြောင့် တစ်ဖွဲ့လျှင် မေးခွန်းမေးမြန်းသူ လေးယောက်နှင့်



ကြီးကြပ်သူ တစ်ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ တစ်ဖွဲ့လျှင် မေးခွန်းမေးမြန်းမှု ၁၆ ကြိမ် သို့မဟုတ် အဓိက နမူနာယူနစ် နှစ်ခု ပြီးမြောက်နိုင်သည်။ ရန်ကုန်တွင် နမူနာအရွယ်အစား ကြီးမားခြင်းကြောင့် အဖွဲ့ဖွဲ့စည်းမှုသည်လည်း ကွဲပြားခြားနားသည်။ ရန်ကုန်တွင် အဖွဲ့နှစ်ဖွဲ့ဖြင့် မေးခွန်းမေးမြန်းသူ လေးဦးစီနှင့် အသင်းခေါင်းဆောင် တစ်ဦးစီ ပါဝင်ခဲ့သည်။

## အဖွဲ့များကို သင်တန်းပေးခြင်း

မြို့အားလုံးရှိ မေးခွန်းမေးမြန်းသူများနှင့် ကြီးကြပ်သူများသည် ရန်ကုန်နိုင်ငံရေးသိပ္ပံမှ ဦးဆောင်သည့် ရက်အနည်းငယ်ကြာ သင်တန်းကို ရန်ကုန်တွင် တက်ရသည်။ သင်တန်းပြီးနောက် စမ်းသပ်မေးခွန်းမေးခြင်းကို အနီးတစ်ဝိုက်တွင် လုပ်ဆောင်သည်။ ထို့နောက် ၎င်းတို့၏ နားလည်မှုနှင့် မေးခွန်းမေးသည့် အရည်အချင်းကို ပြန်လည်သုံးသပ်ခြင်းကို ပြုလုပ်ခဲ့သည်။

## အရည်အသွေး စစ်ဆေးခြင်း

ကွင်းဆင်းကောက်ယူရာတွင် အရည်အသွေးပြည့်မီသော အချက်အလက်များ ရရှိရန် အရည်အသွေး စစ်ဆေးခြင်း နည်းလမ်းများစွာကို အသုံးပြုခဲ့သည်။

### (၁) အရည်အသွေး ထိန်းချုပ်မှု

*ကောင်းစွာ လေ့ကျင့်ထားသော မေးခွန်းမေးမြန်းသူများ* - မေးခွန်းမေးမြန်း သူများကို စွမ်းဆောင်ရည် ကနဦး စိစစ်ခဲ့ပြီး ၂၀၁၈ လူမှုဘဝနေထိုင်မှု စစ်တမ်း၏ လိုအပ်ချက်နှင့်အညီ သင်တန်းပေးခဲ့ပါသည်။

*ကွင်းဆင်းလုပ်ငန်းတွင် အရည်အသွေး စစ်ဆေးခြင်း*

**အဖော်တွဲဖက်ရှိခြင်း** - မေးခွန်းမေးမြန်းမည့်သူ အားလုံးနှင့် အတူ ကြီးကြပ်မည့်သူ တစ်ဦး ရှိနေခဲ့ပြီး ၎င်း၏ အဖွဲ့သည် မေးခွန်းများမေးမြန်းရာတွင် အဆင်ပြေ ချောမွတ်ခြင်း ရှိမရှိ၊ မေးသင့်သည့် အတိုင်း မေးမြန်းခြင်း ရှိမရှိ နှင့် အဖြေများကို မှန်ကန်စွာ မှတ်သားခြင်း ရှိမရှိ စသည်တို့ကို စောင့်ကြည့် ကြီးကြပ်ခဲ့သည်။

**နေရာဖောက်စစ်ဆေးခြင်း** - မေးခွန်းမေးမြန်းသူသည် နေရာမှန်တွင် လုပ်ဆောင်ရမည့် နည်းလမ်း အတိုင်း ရွေးချယ်ထားသည် ဖြေဆိုမည့်သူကို မေးခွန်းမေးမြန်းခြင်း ရှိမရှိ ကြီးကြပ်သူက မေးမြန်းချိန်အတောအတွင်း၌ပင် ကြိုတင်အသိပေးခြင်းမျိုးမရှိဘဲ သွားရောက်စစ်ဆေးမှု ပြုလုပ်ခဲ့ပါသည်။

**ပြန်လည် စစ်ဆေးခြင်း** - ကြီးကြပ်သူသည် မေးခွန်းမေးမြန်းမှု ပြုလုပ်ပြီးသည့် နေရာများကို သွားရောက်ကာ ထပ်မံ၍ မေးခွန်းအနည်းငယ် မေးခြင်းဖြင့် ၎င်း၏ မေးခွန်းမေးမြန်းခြင်း ပြုလုပ်သူကောင်းစွာ မေးမြန်းမှတ်သားခြင်း ရှိမရှိ စစ်ဆေးခဲ့သည်။

ပြန်လည်စစ်ဆေးခြင်း သို့မဟုတ် ဖုံးဆက်၍ ပြန်လည် စစ်ဆေးခြင်း ပြုလုပ်ခဲ့သော အချက်အလက် များတွင် မှားယွင်းမှတ်သားမှု ၃.၇% ကိုတွေ့ရှိခဲ့ပါသည်။

မှားယွင်းမှု အများစုမှာ ပညာရေးအဆင့် သို့မဟုတ် အိမ်ထောင်စု အချက်အလက် စသည့် လူဦးရေ အကြောင်းအရာများ ဖြစ်သည်။ အရည်အသွေး စစ်ဆေးမှုများအရ နမူနာကောက်ယူခြင်း လုပ်ငန်းစဉ်စနစ် မှားယွင်းခြင်းမျိုး ကို မတွေ့ရပါ။

### (၂) အရည်အသွေး စိစစ်မှု

*မေးခွန်းမေးမြန်းခြင်း အခြေအနေကို အချိန်နှင့် တစ်ပြေးညီ စစ်ဆေးခြင်း*

မေးခွန်းမေးမြန်းမှုများကို တစ်ရက်တည်းမှာပင် မှတ်တမ်းတင်သွင်းခဲ့ခြင်းကြောင့် အရည်အသွေး ထိန်းချုပ်သည့် အနေဖြင့် မေးခွန်းမေးမြန်းမှုကြာချိန် နှင့် မေးမြန်းခဲ့သည့် အချိန် (စချိန်/ဆုံးချိန်) တို့ကို ပုံမှန်စစ်ဆေးခဲ့သည်။ တက်ဘလက် အသုံးပြုခြင်းကြောင့် မေးခွန်းမေးမြန်းမှုကြာချိန် နှင့် တည်နေရာ တို့ကို သီးခြား အဖွဲ့တစ်ခုဖြင့် စစ်ဆေးနိုင်သည်။ အကယ်၍ မေးခွန်းမေးမြန်းမှုသည် မိနစ် အနည်းငယ်သာ ကြာပါက မှားယွင်းမှု လက္ခဏာ ဖြစ်ပြီး ထပ်မံ၍ စစ်ဆေးရမည် ဖြစ်သည်။ အဖွဲ့တစ်ခုက မေးခွန်းမေးမြန်းမှု မှားယွင်းသည့် လက္ခဏာ တို့ကို ခြေရာခံနေပြီး ထူးခြားမှု တစ်ခုခု ပေါ်ပေါက်လာပါက ရန်ကုန် နိုင်ငံရေး သိပ္ပံကို အကြောင်းကြားခဲ့သည်။

*ဖုန်းဆက်၍ ပြန်လည်စစ်ဆေးခြင်း*

စစ်တမ်းကို ကောင်းမွန်စွာ ကောက်ယူခြင်း ရှိမရှိ အချို့ နမူနာ များကို ရန်ကုန် နိုင်ငံရေးသိပ္ပံမှ ဖုန်းဆက်၍ ပြန်လည် စစ်ဆေးခြင်း ပြုလုပ်ခဲ့ပါသည်။ ဖုန်းနံပါတ် ပေးထားသော ဖြေဆိုသူများကို ကျပန်းရွေးချယ်၍ ခေါ်ဆိုခြင်း ဖြစ်သည်။ ဖုန်းခေါ်ဆိုရာတွင် စစ်တမ်းမှ မေးခွန်းအချို့ကို ပြန်လည်မေးမြန်းခဲ့ပြီး အဖြေများသည် ကနဦး ရေးသွင်း ထားသော အချက်အလက်များနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

| | ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး |
|---|---|---|---|---|---|
| နေရာစစ်ဆေးခြင်း/အဖော်လိုက်ပါခြင်း | ၁၅၅ | ၁၀၉ | ၈၅ | ၁၀၁ | ၇၈ |
| ပြန်လည်စစ်ဆေးခြင်း | ၅၆ | - | - | - | - |
| ဖုန်းဆက်၍ ပြန်လည်စစ်ဆေးခြင်း | ၁၀၃ | ၅၁ | ၅၀ | ၅၀ | ၅၂ |
| စုစုပေါင်း စစ်ဆေးခဲ့သော မေးမြန်းခြင်းများ | ၃၁၄ | ၁၆၀ | ၁၃၅ | ၁၅၁ | ၁၃၀ |

# နောက်ဆက်တွဲ ၂။ စစ်တမ်းဖြေဆိုသူများ၏ အချက်အလက်

ဤနမူနာစစ်တမ်းတွင် အမျိုးသမီးအချိုးမှာ အမျိုးသားထက်ပိုများသည်။ ၆၀% **မှာ အမျိုးသမီးများဖြစ်သည်**။ အကြိမ်ကြိမ် စစ်ဆေးမှုများပြုလုပ်ပြီး နောက်တွင်မှ ဤသည်မှာ နမူနာအမှားမဟုတ်ပါ။ ၂၀၁၄ သန်းခေါင်စာရင်းအရ အကြမ်းဖျင်းအားဖြင့် အမျိုးသမီး ၅၄% နှင့် အမျိုးသား ၄၆% ရှိပါသည်။

ဤနမူနာစစ်တမ်းတွင် အသက် ၁၈နှစ်ပြည့်သူများသာ ပါဝင်ပြီး အများစုမှာ အသက် ၃၆ နှစ်ထက် ကြီးသူများဖြစ်သည်။ **ပျမ်းမျှ အသက်မှာ** ၄၅ နှစ် ဖြစ်သည်။ အသက်အကြီးဆုံး ဖြေဆိုသူမှာ ၉၉ နှစ် ဖြစ်သည်။

## ကျား-မ




## အသက်အရွယ်



မြို့တိုင်းရှိဖြေဆိုသူအများစုသည် အိမ်ထောင်သည်များဖြစ်ကြသည်။ နမူနာစစ်တမ်းတစ်ခုလုံး၏ ၆၆% သောဖြေဆိုသူများတွင် **အသက် ၁၈ နှစ်အောက်ငယ်သော ကလေးငယ်တစ်ဦး အနည်းဆုံး**ရှိကြသည်။

ဖြေဆိုသူ ၅၄% သည် **အထက်တန်းကျောင်းပညာအောက်ပညာရေး ရှိ**သူများဖြစ်သည်။တောင်ကြီးနှင့် ရန်ကုန်မြို့များတွင် အထက်တန်းကျောင်းပညာနှင့် ပိုမြင့်သောပညာရေးရှိသော ဖြေဆိုသူရာနှုန်းများပြီး မော်လမြိုင်မြို့တွင် အထက်တန်းကျောင်း ပညာရှိသော ဖြေဆိုသူရာနှုန်း အနိမ့်ဆုံးဖြစ်သည်။

## အိမ်ထောင်ရေး အနေအထား




## အထက်တန်းကျောင်းပညာအောက်ပညာရေးရှိသော ဖြေဆိုသူရာနှုန်း




အကြမ်းဖျင်းအားဖြင့် နမူနာစစ်တမ်း၏ မြို့ငါးမြို့ရှိ ဖြေဆိုသူ ၄၂% သည်အိမ်အလုပ်အပြင် အခြားအလုပ် မလုပ်ဖူးပါဟုဖြေဆိုခဲ့သည်။
အိမ်အလုပ်အပြင် အခြားအလုပ်မလုပ်ဖူးပါဟု ဖြေဆိုသူများ၏ ၉၂% မှာ အလုပ်ရှာမနေပါ။
အလုပ်လက်မဲ့နှုန်းမှာ ၃.၆% ဖြစ်ပါသည်။
အကြမ်းဖျင်းအားဖြင့် နမူနာစစ်တမ်း၏ ၃၈% သည် အချိန်ပြည့်အလုပ်ရှိသူများဖြစ်သည်။

အချိန်ပြည့် အလုပ်လုပ်သူများ အချိုးသည် မြို့များအကြား ကွဲပြားသည်။တောင်ကြီးမြို့တွင်ဖြေဆိုသူ ၅၀% မှာ အချိန်ပြည့် အလုပ်လုပ်သူများ ဖြစ်သော်လည်း ရန်ကုန်မြို့တွင်မူ ဖြေဆိုသူ ၃၅% မှသာ အချိန်ပြည့် အလုပ်လုပ် သည်ဟု ဖြေဆိုခဲ့သည်။ နမူနာစစ်တမ်း တစ်ခုလုံးတွင် အမျိုးသမီး ၅၅% အလုပ်မလုပ်ပါ (အိမ်အလုပ်အပြင်)ဟု ဖြေဆိုခဲ့ပြီး ၃% မှသာ အလုပ်ရှာနေသည်ဟု ဖြေဆိုခဲ့သည်။

စစ်တမ်းရလဒ်များအရ တောင်ကြီးမြို့တွင် အလုပ်သမားဈေးကွက်မှာ အားကောင်းကြောင်းတွေ့ရသည်။ ၁% အောက် အမျိုးသား အလုပ်လက်မဲ့နှုန်းသာရှိပြီး မြို့ငါးမြို့အနက် အမျိုးသား၊အမျိုးသမီး အလုပ်ရရှိ နှုန်းအမြင့်ဆုံးမြို့ဖြစ်သည်။

ဖြေဆိုသူများအား ဝင်ငွေပမာဏခြောက်ခု ကိုရွေးချယ်ဖြေဆိုရန် မေးမြန်းခဲ့သည်။ရန်ကုန်မြို့သည် လွန်ခဲ့သော လတွင် ဝင်ငွေ ၅၅၀၀၀၀ ကျပ်ထက် ပို၍ဝင်ခဲ့သည်ဟု ဖြေဆိုသူ ၁၂% ဖြင့် အမြင့်ဆုံးအချိုးရှိခဲ့သည်။တောင် ကြီးမြို့သည် လွန်ခဲ့သောလတွင် ဝင်ငွေ ၁၅၀၀၀၀ ကျပ်အောက် လျော့နည်း၍ ဝင်ခဲ့သည်ဟု ဖြေဆိုသူ ၁၃% ဖြင့် အနိမ့်ဆုံးရာနှုန်းဖြစ်သည်။ ဝင်ငွေပမာဏသည် ပညာရေးအလိုက် သိသာစွာကွဲပြားသွားသည်။ ရန်ကုန်မြို့မှ ရိုးရိုးဘွဲ့ဒီဂရီထက် သာလွန်သော ပညာရေးရှိသူ ဖြေဆိုသူ ၃၅% မှာ တစ်လဝင်ငွေ ၅၅၀၀၀၀ ကျပ်ထက်ပိုရရှိ ပြီး အတန်းပညာမရှိသော ဖြေဆိုသူ ၁၇% သာလျှင်ဤဝင်ငွေပမာဏကို ရရှိသည်။ပညာရေးအမြင့်ဆုံးရှိသူ များနှင့် အနိမ့်ဆုံးရှိသူများကြားကွာဟမှုမှာ အခြားသောနေရာများတွင် ပို၍သိသာထင်ရှားသည်။

## စီးပွားရေး အချက်အလက်

| | အလုပ်လုပ်နေသည် | | အလုပ် မလုပ်ပါ | | အလုပ်လက်မဲ့နှုန်း | | အိမ်ထောင်စုရှိ အလုပ်လုပ်သူ ဦးရေ (ပျမ်းမျှ) | ပျမ်းမျှဝင်ငွေ |
|---|---|---|---|---|---|---|---|---|
| | အမျိုးသမီး | အမျိုးသား | အမျိုးသမီး | အမျိုးသား | အမျိုးသမီး | အမျိုးသား | | |
| ရန်ကုန် | ၄၂% | ၇၁% | ၅၈% | ၂၉% | ၄% | ၄% | ၁.၉ | ၃၅၀-၄၅၀,၀၀၀ ကျပ် |
| မန္တလေး | ၅၁% | ၇၅% | ၄၉% | ၂၅% | ၁% | ၅% | ၂.၁ | ၃၅၀-၄၅၀,၀၀၀ ကျပ် |
| မော်လမြိုင် | ၄၈% | ၇၉% | ၅၂% | ၂၁% | <၁% | ၂% | ၂ | ၂၅၀-၃၅၀,၀၀၀ ကျပ် |
| မုံရွာ | ၅၅% | ၇၆% | ၄၅% | ၂၄% | ၁% | ၁% | ၂.၂ | ၂၅၀-၃၅၀,၀၀၀ ကျပ် |
| တောင်ကြီး | ၆၁% | ၈၀% | ၃၉% | ၂၀% | ၁% | <၁% | ၂ | ၂၅၀-၃၅၀,၀၀၀ ကျပ် |

## အလုပ်အကိုင် အချက်အလက်



နမူနာစစ်တမ်းဖြေဆိုသူ ၁၄% မှာ ၎င်းတို့နေထိုင်ရာမြို့တွင် ၁၀ နှစ်နီးပါးနေထိုင်ခဲ့ကြသူများဖြစ်ပြီး ၈% မှာ ငါးနှစ်အောက် နေထိုင်သူများဖြစ်သည်။ရန်ကုန်မြို့မှ ဖြေဆိုသူများမှာ ၁၀နှစ်အောက်မြို့တွင်နေထိုင်မှုရာနှုန်း ၂၁% ဖြင့် အမြင့်ဆုံးဖြစ်သည်။ တောင်ကြီးနှင့်မော်လမြိုင်မြို့များတွင် ၈% သာရှိသည်။

ဖြေဆိုသူ ၅၄% သည် အိမ်ထောင်စုတစ်စုလုံး၏ကိစ္စရပ်များကို စီမံခန့်ခွဲပြီး ဆုံးဖြတ်ချက်ချနိုင်သော အိမ်ထောင်ဦးစီးများဖြစ်သည်။ အမျိုးသားအိမ်ထောင်ဦးစီး ၇၁% ရှိပြီး အမျိုးသမီးအိမ်ထောင်ဦးစီး ၃၉% ဖြစ်သည်။ အမျိုးသမီးအိမ်ထောင်ဦးစီးများသည် အိမ်ထောင်ဦးစီးမဟုတ်သော အမျိုးသမီးများထက် အလုပ်အကိုင်ရှိသူများဖြစ်မနေချေ။ ထို့ပြင် အမျိုးသား အိမ်တောင်ဦးစီးများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီး အိမ်ထောင်ဦးစီးများက အလုပ်အကိုင်မရှိခြင်းပိုများသည်။ မန္တလေးမြို့သည် အမျိုးသမီးအိမ်ထောင်ဦးစီးရာနှုန်း ၄၅% ဖြင့် အချိုးအများဆုံးဖြစ်သည်။ အခြားသောမြို့များတွင် အမျိုးသမီးအိမ်ထောင်ဦးစီးရာနှုန်းမှာ ၄၀% ထက်မကျော်ပါ။

## အချိန်ခွဲဝေခြင်း

အောက်ဖော်ပြပါဇယားသည် မြို့တစ်မြို့စီမှ ဖြေဆိုသူများ၊ယင်းဖြေဆိုသူ အမျိုးသား အမျိုးသမီးများအနေဖြင့်နေ့ တိုင်း လုပ်ဆောင်ချက်တစ်ခုအပေါ် အချိန်မည်မျှ အသုံးပြုသည်ကို ဖော်ပြထားခြင်းဖြစ်သည်။အမျိုးသားများ သည် အမျိုးသမီးများထက် အလုပ်လုပ်ခြင်းနှင့်သွားလာခြင်းတို့တွင် အချိန်ပိုကုန်ကြသည်။အမျိုးသမီးများမှာ အိမ်မှုကိစ္စများပြုလုပ်ခြင်းနှင့် ကလေး၊အသက်ကြီးသူများကို စောင့်ရှောက်ခြင်းများတွင် အချိန်များစွာပေးထား ကြသည်။

| | ရန်ကုန် | မန္တလေး | မော်လမြိုင် | မုံရွာ | တောင်ကြီး | အမျိုးသား | အမျိုးသမီး |
|---|---|---|---|---|---|---|---|
| ဝင်ငွေရရန် အလုပ်လုပ်ခြင်း | ၄.၄ | ၄.၉ | ၄.၈ | ၅.၁ | ၆.၁ | ၅.၇ | ၃.၅ |
| အိမ်မှုကိစ္စများ | ၂.၅ | ၂.၀ | ၂.၃ | ၂.၄ | ၂.၃ | ၁.၄ | ၃.၃ |
| ကလေး(သို့)အသက်ကြီးသူအား ကြည့်ရှုစောင့်ရှောက်ခြင်း | ၁.၁ | ၂.၀ | ၁.၈ | ၁.၅ | ၁.၅ | ၀.၉ | ၁.၇ |
| အားလပ်ချိန် | ၃.၉ | ၃.၂ | ၃.၉ | ၃.၃ | ၃.၁ | ၃.၈ | ၃.၇ |
| အိပ်ချိန် | ၇.၆ | ၇.၇ | ၇.၅ | ၇.၇ | ၇.၄ | ၇.၆ | ၇.၇ |
| လုပ်အားပေးခြင်း | ၀.၅ | ၀.၇ | ၁.၅ | ၀.၄ | ၁.၅ | ၀.၇ | ၀.၅ |
| ခရီးသွားလာခြင်း | ၀.၇ | ၁.၀ | ၁.၃ | ၀.၅ | ၁.၃ | ၀.၉ | ၀.၇ |

# နောက်ဆက်တွဲ ၃။ ၂၀၁၈ မြို့ပြလူနေမှုဘဝစစ်တမ်း မေးခွန်းလွှာ

| စဉ် | မေးခွန်း | ရွေးချယ်ရန် အဖြေ |
|---|---|---|
| A ၁၂ | ဖြေဆိုသူ၏ အိမ်သည် မည်သည့်တို့ဖြင့်တည်ဆောက်ထားသနည်း။ | ဝါး/ ထရံကာ<br>သစ်<br>အုတ်<br>အုတ် - အထပ်မြင့်<br>ကွန်ကရစ် |
| A ၁၄ | ဤအိမ်မှာ လူဘယ်နှစ်ယောက်နေပါသလဲ | အိမ်သားများ ________ ဦး |
| A ၁၅ | ဤအိမ်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ ဘယ်နှစ်ယောက်ရှိပါသလဲ | ၁၈ နှစ်နှင့်အထက် ________ ဦး |
| A ၁၆ | အိမ်ထောင်စု စာရင်းကို ဖြည့်ပါ။ (ဖြေဆိုသူအား အသက်၁၈နှစ်အထက်အိမ်သားအားလုံးကို ကြီးစဉ်ငယ်လိုက် အမည်၊ အသက်နှင့် လိင်တို့ကို ဖြေဆိုခိုင်းပါ။) | နာမည် မှတ်သားပါ<br>အသက်<br>လိင် |
| ၁ | အသက်ဘယ်လောက်ရှိပါပြီလဲ။ | _______ နှစ်<br>မဖြေကြားလိုပါ။ |
| ၂ | သင့်အနေဖြင့် အိမ်ထောင်ဦးစီးဟုခံယူပါသလား။<br>(အိမ်ထောင်ဦးစီးဆိုသည်မှာ အိမ်၏စီမံခန့်ခွဲမှုများကို အများအားဖြင့် တာဝန်ယူထားသူဖြစ်ပြီး အိမ်ထောင်စု၏ ကိုယ်စား ဆုံးဖြတ်ချက်ချသူကို ဆိုလိုသည်။ | ခံယူထားပါသည်။<br>ခံယူထားခြင်းမရှိပါ။ |
| ၃ | လိင် | ကျား<br>မ<br>ကြားလိင် |
| ၃(က) | အိမ်ထောင်ရှိ/မရှိ | လူပျို/အပျို<br>အိမ်ထောင်ရှိ<br>ကွာရှင်း/ခွဲနေ<br>အိမ်ထောင်ဖက် သေဆုံး<br>အခြား |
| ၄ | လူမျိုး | OPEN ENDED |
| ၅ | အောက်ပါတို့မှ မည်သည့်သည် သင်ကိုးကွယ်သော ဘာသာကို အနီးစပ်ဆုံးဖော်ပြသနည်း။ (အဖြေများကို ဖတ်ပြပါ) | ဗုဒ္ဓဘာသာ<br>ခရစ်ယာန်<br>အစ္စလာမ်<br>ဟိန္ဒူ<br>အခြား<br>ဘာသာမဲ့ (ဖတ်မပြပါနှင့်)<br>မဖြေကြားလိုပါ (ဖတ်မပြပါနှင့်) |
| ၆ | သင်ပြီးမြောက်ခဲ့သော အမြင့်ဆုံးအတန်းပညာမှာ- | ဘွဲ့လွန်တက်ရောက်ဆဲ/ဘွဲ့ရပြီး<br>တက္ကသိုလ်တက်ရောက်ဆဲ/ဘွဲ့ရပြီး<br>အထက်တန်းအောင်<br>အလယ်တန်းအောင်<br>မူလတန်းအောင်<br>အတန်းပညာမသင်ကြားဖူးပါ<br>မဖြေကြားလိုပါ |

| | | |
|---|---|---|
